မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**မိမိပြုဖွယ် အမှုကိစ္စ**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရားခွဲတည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ-၂၁၇)

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက် | ၂၀၂၁ ခုနှစ်၊ မေ ၁၁ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၀)၊ အမှတ် (၂၂၀)

# စာသင်ကျောင်းများ ပြန်လည်မဖွင့်လှစ်နိုင်ရေး နှောင့်ယှက်ဆောင်ရွက်နေမှုများသည် တိုင်းပြည်ဖျက်နေသည့် လုပ်ရပ်ဖြစ်ပြီး ဆိုးရွားသော လုပ်ဆောင်ချက်ဖြစ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၀/၂၀၂၁) တွင် အမှာစကားပြောကြားစဉ်။
သတင်းစဉ်

**နေပြည်တော် မေ ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၀/၂၀၂၁)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာ ဗညားအောင်မိုး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးရွှေကြိမ်း၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးတို့ တက်ရောက်ကြသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် **မိမိတို့သည် ကြားကာလတာဝန်ယူသည့် အဖွဲ့အစည်းတစ်ခုဖြစ်သဖြင့် အချိန်တိုအတွင်း အကောင်အထည်ဖော် ဆောင်ရွက်၍ ရသည်များကို နိုင်ငံအတွက် ကျယ်ကျယ်ပြန့်ပြန့် ဦးစားပေး စဉ်းစားဆောင်ရွက်ကြစေလိုကြောင်း၊ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်အပေါ်တွင် အခြေခံပြီးဆောင်ရွက်ရန်ဖြစ်ကြောင်း၊** မဲစာရင်းများယွင်းမှုများနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့်ပြည်နယ် နှစ်ခုတွင် စစ်ဆေးဆောင်ရွက်ပြီးဖြစ်ပြီး မဲမသမာမှုများနှင့် အရေးယူဆောင်ရွက်မည့် အခြေအနေများအား နိုင်ငံသို့ အသိပေးသွားမည်ဖြစ်ကြောင်း။

COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်ပြီး ကမ္ဘာပေါ်တွင် ကူးစက်မှုနှုန်းများ

*စာမျက်နှာ ၃ ကော်လံ ၁ ➜*

## ❖ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် SME နှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးရန်လိုပြီး ထုတ်ကုန်များအား သမဝါယမစနစ်ဖြင့် တိုက်ရိုက်ရောင်းချနိုင်ခြင်းဖြင့် ကုန်ထုတ်လုပ်သူများအတွက် အကျိုးများစွာ ဖြစ်ထွန်းစေမည်ဖြစ်

**ပညာလိုလား အမျိုးကောင်းသားတို့ မှတ်သားဖွယ်ရာ ငါးဖြာသောလက္ခဏာ**

*ဆောင်းပါး* (စာ- ၆)

**ဂျပန်နိုင်ငံ၌ ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများအတွက် ကာကွယ်ဆေး ပေးပို့မှု လုပ်ဆောင်ချက်ပြီးစီးတော့မည်**

*နိုင်ငံတကာသတင်း* (စာ- ၁၃)

**အိုလံပစ်အားကစားပြိုင်ပွဲကြီးမတိုင်မီ ဂျပန်နိုင်ငံမှာ ကိုဗစ်- ၁၉ အရေးပေါ် အခြေအနေကို ထပ်မံတိုးချဲ့**

*နိုင်ငံတကာရေးရာ* (စာ- ၁၄)

မြန်မာ့အလင်း

# ဆီ၊ ဆီ၊ ဆီ

ယနေ့မြန်မာတို့ ဆီစားသုံးမှုများနေသည်ဟု စာရင်းဇယားများက ဆိုသည်။ များသည်ဟုဆိုရာတွင် လူတစ်ဦးချင်းစီအတွက် ကျန်းမာရေးအရ စားသုံးသင့်သည်ထက် ပို၍ များစွာစားသုံးနေကြခြင်းဖြစ်သည်ဟု ဆိုသည်။ ကျန်းမာရေးနှင့်ညီညွတ်စေရန်အတွက် လူတစ်ဦး တစ်နေ့လျှင်လက်ဖက်ရည်ဇွန်း ခြောက်ဇွန်း၊ အလေးချိန်အားဖြင့် (၁ ဒသမ ၈)ကျပ်သားနှုန်းဖြင့် တစ်လလျှင် ၅၄ ကျပ်သားခန့်သာ စားသင့်သည်ဟု ကျန်းမာရေးပညာရှင်များက အဆိုပြုထားသည်။ သို့ရာတွင် မြန်မာလူမျိုးတို့၏ လက်ရှိ ဆီစားနှုန်းမှာ လူတစ်ဦး တစ်နေ့လျှင် ၂ ဒသမ ၂၅ ကျပ်သားနှုန်းဖြင့် တစ်လလျှင် ၆၈ ကျပ်သားခန့် စားသုံးနေကြကြောင်း ပြည်တွင်း ဆီထုတ်လုပ်မှုနှင့်ပြည်ပမှ ဆီတင်သွင်းမှုပမာဏများအရ တွက်ချက်ခန့်မှန်းထားသည်ကိုလည်း တွေ့ရသည်။

မြန်မာတို့၏ မူလရိုးရာ ချက်ပြုတ်စားသောက်နေသည့် ဟင်းလျာများတွင် ဆီအလွန်အကျွံသုံးစွဲမှုများ မပါ။ မြန်မာဟုဆိုရာတွင် တောင်ပေါ်သား၊ မြေပြန့်သား၊ ကမ်းရိုးတန်းသား စသည်တို့၏ နေ့စဉ်စားသုံးမှုပုံစံများကို လေ့လာလျှင် သာမန်အားဖြင့် ဆီအများအပြားသုံးစွဲ၍ ချက်ပြုတ်ခဲ့ခြင်းမဟုတ်သည်ကို တွေ့ရှိနိုင်သည်။ "ကောက်လျှင်ကြီးဆန်၊ နီတာလန်နှင့်၊ ငါးသန်သေးနုပ်၊ ရေလုံ့ပြုတ်ကို ..." ဟူသော အရေးအဖွဲ့၊ "အကျွန်ကျွန်ုပ်၊ ယုန်တစ်ထုပ်ကို၊ ခွာဆုတ်ရေလှန်၊ ကြပ်ခိုးခံ၍၊ ပရန္နဝါ၊ ရွက်နုညှာကို၊ ဝါးပြာထည့်ကျို..." ဟူသော အရေးအဖွဲ့များမှ ဆင်းရဲသားတို့၏ ဟင်းချက်နည်းများတွင်လည်း ဆီတစ်စက်မျှပင်ပါပုံမရ။ စလေဦးပုညနှင့် ဝန်စာရေးဦးကြီးတို့ခေတ် ရပ်ထဲရွာထဲနေထိုင်သူတို့သာမန်အားဖြင့် ဤသို့ပင် ချက်ပြုတ်စားသောက်ခဲ့ကြပုံရသည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းတို့၏ ရိုးရာဓလေ့အရ နိစ္စဓူဝ စားသုံးမှုပုံစံများတွင်လည်း ဆီအများအပြား သုံးစွဲမှု မပါ။ သို့ရာတွင် ယနေ့ကာလ မြန်မာလူမျိုးတို့၏ ဆီစားသုံးမှုမှာ ပတ်ဝန်းကျင်နိုင်ငံများထက်လည်း များပြားနေပြီဖြစ်သည်ဟု ဆိုနေပြီဖြစ်သည်။

စင်စစ်အားဖြင့် ဆီသည် သင့်ရုံသာ စားအပ်သည့်အရာဖြစ်သည်။ ပညာရှင်တို့၏အလိုအရမူ ဆီသုံးမျိုးရှိရာ မပြည့်ဝဆီအမျိုးအစား- မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ ငါးမှ ရသော အဆီတို့ကို စားသုံးနိုင်သည်။ သို့ရာတွင် တတ်နိုင်သမျှ လျှော့စား။ ပြည့်ဝဆီ အမျိုးအစား- စားအုန်းဆီ၊ တိရစ္ဆာန်အဆီများကိုမူ အသင့်အတင့်မျှသာစား။ ဖြစ်နိုင်လျှင်မစားနှင့်။ အသွင်ပြောင်းဆီ အမျိုးအစား- စမူဆာ၊ အီကြာကွေး၊ အာလူးကြော်၊ ငါးမုန့်ကြော်၊ ကြက်ကြော်၊ ပဲကပ်ကြော်၊ ပလာတာ၊ ကိတ်မုန့် စသည့် အသင့်စား အစားအစာများမှ ဆီများမှာမူ လုံးဝမစားသင့်ဟူ၍ လမ်းညွှန်တိုက်တွန်းထားသည်။ ကြွပ်ကြွပ်ကြော်ထားသည့် ဆီကြော်အစားအစာများက အရသာအားဖြင့် ဆွဲဆောင်သလောက် ရေရှည်မှာ အန္တရာယ်ပြုနိုင်သည်။ ၎င်းအစားအစာများက ခေတ်စားပြီး မြို့ပြလူနေမှုပုံစံတွင် တိုးတက်များပြားလာနေသည်ကိုလည်း တွေ့ရသည်။ ကြွပ်ကြွပ်ရွရွ ဆီကြော်စားစရာများအားလုံးမှာ အသွင်ပြောင်းဆီနှင့် ကယ်လိုရီပါဝင်မှုများပြားသည့်အတွက် ရေရှည်တွင် နှလုံးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ ဆီးချိုအမျိုးအစား (၂) ရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ရောဂါ၊ ကင်ဆာရောဂါ၊ အသည်းအဆီဖုံးရောဂါနှင့် လေဖြတ်ခြင်း စသည့်ရောဂါများက မဖိတ်ခေါ်ပါဘဲနှင့် မိမိခန္ဓာကိုယ်ထဲသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိနေလိမ့်မည်ဖြစ်သည်။

မြန်မာတို့ တစ်နှစ်လျှင် ဆီတန်ချိန် တစ်သန်းကျော် စားနေကြသည့်အတွက် လိုအပ်ချက်အရ တစ်လလျှင် ဆီတန်ချိန် ၇၀၀၀၀ ကျော် ပြည်ပမှ တင်သွင်းနေရသည်။ ယခုအခါ ကိုဗစ်-၁၉ ကို အကြောင်းပြု၍ ပြည်ပဆီဈေးနှုန်းမှာလည်း ယခင်ထက် နှစ်ဆခန့်တက်လာခဲ့ပြီဖြစ်ရာ ဈေးကြီးကြီးပေး၍ ရောဂါဝယ်ယူသကဲ့သို့မဖြစ်စေရန် လူတိုင်းဆီစားသုံးမှု လျှော့ကြဖို့လိုသည်။ ဟင်းချက်နည်းများ ပြောင်းသလို ဟင်းလျာပုံစံများလည်း ပြောင်းလဲရန်၊ ဆီနည်းနည်းနှင့် အရသာရှိရှိ ဟင်းချက်နည်းများကို ပြင်ဆင်ချက်ပြုတ်စားသုံးခြင်းဖြင့် အာဟာရပြည့်ဝပြီး ကျန်းမာခြင်းသုခနှင့် ပြည့်စုံနိုင်ရန် အကျိုးမျှော်ကာ တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


ပညာရေးဝန်ကြီးဌာန

၂၀၂၁-၂၀၂၂ ပညာသင်နှစ်

"ကျောင်းနေအရွယ်ကလေးအားလုံး

ပညာသင်ယူခွင့်ရရှိဖို့ ကျောင်းအပ်နှံကြပါစို့"

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၁ ခုနှစ်၊ မေလ(၂၄)ရက်မှ (၃၁)ရက်ထိ

ပညာရေးဝန်ကြီးဌာန

"၂၀၂၁-၂၀၂၂ ပညာသင်နှစ်"

အသိပေးကြေညာချက်

❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း(KG) သို့ အပ်နှံရန်။

❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade-1) သို့ အပ်နှံရန်။

ကျောင်းအပ်နှံရာတွင်

❖ မည်သည့်အခကြေးငွေမျှ ကောက်ခံမှုမရှိပါ။

❖ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ဘောပင်/ခဲတံ၊ Mask ၊ Face Shield တို့ကို နိုင်ငံတော်မှ အခမဲ့ထောက်ပံ့ပါသည်။


## နိကာယ်စာမေးပွဲ ကျင်းပမည်

နေပြည်တော် မေ ၁၀

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် သာသနာရေးဦးစီးဌာနက ကျင်းပသော ၂၀၂၁ ခုနှစ် နိကာယ်စာမေးပွဲကို ၁၃၈၃ ခုနှစ် နယုန်လဆန်း ၁၂ ရက်မှ နယုန်လပြည့်ကျော် ၁ ရက်အထိ (၂၀၂၁ ခုနှစ် ဇွန် ၂၁ ရက်မှ ဇွန်လ ၂၅ ရက်အထိ) ၅ ရက်တိုင်တိုင် သတ်မှတ်ထားသည့် စာဖြေဌာနများ၌ တစ်ပြိုင်နက်တည်း ကျင်းပမည်ဖြစ်ပါသဖြင့် ဖြေဆိုရမည့် ကျမ်းစာအလိုက် သတ်မှတ်ထားသောရက်အတိုင်း နေ့စဉ် မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ ဖြေဆိုခွင့်ပြုမည်ဖြစ်သည်။

စာမေးပွဲ အချိန်စာရင်းများကို သက်ဆိုင်ရာမြို့နယ်သံဃနာယက အဖွဲ့ရုံးများသို့ ဆက်လက် ပေးပို့သွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား Covid- 19 ရောဂါ ကာကွယ်ဆေးထိုးနှံ

နေပြည်တော် မေ ၁၀

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက်(၆၅)နှစ်အထက် သက်ကြီး ဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများကို တပ်မတော် လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့၊ ရွှေညောင်မြို့၊ ကလောမြို့၊ ဟိုပုံးမြို့၊ ဆီဆိုင်မြို့၊ ပင်လောင်းမြို့၊ ပင်းတယမြို့၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ဘောလခဲမြို့နှင့် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်များအတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများအား သတ်မှတ်နေရာအသီးသီး၌ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် အတူပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးပေးပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ❑ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မိမိတို့နိုင်ငံ၏ အားကစားအဆင့်အတန်း မြင့်မားလာစေရန် အားကစားသမားများအတွက် ကြံ့ခိုင်ရေးနည်းပြများနှင့် အားကစားစနစ်နည်းပြများ ခန့်အပ်ပြီး လေ့ကျင့်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိ

❍ *ရှေ့ဖုံးမှ*

မြင့်တက်လျက်ရှိသော်လည်း မိမိတို့နိုင်ငံတွင် ကူးစက်မှုနှုန်းအနေဖြင့် ယခုအခါ မေ ၁ ရက်မှစ၍ ဆေးစစ်နိုင်မှုအရေအတွက်၏ ၁ ရာခိုင်နှုန်းမှ ၂ ရာခိုင်နှုန်းခန့်သာရှိကြောင်း၊ သို့သော် အိမ်နီးချင်းနိုင်ငံများတွင် ကူးစက်မှုနှုန်းမြင့်တက်လျက်ရှိသဖြင့် မိမိတို့နိုင်ငံအနေဖြင့်လည်း သတိထားဆောင်ရွက်ရမည်ဖြစ်ပြီး **COVID–19 နှင့်ပတ်သက်၍ ထုတ်ပြန်ထားသည့် အချို့ စည်းကမ်းချက်များကို လျှော့ပေါ့ပေး၍ မရသေး**ကြောင်း၊ COVID–19 ကာကွယ်ဆေးထိုးနှံမှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ၁ သန်း ၉ သိန်းကျော် ထိုးနှံပြီးဖြစ်ကြောင်း၊ ကာကွယ်ဆေးများ ဆက်လက်ဝယ်ယူရရှိနိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ တက္ကသိုလ်၊ ကောလိပ်များ ပြန်လည်ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး Social Distancing ကိုလည်း COVID–19 စည်းကမ်းအတိုင်း စံနမူနာပြ ဆောင်ရွက်သွားမည်ဆိုပါက COVID–19 ကာကွယ်ရေးအတွက်လည်း အထောက်အကူပြုမည်ဖြစ်ကြောင်း၊ တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ၊ ဆရာမများနှင့် ပညာသင်ကြားလျက် ရှိသည့် ကျောင်းသား၊ ကျောင်းသူများကိုလည်း COVID–19 ကာကွယ်ဆေး ထိုးနှံပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

### သုတေသနပြု စီမံဆောင်ရွက်

မိမိတို့နိုင်ငံတွင် COVID–19 ကြောင့် လုပ်ငန်းများ ရပ်တန့်ခဲ့ရပြီး စီးပွားရေးနှင့် ပညာရေးတွင် ထိခိုက်ဆုံးရှုံးမှုများရှိခဲ့ကြောင်း၊ COVID–19 ကြောင့် ကျဆင်းနေသည့် စီးပွားရေးအား ပြန်လည်ကုစားရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ ဖေဖော်ဝါရီလ ဆန်းပိုင်းမှစ၍ ကောလာဟလများ ထုတ်လွှင့်ပြီး ဆန္ဒပြမှုများမှတစ်ဆင့် အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်သည်အထိ ပြုလုပ်လာကြကြောင်း၊ **ယခုနောက်ပိုင်း ဆူပူမှုများ အရှိန်ကျလာသော်လည်း ဘဏ်များထိခိုက်အောင် နိုင်ငံရေးအရ ဆောင်ရွက်လာသည်များရှိသဖြင့် မိမိတို့အနေဖြင့် ထိန်းသိမ်းဆောင်ရွက်ပေးလျက်ရှိ**ကြောင်း၊ COVID–19 ရောဂါဖြစ်ပွားမှုကြောင့် တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် စီးပွားရေး ကျဆင်းလျက်ရှိကြောင်း၊ စီးပွားရေးလုပ်ငန်းများတွင် မဖြစ်မနေ ဆောင်ရွက်နေရသည့် လုပ်ငန်းမှာ စားသောက်ကုန်လုပ်ငန်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အားသာချက်ရှိသော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းစေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် အရည်အသွေး ပြည့်မီ၍ အထွက်နှုန်းကောင်းမွန်ပြီး ပြည်တွင်း၊ ပြည်ပ ဈေးကွက်များ ရရှိနိုင်သည့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးမွေးမြူရန်လိုကြောင်း၊ စိုက်ပျိုးရေးသီးနှံများ၊ မျိုးကောင်းမျိုးသန့်များ ရရှိရေးအတွက် စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သုတေသနပြု စီမံဆောင်ရွက်လျက်ရှိကြောင်း။

### စဉ်ဆက်မပြတ်ဆောင်ရွက်

ဆီထွက်သီးနှံသည်လည်း နိုင်ငံ၏အဓိက ပို့ကုန်များတွင် ပါဝင်ကြောင်း၊ မိမိတို့နိုင်ငံရှိ လူတစ်ဦးနှုန်း ပျမ်းမျှဆီစားသုံးမှုသည် တစ်နှစ်လျှင် ၄ ဒသမ ၅ ပိဿာခန့်ရှိသဖြင့် စားသုံးမှုများပြားနေသေးကြောင်း၊ ပြည်တွင်း၌ စားသုံးဆီ ဖူလုံအောင်ထုတ်လုပ်နိုင်ခြင်း မရှိသဖြင့် ပြည်ပမှဆီများ တင်သွင်းနေရမှုကြောင့် နိုင်ငံခြားငွေများစွာ ကုန်ကျလျက်ရှိကြောင်း၊ ပြည်တွင်းစားသုံးဆီ ဖူလုံစွာရရှိနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်သဖြင့် **ဆီထွက်သီးနှံများ စိုက်ပျိုးနိုင်သည့် ဒေသများတွင် ဆီထွက်သီးနှံများ အောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက်၍ ဆီအထွက်နှုန်းတိုးအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူများ ကျန်းမာရေးနှင့် ကိုက်ညီစေရန် ဆီစားသုံးမှု လျှော့ချနိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့မှ ပညာပေးလုပ်ငန်းများအား စဉ်ဆက်မပြတ် ဆောင်ရွက်ရမည်ဖြစ်**ကြောင်း၊ ပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်သည့် ဆီများ စားသုံးနိုင်ရေးအတွက်လည်း ပြည်ပမှ တင်သွင်းသည့် စားသုံးဆီများတွင် ပြန်လည်သန့်စင်ထားသည့် ဆီများမဖြစ်စေဘဲ အရည်အသွေးအာမခံနိုင်မှုရှိစေရေးအတွက် စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရန် လိုကြောင်း၊ မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် ၆၇ ဒသမ ၄၂ နှစ်သာရှိသဖြင့် အိမ်နီးချင်း နိုင်ငံများတွင် အနိမ့်ဆုံးဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် ဆီများ အလွန်အကျွံစားသုံးမှု၊ ဟင်းချိုမှုန့် စားသုံးမှု၊ မူးယစ်ဆေးဝါး၊ အရက်နှင့် ဆေးလိပ်သောက်သုံးမှုများကိုအသိတရားဖြင့် ထိန်းသိမ်းနိုင်ရေး ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ **မိမိတို့နိုင်ငံရှိ ပြည်သူများ၏ သက်တမ်းသည် ကမ္ဘာပေါ်တွင် စံချိန်မီသည့် လူ့သက်တမ်း ဖြစ်စေရေးအတွက် အာဟာရပြည့်ဝသည့် စားသောက်ကုန်များအား ဈေးနှုန်းသက်သာစွာဖြင့် ရရှိအောင် ဆောင်ရွက်ပေးခြင်းနှင့် ကျန်းမာသည့် နေထိုင်စားသောက်မှုပုံစံ နေထိုင်စားသောက်နိုင်ရေး အတွက် အသိပညာပေးခြင်းများကို ဆောင်ရွက်ပေးရမည်ဖြစ်**ကြောင်း။

> **“ပြည်သူများ အသိပညာမြင့်မားရေးနှင့် ပတ်သက်၍ ပညာတတ်မြောက်ရန် လိုအပ်ပြီး “ အမျိုးသား စည်းကမ်းအစ စာသင်ကျောင်းက” ဟု ပညာရေး ဆောင်ပုဒ်ရှိကြောင်း၊ အသိတရားနှင့် အမျိုးသားရေး စိတ်ဓာတ်ရှိအောင် ပြောကြားထားခြင်းပင်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံသားတိုင်း မသင်မနေရ အခြေခံပညာများကို သင်ကြားရမည်ဖြစ်သည်ဟု ပြဋ္ဌာန်းထားကြောင်း၊ သို့ဖြစ်၍ နိုင်ငံသားတိုင်း ပညာသင်ကြားခွင့်ဆုံးရှုံးမှု မရှိစေရေးနှင့် ပညာရည်မြင့်မားရေးကို ဦးစားပေး ဆောင်ရွက်နေရမည်ဖြစ်ကြောင်း”**

### ဖူလုံအောင်ထုတ်လုပ်

မိမိတို့နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မွေးမြူရေးလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည့် တိရစ္ဆာန်အစာများအား ပြည်ပနိုင်ငံများမှ တင်သွင်းနေရမှုများရှိကြောင်း၊ နိုင်ငံအတွင်း တိရစ္ဆာန်အစာများ ထုတ်လုပ်နိုင်ရေး အတွက် စိုက်ပျိုးရေး ထွက်ကုန်များ ပေါများစွာ ရှိသဖြင့် တိရစ္ဆာန်အစာစပ်လုပ်ငန်းများဆောင်ရွက်၍ ပြည်တွင်း၌ လုံလောက်အောင် ထုတ်လုပ်ခြင်းဖြင့် ပြည်ပမှဝယ်ယူသုံးစွဲမှုများ လျှော့ချနိုင်ပြီး နိုင်ငံခြားငွေသုံးစွဲမှုများ လျှော့ချနိုင်မည် ဖြစ်ကြောင်း၊ စားသောက်ကုန်များအား ပြည်တွင်း၌ သက်သာသော ဈေးနှုန်းများဖြင့် ဖူလုံအောင်ထုတ်လုပ်နိုင်ခြင်းဖြင့် စားသောက်ကုန်ဈေးနှုန်းများအား ပြည်သူများ ဈေးသက်သက်သာသာဖြင့် စားသုံးနိုင်ရေး ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

### သမဝါယမစနစ်ဖြင့် တိုက်ရိုက်ရောင်းချ

နိုင်ငံအတွက် အဓိကကျသည့် စီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် SME နှင့် သမဝါယမလုပ်ငန်းများကို ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် စက်မှုနိုင်ငံကြီးများ၌ပင် သမဝါယမလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိကြောင်း၊ **တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် SME နှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးရန်လိုပြီး ထုတ်ကုန်များအား သမဝါယမစနစ်ဖြင့် တိုက်ရိုက်ရောင်းချနိုင်ခြင်းဖြင့် ကုန်ထုတ်လုပ်သူများအတွက် အကျိုးများစွာ ဖြစ်ထွန်းစေမည်ဖြစ်**ကြောင်း။

ပြည်သူများ အသိပညာမြင့်မားရေးနှင့်ပတ်သက်၍ ပညာတတ်မြောက်ရန် လိုအပ်ပြီး “ အမျိုးသား စည်းကမ်းအစ စာသင်ကျောင်းက” ဟု ပညာရေး ဆောင်ပုဒ်ရှိကြောင်း၊ အသိတရားနှင့် အမျိုးသားရေး စိတ်ဓာတ်ရှိအောင် ပြောကြားထားခြင်းပင် ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံသားတိုင်း မသင်မနေရ အခြေခံပညာများကို သင်ကြားရမည်ဖြစ်သည်ဟု ပြဋ္ဌာန်းထားကြောင်း၊ သို့ဖြစ်၍ နိုင်ငံသားတိုင်း ပညာသင်ကြားခွင့်ဆုံးရှုံးမှု မရှိစေရေးနှင့် ပညာရည် မြင့်မားရေးကို **ဦးစားပေး ဆောင်ရွက်နေရမည်ဖြစ်**ကြောင်း။

### ဘက်ပေါင်းစုံမှစဉ်းစား

ပညာရည်မြှင့်တင်ရေးနှင့်ပတ်သက်၍ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ရန် လိုကြောင်း၊ ဆရာ၊ ဆရာမများအား ၎င်းတို့ရရှိထားသည့် ဘွဲ့အရည်အချင်းများအလိုက် ထောက်ပံ့ကြေးများပေးအပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရန်ဆောင်ရွက်ချိန်တွင် အနှောင့်အယှက် ပြုလုပ်ခြင်းနှင့် ဖျက်ဆီးခြင်းများ ပြုလုပ်လာသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့အနေဖြင့် ကျောင်းသား၊ ကျောင်းသူများ ပညာတတ်မြောက်စေရန်အတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ **သင်ရိုးညွှန်းတမ်းများနှင့် ပတ်သက်၍ ယခင်အစိုးရများက ရေးဆွဲအတည်ပြုခဲ့သည့် အမျိုးသား ပညာရည်မြင့်မားရေး အနှစ်(၃၀)နှစ်ရှည်စီမံကိန်းအတိုင်း ဆောင်ရွက်နေခြင်းဖြစ်**ကြောင်း၊ **စာသင်ကျောင်းများ ပြန်လည်မဖွင့်လှစ်နိုင်ရေး နှောင့်ယှက်ဆောင်ရွက်နေမှုများသည် တိုင်းပြည်ဖျက်နေသည့် လုပ်ရပ်ဖြစ်ပြီး ဆိုးရွားသော လုပ်ဆောင်ချက်ဖြစ်**ကြောင်း၊ အဆိုပါ အဖျက်လုပ်ငန်းဆောင်ရွက်နေမှုများကို ထိထိရောက်ရောက် ထိန်းသိမ်းကာကွယ်သွားရန်လိုကြောင်း၊ အုပ်ချုပ်မှုပိုင်းဆိုင်ရာ အားနည်းချက်များနှင့် နိုင်ငံရေးဆိုင်ရာ ထိုးနှက်ချက်များကြောင့် အထင်အမြင်လွဲမှားမှုများ ဖြစ်ပေါ်ပြီး CDM တွင်ပါဝင်ခဲ့သည့် ဆရာ၊ ဆရာမများ အနေဖြင့်လည်း သက်ဆိုင်ရာကျောင်းများသို့ ဆက်သွယ်သတင်းပို့စေလိုကြောင်း၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် ဆရာ၊ ဆရာမများ လိုအပ်ချက်ရှိပါက ဖြည့်တင်းနိုင်ရေး အတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ကောင်စီအဖွဲ့ဝင်များအနေဖြင့် နိုင်ငံအတွက် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘက်ပေါင်းစုံမှ စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံကောင်းကျိုးအတွက် အဓိကထား ဆောင်ရွက်ကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

### ယုံကြည်မှုရှိလာအောင်ဆောင်ရွက်

ယင်းနောက် ကောင်စီဝင်များ ဖြစ်ကြသည့် ဦးသိန်းညွန့်၊ မန်းငြိမ်းမောင်၊ ဦးခင်မောင်ဆွေ၊ Jeng Phang နော်တောင်၊ ဒေါ်အေးနုစိန်၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာ ဗညားအောင်မိုး၊ ဦးရွှေကြိမ်းနှင့် တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးတို့က ယခင်အစိုးရလက်ထက်တွင် ငွေးရမ်းအသုံးပြုခဲ့သည့် နိုင်ငံခြားသား အကြံပေးများ ငှားရမ်းစရိတ်နှင့် နိုင်ငံတော်လုံခြုံရေး ကျိုးပေါက်မှုကိစ္စရပ်များကို ပြန်လည်စုံစမ်းဖော်ထုတ်သွားရေး၊ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံကျောင်းများ ဖွင့်လှစ်ချိန်တွင် ကျောင်းသားကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးအတွက် လုံခြုံရေးအစီအမံများ ချမှတ်၍ ပြည်သူလူထုနှင့် လုံခြုံရေးအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေး၊ တိုင်းပြည်နှင့် ကျောင်းသားများ၏ အနာဂတ်ကို နှောင့်ယှက်ဖျက်ဆီးသူများအား ထိရောက်စွာဖော်ထုတ်အရေးယူရေး၊ ဘဏ်လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်ရေးနှင့် ပြည်သူများ ယုံကြည်မှုရှိလာအောင် ဆောင်ရွက်ရေး၊ ဆိုလာလျှပ်စစ် ထုတ်လုပ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ သဘာဝပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ရေး၊ ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အာမခံချက် ရှိစေရေးအတွက် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များ ပြဋ္ဌာန်းပေးရေး၊ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများတွင် အရည်အသွေးပြည့်ဝသည့် အားကစားနည်းပြများ ထပ်မံခန့်ထားရေး၊ မောင်တောနယ်စပ် ကုန်သွယ်ရေးလမ်းကြောင်း အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ရေး၊ မြို့ရွာများ အမှိုက်သိမ်းစနစ်နှင့် ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းများ စနစ်တကျရှိစေရေး၊ ဆီထွက်သီးနှံများအတွက် စိုက်ပျိုးစရိတ်ချေးငွေနှင့် စိုက်ပျိုးနည်းစနစ်များ ပံ့ပိုးပေးရေး၊ အခြေခံပညာ စာသင်ကျောင်းများတွင် သိပ္ပံနည်းကျ စိုက်ပျိုးရေးပညာရပ်များ ထည့်သွင်းသင်ကြားပေးရေး၊ တနင်္သာရီတိုင်းဒေသကြီးရှိ ကျွန်းများနှင့် ဝေးလံခေါင်ဖျားဒေသများတွင် ကျေးလက်ကျန်းမာရေးဌာနများ၊ ဆေးကုသရေးစင်တာများ ဖွင့်လှစ်ပေးရေး၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကို ကူညီထောက်ပံ့ပေးရေး၊ မော်လမြိုင်–ရေး–ထားဝယ် မီးရထားလမ်း ပြေးဆွဲနိုင်ရေး၊

*စာမျက်နှာ ၄ ကော်လံ ၁*

*စာမျက်နှာ ၃ မှ*

မဟုတ်မမှန်သတင်းများ ထုတ်လွှင့်နေမှုအပေါ် တိကျထိရောက်စွာ တုံ့ပြန်ဆောင်ရွက်ရေး၊ တစ်နှစ်တာ ပြက္ခဒိန်တွင် အများပြည်သူ ရုံးပိတ်ရက် သတ်မှတ်ခြင်းကိစ္စတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

**ဘောလုံးကွင်းများတည်ဆောက်**

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အားကစားကဏ္ဍနှင့် ပတ်သက်ပြီး မြန်မာ့အားကစား ပြန်လည်မြှင့်တင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပြီး ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပွဲကြည့်စင်နှင့် မီတာ ၄၀၀ ပြေးလမ်းပါ ဘောလုံးကွင်းများ တည်ဆောက်ပေးရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် မိုးလုံလေလုံအားကစားရုံများ၊ ဒိုင်ဗင်ထိုးစင်ပါ ရေကူးကန်များ တည်ဆောက်ပေးရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ **အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မိမိတို့နိုင်ငံ၏ အားကစားအဆင့်အတန်းမြင့်မားလာစေရန် အားကစားသမားများအတွက် ကြံ့ခိုင်ရေးနည်းပြများနှင့် အားကစားစနစ်နည်းပြများ ခန့်အပ်ပြီး လေ့ကျင့်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိ**ကြောင်း၊ ထို့ပြင် ပြည်သူလူထုကျန်းမာရေးလှုပ်ရှားမှုများ ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်များအလိုက် လမ်းလျှောက်နိုင်သည့် ဇရိယာများ သတ်မှတ်ပြုလုပ်ပေးရန် လိုအပ်ကြောင်း၊ စာသင်ကျောင်းများတွင် အားကစားနည်းပြ၊ ကာယဆရာများ ခန့်အပ်နိုင်ရေးအတွက် သက်ဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်များတွင် ကာယဆရာများ ပိုမိုလေ့ကျင့် မွေးထုတ်ပေးရမည်ဖြစ်ကြောင်း။

**လေ့ကျင့်သင်ကြားပေးရန်လို**

စာပေသင်ကြားရေးနှင့် ပတ်သက်၍ အခြေခံပညာကျောင်းများတွင် ကောင်းမွန်စွာ စာပေသင်ကြားပေးနိုင်မှသာ ကျောင်းသား ကျောင်းသူများအနေဖြင့် အဆင့်မြင့်ပညာရပ်များကို ကောင်းမွန်စွာ လေ့ကျင့်သင်ကြားနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆရာ၊ ဆရာမများ အနေဖြင့် အခြေခံပညာအဆင့်တွင် အလေးထား၍ လေ့ကျင့်သင်ကြားပေးရန် လိုအပ်ကြောင်း။

**ပိုမိုကောင်းမွန်လာအောင်ဆောင်ရွက်**

အလားတူ မြို့ရွာစည်ပင်သာယာရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမှိုက်သိမ်းစနစ် ကောင်းမွန်ပြီး ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ **အမှိုက်စွန့်ပစ်မှုနှင့် ပတ်သက်၍ လူထုကို အသိပညာပေးပြီး ပြည်သူလူထုပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ရမည်ဖြစ်**ကြောင်း၊ တာဝန်ရှိသည့် ဌာနများအနေဖြင့်လည်း အမှိုက်စွန့်ပစ်သည့်စနစ်နှင့် အမှိုက်သိမ်းသည့် စနစ်တို့ကို ပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်ရန် လိုကြောင်း။

စားသုံးဆီထုတ်လုပ်မှုနှင့် ပတ်သက်၍ ဆီထွက်သီးနှံများကြိတ်ခွဲရာတွင် အဆင့်မြင့်နည်းပညာများ အသုံးပြုနိုင်အောင် စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံများ အထွက်နှုန်းတိုးအောင် ဆောင်ရွက်ပေးရမည့်အပြင် မျိုးကောင်းမျိုးသန့်၊ မြေဩဇာနှင့် နည်းပညာများ ထောက်ပံ့ပေးရန် လိုကြောင်း၊ အထွက်နှုန်းတိုး၍ နည်းပညာမြင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်မှသာ စိုက်ပျိုးသည့် တောင်သူများ ဝင်ငွေပိုမိုရရှိမည်ဖြစ်ပြီး လူမှုဘဝ တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း။

**ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်**

ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများနှင့် စပ်လျဉ်း၍ **ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းများသည် မြန်မာ့ပညာရေးစနစ်အတွက် ခေတ်အဆက်ဆက်များစွာ အထောက်အကူပြုခဲ့ကြောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ အဆင်ပြေစွာ ပညာသင်ကြားနိုင်ရေးအတွက် လိုအပ်သည်များကို ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်**ကြောင်း၊ ဆရာဝန်၊ သူနာပြုများ ခန့်ထားရေးနှင့် ပတ်သက်၍ လိုအပ်လျက်ရှိသည့် နေရာဒေသများတွင် ဖြည့်ဆည်းပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းပေးသွားမည်ဖြစ်ကြောင်း၊ အများပြည်သူရုံးပိတ်ရက်များ သတ်မှတ်ရာတွင်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် မျှော်မှန်းကာလုပ်ငန်းဆောင်ရွက်မှုများ မထိခိုက်အောင် နိုင်ငံတကာနှင့် နှိုင်းယှဉ်စဉ်းစား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေး၊ ဓာတ်အားစနစ် တည်ငြိမ်တိုးတက်ကောင်းမွန်စေရေး၊ ဓာတ်အားခွဲရုံများနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၁၀**

ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေး၊ ဓာတ်အားစနစ် တည်ငြိမ်တိုးတက်ကောင်းမွန်စေရေးနှင့် ဓာတ်အားခွဲရုံများ အခြေအနေတို့နှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးဇော်ဝင်း၊ အမြဲတမ်းအတွင်းဝန် ဦးသန်းဇော်၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ခေတ္တ ဥက္ကဋ္ဌ၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနအကြီးအကဲများနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်လျှပ်စစ်မန်နေဂျာ၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာများ၊ မြို့နယ်လျှပ်စစ်မန်နေဂျာ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများ တက်ရောက်ကြသည်။

**စနစ်တကျထိန်းသိမ်းပြုပြင်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံတွင် တစ်နိုင်ငံလုံး သန်းခေါင်စာရင်းအရ အိမ်ထောင်စုပေါင်း ၁၀ သန်းကျော်ရှိသည့်အနက် လျှပ်စစ်မီး အသုံးပြုနေသည့် အိမ်ထောင်စုပေါင်း ၆ သန်းကျော်ရှိလာပြီး ၎င်းမှ ရန်ကုန်တိုင်းဒေသကြီးသည် (၁ ဒသမ ၅) သန်းခန့် အသုံးပြုလျက်ရှိသည့်အတွက် စိတ်ချယုံကြည်ရသော အရည်အသွေးပြည့်ဝ၍ ဗို့အားတည်ငြိမ်သော လျှပ်စစ်ဓာတ်အားများကို စဉ်ဆက်မပြတ် တိုးတက်သုံးစွဲနိုင်ရေး အလေးပေးဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ထိုသို့ ပြည်သူလူထုအတွက် အရည်အသွေးပြည့်ဝပြီး ဝန်ဆောင်မှုကောင်းသည့် လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးနိုင်ရေးတို့အတွက် ဆောင်ရွက်ရာတွင် ဝန်အားပြည့်နေသည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများကို တိုးချဲ့ဆောင်ရွက်ရန် လိုအပ်သလို တည်ဆောက်ပြီး ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများကိုလည်း စနစ်တကျထိန်းသိမ်း ပြုပြင်ခြင်းများ ဟန်ချက်ညီညီ စီမံဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ထို့ပြင် ဓာတ်အားပျောက်ဆုံးမှု ကျဆင်းရေး အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံထိန်းသိမ်း ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သည့်အခါ ဓာတ်အားပိတ်၍ ဆောင်ရွက်ရပါက သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြပြီး ပြည်သူသို့ အသိပေးကာ ဓာတ်အားပြတ်တောက်ချိန် အနည်းဆုံးနှင့် ပြည်သူလူထုအပေါ် ထိခိုက်မှု အနည်းဆုံးဖြစ်စေရေး အလေးအနက်ထား ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ပြီးခဲ့သော ကာလများတွင် မိမိတို့ဝန်ထမ်းများအနေဖြင့် မီးသုံးစွဲသူ ပြည်သူလူထုအား လျှပ်စစ်မီး ပြတ်တောက်မှု မရှိစေရေး ဝိုင်းဝန်းထိန်းသိမ်း ကြိုးပမ်းဆောင်ရွက်ခဲ့မှုအပေါ် ပြည်သူလူထုမှ အသိအမှတ်ပြုခဲ့သဖြင့် ၎င်းအစဉ်အလာကို ဆက်လက်ထိန်းသိမ်းပြီး တိုးတက်အောင် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် ပြည်သူလူထုနှင့် အနီးကပ် တိုက်ရိုက် ထိတွေ့ဆက်ဆံရသည့်အတွက် ပြည်သူလူထုအား လေးလေးစားစား ပျူပျူငှာငှာဆက်ဆံပြီး ပြည်သူလူထု၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်များအပေါ် အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်နှင့် ပြည်သူလူထုအတွက် အရည်အသွေးပြည့်ဝသည့် လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးနိုင်ရေး အားလုံးဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ အရှေ့ပိုင်းခရိုင်၊ အနောက်ပိုင်းခရိုင်၊ တောင်ပိုင်းခရိုင်၊ မြောက်ပိုင်းခရိုင်များ၏ ခရိုင်လျှပ်စစ်မန်နေဂျာများက မိမိတို့ခရိုင်အလိုက် ဓာတ်အားဖြန့်ဖြူးပေးထားမှု၊ မီးသုံးစွဲသူဦးရေ၊ ဓာတ်အားခကောက်ခံမှု၊ ဓာတ်အားပြတ်တောက်မှုလျှော့နည်းရေးအတွက် တိုးတက်ကောင်းမွန်စေရန် ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် ဓာတ်အားခွဲရုံများ အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း အမှုဆောင်အရာရှိချုပ်က ခရိုင်(၄) ခရိုင်၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြပြီး ခေတ္တဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက ခရိုင်များအလိုက် တင်ပြချက်များအပေါ် သုံးသပ်ဆွေးနွေးတင်ပြသည်။

**ဖြည့်စွက်ဆွေးနွေး**

ထို့နောက် လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကျော်က ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားလိုင်းများ၏ လက်ရှိဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဆွေးနွေးတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်အားစနစ် တည်ငြိမ်စေရေးအတွက် ၆၆ ကေဗွီ မှ ဗို့ ၄၀၀ အထိ ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ၊ ဓာတ်အားဖြန့်ဖြူးရေး ထရန်စဖော်မာများ မောင်းနှင်ဖြန့်ဖြူးနေမှုများကို အလိုအလျောက် ထိန်းသိမ်းမောင်းနှင် စောင့်ကြည့်နိုင်၍ ဓာတ်အားပြတ်တောက်မှုများ ရှိခဲ့ပါက ဓာတ်အားပြတ်တောက်ရသည့် အကြောင်းအရင်း၊ တည်နေရာများကို အချိန်နှင့် တစ်ပြေးညီ သိရှိပြီး ဓာတ်အားအမြန်ဆုံး ပြန်လည်ရရှိရန် ဆောင်ရွက်နိုင်၍ ဓာတ်အားပြတ်တောက်မှု ကြာချိန်ကို လျှော့ချပေးနိုင်ခြင်း၊ ဓာတ်အားပြတ်တောက်မှုများကို အချိန်နှင့်တစ်ပြေးညီ မီးသုံးစွဲသူများထံသို့ Message ပေးပို့နိုင်ခြင်းတို့အတွက် ဆောင်ရွက်နိုင်ရန် ပထမအဆင့်အနေဖြင့် ဓာတ်အားခွဲရုံ (၁၇) ရုံအတွက် တည်ဆောက်နေသော ဓာတ်အားဖြန့်ဖြူးမှုကွန်ရက်စနစ် SCADA တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးအတွင်း AMI မီတာစနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော မြို့နယ်(၇) မြို့နယ်၏ ဆောင်ရွက်နိုင်မှုနှင့် Automatic Billing စနစ်ဖြင့် ဆောင်ရွက်နေသော မြို့နယ်(၂၃) မြို့နယ်တို့၏ ဆောင်ရွက်နိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးကာ ပြည်ထောင်စုဝန်ကြီးက စစ်ဆေးတွေ့ရှိချက်များအပေါ် AMI မီတာစနစ်ကို အသုံးပြုခြင်းအားဖြင့် ပြည်သူလူထုအနေဖြင့် BarCode စနစ် ပါရှိသည့်အတွက် ဓာတ်အားခငွေပေးဆောင်ရာတွင် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းရန် မလိုအပ်ခြင်း၊ ဌာနနှင့် မီးသုံးစွဲသူပြည်သူများအတွက် နှစ်ဖက်မြင်စနစ်ဖြင့် ဆောင်ရွက်ထား၍ ပွင့်လင်းမြင်သာမှုရှိခြင်း၊ မီးသုံးစွဲသူများ၏ လက်ကိုင်ဖုန်းတွင် mebill Application ကို ဒေါင်းလုပ်ရယူ၍ လက်ရှိလ၏ Bill မှတ်တမ်းနှင့် ဓာတ်အားခ ပေးဆောင်ပြီး/ မပြီးတို့ကို သိရှိနိုင်ခြင်း၊ တစ်နှစ်အတွက် ဓာတ်အားခ ကျသင့်ငွေမှတ်တမ်း၊ လက်ရှိအချိန်၌ သုံးစွဲယူနစ်နှင့် ကျသင့်ငွေတို့ကို အချိန်မရွေးကြည့်ရှုနိုင်ခြင်းနှင့် မီးသုံးစွဲသူပြည်သူများအနေဖြင့် မည်သည့်ဘဏ်နှင့်မဆို ချိတ်ဆက်ပြီး Online Payment ပေးဆောင်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိသည့်အပြင် တစ်ဖက်တွင်လည်း ဓာတ်အားစနစ် လျော့နည်းပျောက်ဆုံးမှု ကျဆင်းသဖြင့် နိုင်ငံတော်၏ဝင်ငွေ တိုးတက်ရရှိလာသောကြောင့် AMI မီတာစနစ်နှင့် Automatic Billing စနစ်များကို တိုင်းဒေသကြီးတစ်ခုလုံး တပ်ဆင်အသုံးပြုနိုင်ရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ပြည်သူအတွက် ဝန်ဆောင်မှုပေးနေသော ဌာနဖြစ်သည့်အလျောက် ပြည်သူကိုအကောင်းဆုံး ဝန်ဆောင်မှုပေးနိုင်ရန် ခေတ်မီတိုးတက်သော နည်းစနစ်များဖြင့် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

## COVID-19 ရောဂါ ကာကွယ်ရေး အလေးထားရန်လို

ကျန်းမာရေးကို အထောက်အကူဖြစ်စေမည့် ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်ခြင်းများကို အားပေးရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် ၆၆ နှစ်ခန့်သာရှိသဖြင့် အခြားနိုင်ငံများထက် လျော့နည်းလျက်ရှိကြောင်း၊ ထို့ကြောင့် ပြည်သူများ ကျန်းမာကြံ့ခိုင်စေရေးအတွက် ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ပေးရန်လိုကြောင်း၊ ယခုအခါ အိန္ဒိယနိုင်ငံ အပါအဝင် အခြားနိုင်ငံအချို့တွင်လည်း COVID–19 ရောဂါကူးစက်မှုများ မြင့်မားလျက်ရှိသဖြင့် မိမိတို့အနေဖြင့်လည်း COVID–19 ရောဂါ ကာကွယ်ရေးအတွက် အလေးထားဆောင်ရွက်ကြရန် လိုကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၂-၄-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)**

# ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို လွယ်ကူလျင်မြန်ချောမွေ့မှု၊ ပွင့်လင်းမြင်သာမှုရှိရှိ လုပ်ဆောင်

**နေပြည်တော် မေ ၁၀**

နိုင်ငံ့စီးပွားရေးကို ဦးမော့လာစေရေး အလေးထားကြိုးပမ်းဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ထိထိရောက်ရောက် တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက ဦးဆောင်ရေးဆွဲချမှတ် အကောင်အထည်ဖော်လျက်ရှိသည့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးနှင့် လွယ်ကူလျင်မြန် ချောမွေ့စေရေးတို့အတွက် မူဝါဒနှင့် လုပ်ငန်းစဉ်များကို လက်တွေ့အကောင်အထည်ဖော်ရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများကို ညှိနှိုင်းပေါင်းစပ်ဖြေရှင်းပေးနိုင်ရေး၊ ဒေသတွင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၏ ချေးငွေအကူအညီနှင့် အထောက်အပံ့များအား ထိရောက်စွာ ညှိနှိုင်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေး(၁/၂၀၂၁)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ဓာတ်ပုံ)**



### မူဝါဒနှင့် လုပ်ငန်းစဉ်များကို ရေးဆွဲချမှတ်

ရှေးဦးစွာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို အခြေခံကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက် (၉)ရပ်တို့နှင့် ကိုက်ညီအောင် မိမိဝန်ကြီးဌာန၏ မူဝါဒနှင့် လုပ်ငန်းစဉ်များကို ရေးဆွဲချမှတ်၍ အောက်ခြေအဆင့်ဆင့်က လိုက်ပါအကောင်အထည်ဖော်ကြရမည် ဖြစ်ကြောင်း၊ အထူးသဖြင့် ယခင်အစိုးရလက်ထက်က ခွင့်ပြုခဲ့ပြီး နိုင်ငံအတွက်လည်း အကျိုးရှိမည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြန့်ကြာမှုမရှိစေဘဲ မြန်ဆန်စွာ ဆက်လက် အကောင်အထည်ဖော်ရေးကိစ္စ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို မိမိတို့က ခွင့်ပြုလုပ်ဆောင်ရာတွင် လွယ်ကူလျင်မြန်ချောမွေ့မှု၊ ရှေ့နောက်ညီညွတ်မှု၊ ကြိုတင်မှန်းဆနိုင်မှု၊ ပွင့်လင်းမြင်သာမှု ရှိရှိ လုပ်ဆောင်ကြရန်လည်း လိုပါကြောင်း။

### ခေတ်စနစ်နှင့်အညီ ပြင်ဆင်

ထို့ကြောင့် ဝန်ကြီးဌာနက ဦးဆောင်၍ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းကာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းအဖွဲ့(OSS)၏ စံချိန်စံညွှန်းမီ လုပ်ထုံးလုပ်နည်းများ (SOP)ကို ရေးဆွဲထုတ်ပြန်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုမိန့်ရပြီး နောက်ပိုင်း၊ စီးပွားရေးနှင့် ဝန်ဆောင်မှုလုပ်ငန်း အမျိုးအစားအလိုက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများကနေ ရယူရသော လိုင်စင်၊ ပါမစ်၊ ထောက်ခံချက်များနှင့် ပတ်သက်၍ ခေတ်စနစ်နှင့်အညီ ပြင်ဆင်နိုင်ရေး၊ ပိုမို လွယ်ကူရှင်းလင်းအောင် ဆောင်ရွက်နိုင်ရေးနှင့် ဒစ်ဂျစ်တယ်စနစ်ဖြင့် လုပ်ဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ သက်ဆိုင်ရာ ဌာနများကလည်း လိုလားတက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခင် အစိုးရလက်ထက်ကတည်းက အကြောင်းအမျိုးမျိုးကြောင့် ကြန့်ကြာနေသည့် လုပ်ငန်းများကိုလည်း နိုင်ငံအတွက် အကျိုးရှိမည်ဆိုလျှင် ဆက်လက်လုပ်ဆောင်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်ပေးရန် ကိစ္စရပ်များကိုလည်း မိမိဝန်ကြီးဌာနက ပူးပေါင်းကူညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

### အားပေးကူညီရမည်ဖြစ်

၂၀၂၀ ပြည့်နှစ်မှစ၍ COVID– 19 ကြောင့် တစ်ကမ္ဘာလုံး ရင်းနှီးမြှုပ်နှံမှု ကျဆင်းနေကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း အလားတူ စိန်ခေါ်မှုများ ရှိနေသော်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ရဲရဲတင်းတင်း၊ တက်ညီလက်ညီ လုပ်ဆောင်ပါက စိန်ခေါ်မှုကနေ အခွင့်အလမ်းအဖြစ် ပြောင်းလဲရယူနိုင်ကြောင်း၊ ယခုအချိန်တွင် ရင်းနှီးမြှုပ်နှံသူများကို မိမိနိုင်ငံ၏ တည်ဆဲဥပဒေများ၊ နှစ်နိုင်ငံ သဘောတူချုပ်ဆိုထားသည့် ရင်းနှီးမြှုပ်နှံမှု အကာအကွယ်ပေးရေး စာချုပ်များ၊ ဒေသတွင်း သဘောတူညီချက်များနှင့်အညီ အကာအကွယ်ပေးရန်နှင့် လုပ်ငန်းများတိုးချဲ့ ရင်းနှီးလုပ်ကိုင်လာအောင် အားပေးကူညီရမည်ဖြစ်ကြောင်း။

### အခွင့်အလမ်း ရယူနိုင်ရန်ကြိုးပမ်း

အမျိုးသားစီးပွားရေးကို မြှင့်တင်ရာတွင် နိုင်ငံဘတ်ဂျက်ကို သုံးစွဲခြင်း၊ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ဆောင်ရွက်ခြင်းတို့အပြင် လိုအပ်သည့် အခြေခံအဆောက်အဦများဖြစ်သည့် လမ်း၊ တံတား၊ လျှပ်စစ်၊ ဆက်သွယ်ရေး၊ ရေရရှိရေး တို့အတွက် နိုင်ငံတကာချေးငွေ၊ အကူအညီ အထောက်အပံ့များကိုလည်း ရယူရေးအတွက် မိမိတို့ဝန်ကြီးဌာနက ညှိနှိုင်းဆောင်ရွက်ပေးရာတွင် မိမိတာဝန်ကို ထိထိရောက်ရောက်လုပ်ဆောင်နိုင်ရန် စနစ်တကျ အစီအစဉ်များ ရေးဆွဲဆောင်ရွက်ရန် လိုကြောင်း၊ အာဆီယံနှင့် အာဆီယံဗဟိုပြုသည့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများကိုလည်း တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများမှ နိုင်ငံ့လူမှုရေး၊ စီးပွားရေးများကို ထိထိရောက်ရောက် အသုံးချနိုင်မည့်အခွင့်အလမ်းကို ရယူနိုင်ရန် ကြိုးပမ်းရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်က ဝန်ကြီးဌာနနှင့်ဦးစီးဌာနများမှ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။

### ဆုများပေးအပ်ချီးမြှင့်

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးရုံးတို့မှ ဗဟိုဝန်ထမ်းတက္ကသိုလ် တက်ရောက်ခဲ့စဉ် ထူးချွန်ဆုရရှိခဲ့သူများအားလည်းကောင်း၊ ဒုတိယဝန်ကြီးက One Stop Service (OSS) SOP ရေးဆွဲရေးအဖွဲ့အားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဝါဝါမောင်က ဝန်ထမ်းကောင်း စံပြရုံးဆု ရရှိသူများအားလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများက သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်မှု၊ ဒေသ၏ စီးပွားရေး ဝန်းကျင်ကောင်းမွန်အောင် ဆောင်ရွက်သွားမည့် အစီအမံများနှင့် ဝန်ကြီးဌာနနှင့် ရုံးချုပ်က ပံ့ပိုးရန် လိုအပ်ချက်များကိုလည်းကောင်း၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်က ဌာန၏အုပ်ချုပ်မှု လုပ်ငန်းများ၊ အာဆီယံ အပါအဝင်ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများနှင့် ဖွံ့ဖြိုးမှု အကူအညီရယူ ဆောင်ရွက်သည့် စီမံကိန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် နိုင်ငံတကာအဖွဲ့အစည်းများအကြား ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးလျက်ရှိသည်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဝါဝါမောင်က ဝန်ကြီးဌာနနှင့် ဦးစီးဌာနများ၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်ထားရှိမှုများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း တင်ပြဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များနှင့် အခက်အခဲများကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပညာလိုလား အမျိုးကောင်းသားတို့ မှတ်သားဖွယ်ရာ ငါးဖြာသောလက္ခဏာ

မောင်သောမနဿ

"ပညာဟူသည်၊ သက်လုံးကြည်ဖို့၊ အရှည်မြတ်လေး၊ ကိုယ်ခံဆေးဟု၊ ဆိုရေးစကား၊ ဥဒါန်းထား၏၊ မှတ်သားလိုက်နာ၊ သင်ဖွေရှာ၍၊ မကွာနေ့ည၊ ကြိုးလုံ့လလေ့"

ဘုရားဖြူကျောင်းတိုက် စာချဆရာတော် ရေးဖွဲ့ထားသော ပညာသင်ကြားရေးနှင့်ပတ်သက်၍ တိုက်တွန်းနှိုးဆော်ထားသည့် လေးလုံးပိုဒ်စာချိုး ဩဝါဒစကားဖြစ်ပါသည်။ အသိအလိမ္မာ အတတ်ပညာဟူသည် အသက်ထက်ဆုံး ကာလပတ်လုံး ကြည်လင်အေးမြချမ်းသာစေရန်အတွက် အသိပညာ၊ အတတ်ပညာများကို သင်ကြားနာယူ မှတ်သားလိုက်နာနေရခြင်းဖြစ်သည်။ ရေရှည်ကောင်းမြတ်စေရန် ကိုယ်ခံဆေးဝါးကောင်းတစ်ခွက်နှင့်လည်း တူပါပေ၏ဟု ရှေးရှေးသောပညာရှိများကလည်း ဝမ်းမြောက်ဝမ်းသာ ထုတ်ဖော်မှတ်တမ်းတင်ခဲ့ကြသည်။ သင်ယူသည့်အခါမှာလည်း မှတ်မှတ်သားသား သင်ကြားလိုက်နာ၍ နေ့ရောညပါ အခါမလပ် အပတ်တကုတ် ကြိုးစားအားထုတ်လုံ့လပြုကြကုန်လေ့ဟု ဆရာတော်က တိုက်တွန်းထားပါသည်။

### လိုရာပန်းတိုင်သို့ ရောက်နိုင်

လောကုတ္တရာနယ်ပယ်တွင် ပညာတည်းဟူသော ဉာဏ်အလင်းပေါက်မှ မဂ်ဖိုလ်သောင်ကမ်းသို့ ကူးခပ်ရောက်ရှိနိုင်မည်ဖြစ်သည်။ လောကီနယ်ပယ်တွင် ပညာတည်းဟူသော ဉာဏ်အမြော်အမြင်ရမှသာ ဘဝတွင် အဆင့်ဆင့်တက်လှမ်း၍ လိုရာအောင်ပန်းကို ဆွတ်ခူးနိုင်မည်ဖြစ်သည်။ သို့သော် ထိုပညာကို လွယ်လွယ်ကူကူတော့ ရမည်မဟုတ်ပေ။ ပညာကိုရလိုလျှင် ပညာတည်းဟူသော အမြိုက်ဆေးကို တိုက်ကျွေးနိုင်ပါမှ၊ တိုက်ကျွေးသော်လည်း ယူနိုင်ပါမှ၊ ယူနိုင်သော်လည်း ယူချင်ပါမှ၊ ယူချင်သော်လည်း ဉာဏ်မီပါမှ၊ ဉာဏ်မီသော်လည်း ကျန်းမာပါမှသာ လိုရာခရီးပန်းတိုင်ကို အောင်မြင်ချောမွေ့စွာ ရောက်ရှိနိုင်မည် ဖြစ်သည်။

ပညာသင်ယူခြင်းနှင့်စပ်လျဉ်း၍ မြတ်စွာဘုရားရှင်က အင်္ဂါငါးပါးကို ဟောကြားထားသည်။ မြတ်စွာဘုရားရှင် ဟောကြားထားသော မဇ္ဈိမပဏ္ဏာသပါဠိတော် ဗောဓိရာဇကုမာရသုတ်တော်တွင် ဗောဓိမင်းသား၏ လျှောက်ထားမှုနှင့် မြတ်စွာဘုရား၏ ဖြေကြားမှုကို ဤသို့ကြားနာခဲ့ရပါသည်။

### တတ်မြောက်လိမ္မာပါ၏

ဗောဓိမင်းသားက မြတ်စွာဘုရားအား –

"အရှင်ဘုရား မြတ်စွာဘုရားဟူသော ဆုံးမသူဆရာကိုရသော ရဟန်းသည် အဘယ်မျှလောက်ကြာမြင့်မှ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ကြသော အမျိုးကောင်းသားများ လိုလားအပ်သော အတုမရှိသော မြတ်သောအကျင့်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်အကျိုးကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ရောက်ရပါသနည်း" ဟု လျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားက "မင်းသား ဤအရာ၌ သင်မင်းသားကိုသာလျှင် ပြန်၍မေးအံ့။ သင်နှစ်သက်သည့်အတိုင်း ဖြေကြားလော့။ မင်းသား ဆင်စီးအတတ်၌လည်းကောင်း၊ ချွန်းကိုင်အတတ်၌လည်းကောင်း တတ်မြောက်လိမ္မာသည် မဟုတ်လော"ဟုမေးတော်မူ၏။ မင်းသားက "တတ်မြောက်လိမ္မာပါ၏"ဟု လျှောက်ထား၏။

ထိုအခါ မြတ်စွာဘုရားက "ဗောဓိမင်းသားသည် ဆင်စီးအတတ်ကိုလည်းကောင်း၊ ချွန်းကိုင်အတတ်ကိုလည်းကောင်း တတ်မြောက်၏။ မင်းသားထံ၌ ဆင်စီး၊ ချွန်းကိုင်အတတ်ကို သင်ယူရန် ယောကျ်ားတစ်ယောက်ရောက်လာ၏။ ထိုယောကျ်ားသည် ယုံကြည်မှု မရှိသူလည်း ဖြစ်၏။ အနာရောဂါများသူလည်း ဖြစ်၏။ ဟန်ဆောင်တတ်သူ၊ မာယာများသူလည်းဖြစ်၏။ ပျင်းရိသူလည်းဖြစ်၏။ ဉာဏ်နည်းသူလည်းဖြစ်၏။" ဟု မိန့်ကြား၏။ ဆက်လက်၍ "ထိုသဘောရှိသော ယောကျ်ားသည် သင်၏ထံ၌ ဆင်းစီးအတတ်၊ ချွန်းအတတ်ကို တတ်မြောက်အံ့လော" ဟု မေးတော်မူ၏။ မင်းသားက "အရှင်ဘုရား။ တစ်ပါးပါးသော အင်္ဂါနှင့် ပြည့်စုံသော ထိုယောကျ်ားသည် ဆင်စီးအတတ်ကိုလည်းကောင်း၊ ချွန်းအတတ်ကိုလည်းကောင်း မတတ်မြောက်ပါ။ အင်္ဂါငါးပါးစလုံးနှင့် ပြည့်စုံသော ယောကျ်ားမှာ အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း" ဟု လျှောက်ထား၏။

### ငါးပါးသောအင်္ဂါနှင့်ပြည့်စုံ

တစ်ဖန် မြတ်စွာဘုရားက "ဗောဓိမင်းသားသည် ဆင်စီးအတတ်ကိုလည်းကောင်း၊ ချွန်းကိုင်အတတ်ကိုလည်းကောင်း တတ်မြောက်၏။ မင်းသားထံ၌ ဆင်စီး၊ ချွန်းကိုင်အတတ်ကို သင်ယူရန် ယောကျ်ား တစ်ယောက် ရောက်လာ၏။ ထိုယောကျ်ားသည် မင်းသားအား ယုံကြည်မှုရှိသူလည်း ဖြစ်၏။ အနာရောဂါကင်းသူလည်း ဖြစ်၏။ ဟန်မဆောင်တတ်သူ၊ မာယာမများသူလည်း ဖြစ်၏။ ထက်သန်သော လုံ့လရှိသူလည်း ဖြစ်၏။ ဉာဏ်ရှိသူလည်းဖြစ်၏။" ဟု မိန့်ကြား၏။ "ထိုယောကျ်ားသည် သင်၏ထံ၌ ဆင်စီးအတတ်၊ ချွန်းအတတ်ကို တတ်မြောက်အံ့လော" ဟု မေးတော်မူ၏။ မင်းသားက "အရှင်ဘုရား တစ်ပါးပါးသောအင်္ဂါနှင့် ပြည့်စုံသော ထိုယောကျ်ားသည် ဆင်စီးအတတ်ကိုလည်းကောင်း၊ ချွန်းအတတ်ကိုလည်းကောင်း တတ်မြောက်ပါ၏။ ငါးပါးသောအင်္ဂါတို့နှင့် ပြည့်စုံလျှင်ကား အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း"ဟု လျှောက်ထား၏။

မြတ်စွာဘုရားရှင်က မင်းသားအား ဤဥပမာအတိုင်းသာလျှင် ကမ္မဋ္ဌာန်းအားထုတ်သူတို့၏ ငါးပါးသောအင်္ဂါတို့ကို ဟောတော်မူသည်–

(၁) ယုံကြည်မှုရှိ၏။ (ကိုးပါးသောဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသည့် မြတ်စွာဘုရား၏ ဗောဓိဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ သဗ္ဗညုတဉာဏ်ကို ယုံကြည်၏)

(၂) အနာကင်း၏။ ရောဂါကင်း၏။ (အညီအမျှ ကျေညက်စေသောမအေးလွန်း၊မပူလွန်းသော၊ အလယ်အလတ်ဖြစ်သော၊ ကမ္မဋ္ဌာန်း စီးဖြန်းရန်ခံ့သော ပါစကတေဇောဓာတ် ဝမ်းမီးနှင့်ပြည့်စုံ၏)

(၃) ဟန်ဆောင်ခြင်း၊ လှည့်ပတ်ခြင်းမရှိ။ (ဆရာဖြစ်သော မြတ်စွာဘုရားထံ၌လည်းကောင်း၊ ပညာရှိကုန်သော သီတင်းသုံးဖော်တို့ထံ၌လည်းကောင်း ဟုတ်မှန်သည့်အတိုင်း ပြုတတ်၏။)

(၄) ထက်သန်သော လုံ့လရှိသည်ဖြစ်၍ နေ၏။ အားစွမ်းရှိ၏။ မြဲမြံစွာ အားထုတ်မှုရှိ၏။ ကုသိုလ်တရားတို့၌ တာဝန်ကို ပစ်မချထား။

(၅) ပညာရှိ၏။ အဖြစ်အပျက်ကို သိစွမ်းနိုင်သော ပညာနှင့် ပြည့်စုံ၏။ စင်ကြယ်သော (ကိလေသာကို) ဖောက်ခွဲဖျက်ဆီးနိုင်သော ဒုက္ခကုန်ရာ နိဗ္ဗာန်သို့ရောက်စေနိုင်သော ပညာနှင့်ပြည့်စုံ၏။ ဤသည်တို့ကား ကမ္မဋ္ဌာန်းစီးဖြန်းသောပုဂ္ဂိုလ်၏အကြောင်း အင်္ဂါငါးပါးတည်း။

### မျက်မှောက်ပြုရောက်နိုင်

ထိုအင်္ဂါငါးပါးနှင့်ပြည့်စုံသော ကမ္မဋ္ဌာန်းစီးဖြန်းသူ ပုဂ္ဂိုလ်သည် မြတ်စွာဘုရားတည်းဟူသော ဆုံးမသူဆရာကို ရသည်ရှိသော် ခုနစ်နှစ်ကြာလျှင် အမျိုးကောင်းသားများ လိုလားအပ်သော အရဟတ္တဖိုလ်အကျိုးကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ရောက်နိုင်ပေသည်။ ထိုအင်္ဂါငါးပါးနှင့် အမှန်တကယ် မပြတ်အားထုတ်ပါလျှင် ခုနစ်နှစ်သာမဟုတ်၊ ခုနစ်လသာမဟုတ်၊ ခုနစ်ရက်သာမဟုတ်၊ တစ်ရက်သာမဟုတ် အင်္ဂါငါးပါးနှင့်ပြည့်စုံသူသည် မြတ်စွာဘုရားတည်းဟူသော ဆုံးမသူဆရာကို ရသည်ရှိသော် ညချမ်းအခါ ဆုံးမမှု နံနက်အခါ၌ တရားထူးကို ရပေလိမ့်မည်။ နံနက်အခါ၌ ဆုံးမမှု ညချမ်းအခါ၌ တရားထူးကို ရပေလိမ့်မည်ဟု မြတ်စွာဘုရားရှင်က မိန့်တော်မူထားပေသည်။

ဤဗောဓိမင်းသားအား မြတ်စွာဘုရားဟောကြားသကဲ့သို့ပင်။ အသိပညာ၊ အတတ်ပညာတို့ကို သင်ယူကြမည့်သူများသည် လိုချင်စိတ်၊ သင်ယူချင်စိတ်လည်းမရှိ။ သင်ယူရန်အတွက် ယုံကြည်မှုလည်းမရှိ။ သင်ယူရန်အတွက် ရိုးသားဖြောင့်မတ်ခြင်းလည်းမရှိ။ သင်ယူရန်အတွက် ဉာဏ်ရည်လည်းမမီ။ သင်ယူရန်အတွက် ပတ်ဝန်းကျင်တွင် သဟဇာတရှိသည့်ဥတု၊ ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်မှု ဤငါးခုနှင့် မပြည့်စုံပါက မည်သို့မျှ သင်ပေး၍လည်းမရ၊ မည်သို့မျှလည်း သင်ယူ၍မရဘဲ လိုရာခရီးပန်းတိုင်သို့ ရောက်မည်မဟုတ်ပေ။ ယနေ့အသိပညာ၊ အတတ်ပညာ သင်ကြားကြရမည့် ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များသည် မိမိတို့နှင့်ဆိုင်ရာ ပညာရပ်တို့ကို သင်ယူလိုချင်စိတ်၊ သင်ယူရန်ထက်သန်မှု၊ သင်ယူနိုင်မည့် ဉာဏ်ရည်ပြည့်ဝမှု၊ သင်ယူရန်အတွက် ယုံကြည်မှု၊ နေ့စဉ်ပညာသင်ကြားရန်အတွက် ကျန်းမာကြံ့ခိုင်မှုရှိရန် လိုအပ်ပေသည်။

### မိမိတို့အကျိုးစီးပွားအတွက်

ဤငါးချက်နှင့်ပြည့်စုံမှသာ အသိပညာ၊ အတတ်ပညာများကို ထူးချွန်စွာတတ်မြောက်နိုင်ပြီး လိုရာခရီးပန်းတိုင်သို့ ရောက်ရှိနိုင်မည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များသည် အသိပညာ၊ အတတ်ပညာတို့ကို သင်ကြားသင်ယူကြရမည့် အရွယ်ဘဝဖြစ်သည်။ အသိအလိမ္မာ အတတ်ပညာဟူသည် စာချဆရာတော် မိန့်ကြားသကဲ့သို့ပင် ငယ်ရွယ်စဉ်အချိန်အခါသာမက အသက်ထက်ဆုံး၊ ကာလပတ်လုံး မိမိတို့ဘဝ ကြည်လင်အေးမြ ချမ်းသာစေရန်အတွက် အသိပညာ၊ အတတ်ပညာတို့ကို သင်ကြားနာယူ လိုက်နာမှတ်သားနေကြရမည်ဖြစ်သည်။ မိမိတို့ဘဝများ ရေရှည်ကောင်းမွန်စေရန်အတွက် ဖြစ်သည်။ သင်ကြားပေးရန်စီစဉ်သူတို့ ကောင်းမွန်ရန်အတွက်မဟုတ်ပေ။ ကိုယ်ခံဆေးဝါးကောင်းကဲ့သို့ဖြစ်၏။ ဘဝဖွံ့ဖြိုးရေးအတွက် ကိုယ်ပိုင်ဝမ်းစာ ရှာဖွေကြခြင်းဖြစ်သည်။ မိမိတို့ အကျိုးစီးပွားအတွက်သာဖြစ်သည်။

နိဂုံးအနေဖြင့် စာချဆရာတော်ကြီး၏ ဩဝါဒကို ထပ်မံမျှဝေလိုပါသည်။

"လုံ့လ ဉာဏ်ကင်း အပျင်းမိုက်ထူ၊ ပညာသင်ရေး အလေးမမူ။
ယှဉ်လာ အောက်ကျ နောက်မှ စိတ်ပူ၊ လူဘဝ အရမတော်သူ။"

ဤလောက၌ လုံ့လဝီရိယ မရှိသူ၊ အသိဉာဏ်ကင်းသူ၊ ပျင်းရိသူ၊ မိုက်မဲသူ၊ ပညာသင်ယူရာ၌ အလေးဂရုမပြုသူ ဤပုဂ္ဂိုလ်လေးယောက်၊ လေးမျိုးတို့သည် ယှဉ်ပြိုင်သောအခါ ရှုံးနိမ့်ကြ၍ စိတ်သောကများ ရောက်ပြီး လူ့ဘဝကိုပင် ရပင်ရငြားသော်လည်း လူ၏တန်ဖိုးကို မရသကဲ့သို့ ဖြစ်နေလိမ့်မည်တည်း။ ထို့ကြောင့် မြတ်စွာဘုရားရှင် ဗောဓိမင်းသားအား ဟောကြားထားသကဲ့သို့ ပညာလိုလား အမျိုးကောင်းသားတို့ မှတ်သားဖွယ်ရာ ငါးဖြာသောလက္ခဏာတို့ကို ရရှိအောင် ကြိုးပမ်းအားထုတ်စေလိုပါကြောင်း။ ။

❖ **ဤငါးချက်နှင့်ပြည့်စုံမှသာ အသိပညာ၊ အတတ်ပညာများကို ထူးချွန်စွာတတ်မြောက်နိုင်ပြီး လိုရာခရီးပန်းတိုင်သို့ ရောက်ရှိနိုင်မည် ဖြစ်သည်။ ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များသည် အသိပညာ၊ အတတ်ပညာတို့ကို သင်ကြားသင်ယူကြရမည့် အရွယ်ဘဝ ဖြစ်သည်။ အသိအလိမ္မာ အတတ်ပညာဟူသည် စာချဆရာတော် မိန့်ကြားသကဲ့သို့ပင် ငယ်ရွယ်စဉ်အချိန်အခါသာမက အသက်ထက်ဆုံး၊ ကာလပတ်လုံး မိမိတို့ဘဝ ကြည်လင်အေးမြချမ်းသာစေရန်အတွက် အသိပညာ၊ အတတ်ပညာတို့ကို သင်ကြားနာယူ လိုက်နာမှတ်သားနေကြရမည်ဖြစ်သည်။ မိမိတို့ဘဝများ ရေရှည်ကောင်းမွန်စေရန်အတွက် ဖြစ်သည်။ သင်ကြားပေးရန်စီစဉ်သူတို့ ကောင်းမွန်ရန်အတွက် မဟုတ်ပေ။ ကိုယ်ခံဆေးဝါးကောင်းကဲ့သို့ဖြစ်၏။ ဘဝဖွံ့ဖြိုးရေးအတွက် ကိုယ်ပိုင်ဝမ်းစာ ရှာဖွေကြခြင်းဖြစ်သည်။ မိမိတို့ အကျိုးစီးပွားအတွက်သာဖြစ်သည်။**

# သာသနာရေးဦးစီးဌာန ဒုတိယဦးစီးမှူးများ လုပ်ငန်းခွင်အထောက်အကူပြု သင်တန်းအမှတ်စဉ် (၁/၂၀၂၁)ဖွင့်ပွဲ ကျင်းပ

နေပြည်တော် မေ ၁၀

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာန ဒုတိယဦးစီးမှူးများ လုပ်ငန်းခွင်အထောက်အကူပြု သင်တန်းအမှတ်စဉ်(၁/၂၀၂၁) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)



အခမ်းအနားသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်း အတွင်းဝန်များ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

**စနစ်တကျအဆင့်ဆင့် စစ်ဆေး**

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ ဝန်ထမ်းကျင့်ဝတ်၊ ရုံးလုပ်ငန်းလက်စွဲအစရှိသည့် သိသင့်သိထိုက်သည်များကို သိရှိစေရန်နှင့် ထမ်းဆောင်ရမည့်တာဝန်၊ လိုက်နာရမည့် စည်းကမ်း၊ စောင့်ထိန်းရမည့်ကျင့်ဝတ်တို့ကို သိရှိလိုက်နာ ကျင့်ကြံနိုင်ကြစေရန် ရည်ရွယ်၍ ဤသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ဒုတိယဦးစီးမှူး ၄၂ ဦး ခန့်အပ်တာဝန်ပေးအပ်ရန်အတွက် ရေးဖြေစစ်ဆေးခြင်း၊ လူတွေ့စစ်ဆေးခြင်းတို့ကို စနစ်တကျအဆင့်ဆင့် စစ်ဆေးပြီး အရည်အချင်းပြည့်မီသူများကို ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

**လိုက်နာကျင့်ကြံနေထိုင်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဦးတည်ချက် ၉ ရပ်၊ ရှေ့လုပ်ငန်းစဉ် ၅ ရပ်ချမှတ်ပြီး နိုင်ငံတော်စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး အစရှိသည်တို့ကို အဘက်ဘက်မှ တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို အဓိကထား ဆောင်ရွက်လျက်ရှိပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဘာသာရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်မှုသည် အရေးကြီးသော ကဏ္ဍတစ်ခု ပါဝင်သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဖြစ်၍ ဝန်ထမ်းများ၏ အရည်အသွေး၊ လုပ်ရည်ကိုင်ရည်၊ စိတ်ဓာတ်ရေးရာတို့ ကောင်းမွန်နေရန် စဉ်ဆက်မပြတ်လေ့ကျင့်၊ သင်ကြား၊ သင်ယူနေကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရန် လိုအပ်သကဲ့သို့ ပြင်ပပယောဂများ၊ သတင်းအမှားများ၊ သတင်းအတုများကို နားမယောင်ကြရန် လိုအပ်ကြောင်း၊ ဝန်ထမ်းသည် နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေများ၊ ဝန်ထမ်းကျင့်ဝတ်များနှင့်အညီ လိုက်နာကျင့်ကြံနေထိုင်ကြရန် လိုကြောင်း ပြောကြားသည်။

**အကျိုးရှိအောင် အသုံးချ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သင်တန်းတွင် ဝန်ကြီးဌာန၊ ဦးစီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်၊ ရုံးလုပ်ငန်းလက်စွဲ ဘာသာရပ်၊ သာသနာ့ရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာ ဘာသာရပ်၊ ဗုဒ္ဓဖြစ်တော်စဉ်သမိုင်း၊ သင်္ဂါယနာသမိုင်း၊ အခြေခံဗုဒ္ဓဘာသာ လောကနီတိဘာသာရပ်၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ ဝန်ထမ်းရေးရာဘာသာရပ်၊ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်း၊ ဘဏ္ဍာရေးစည်းမျဉ်းနှင့် ဥပဒေဘာသာရပ်တို့ကို သင်ကြားပေးမည်ဖြစ်ကြောင်း၊ ယခုသင်တန်းသည် လုပ်ငန်းခွင်နယ်ပယ်တွင် လက်တွေ့လုပ်ဆောင်ရမည့် သာသနာ့ရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာလုပ်ငန်းစဉ်များ၊ စီမံရေးရာ၊ ဝန်ထမ်းရေးရာ၊ ငွေ စာရင်းထိန်းသိမ်းခြင်းဆိုင်ရာများ စသည်တို့ကို အခြေခံအဆင့်အကျဉ်းချုပ် သင်ကြားပို့ချပေးလိုက်ခြင်းဖြစ်ကြောင်း၊ မေ ၁၀ ရက်မှ ၂၁ ရက်အထိ ရက်သတ္တ နှစ်ပတ်ကြာ သင်တန်းမှ ပို့ချပေးလိုက်သည့် ဘာသာရပ်များကို ဆက်လက်လေ့လာပြီး လက်တွေ့လုပ်ငန်းခွင်နယ်ပယ်တွင် အကျိုးရှိအောင် အသုံးချသွားကြပါဟု တိုက်တွန်းလိုကြောင်း ပြောကြားသည်။

**လိုက်လံနှုတ်ဆက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ တာဝန်ရှိပုဂ္ဂိုလ်များက သင်တန်းသား၊ သင်တန်းသူများအား လိုက်လံနှုတ်ဆက် အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းအရ ပညာရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်နေ

**နေပြည်တော် မေ ၁၀**

ပညာရေးဝန်ကြီးဌာန အခြေခံပညာကဏ္ဍ ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲကြီးကြပ်မှု မွမ်းမံသင်တန်းကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**




**တက်ရောက်**

သင်တန်းဖွင့်ပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ အခြေခံပညာကဏ္ဍ တိုင်းဒေသကြီး၊ ပြည်နယ်များမှ သင်တန်းသား ဘဏ္ဍာရေးတာဝန်ခံအရာရှိများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ပညာရေးဝန်ကြီးဌာနက ခွဲဝေရရှိလာသည့် ဘဏ္ဍာငွေများကို ကိုယ့်တိုင်းဒေသကြီး ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ကျောင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိရှိထိထိရောက်ရောက်ဖြစ်အောင် စနစ်တကျ သုံးစွဲနိုင်ရေးရည်ရွယ်၍ သင်တန်းဖွင့်လှစ်ရခြင်း ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနတွင် အခြေခံပညာကဏ္ဍ၊ အဆင့်မြင့်ပညာကဏ္ဍ၊ နည်းပညာနှင့် သက်မွေးပညာကဏ္ဍဟူ၍ အဓိကဌာနကြီး သုံးခုရှိသည့်အနက် အခြေခံပညာကဏ္ဍသည် ပညာရေးဝန်ကြီးဌာနက ရရှိသည့် ဘတ်ဂျက်အားလုံး၏ ၈၅ ရာခိုင်နှုန်းခန့်ကို သုံးစွဲဆောင်ရွက်ရသည့် ဌာနကြီးဖြစ်ပါကြောင်း၊ ကျန်သည့် ဘတ်ဂျက် ၁၅ ရာခိုင်နှုန်းခန့်ကို အခြားကဏ္ဍများရှိ ဦးစီးဌာနများက ခွဲဝေသုံးစွဲဆောင်ရွက်ကြပါကြောင်း၊ အခြေခံပညာကဏ္ဍသည် ထုထည် ပမာဏ အင်မတန်ကြီးမားသည့် အလျောက် ဘဏ္ဍာငွေကြေးသုံးစွဲမှုနှင့် ပတ်သက်သော အခက်အခဲ၊ ပြဿနာများလည်း ရှိပါကြောင်း။

**စနစ်တကျသုံးစွဲ**

ယနေ့သင်တန်းသည် အချိန်ကာလ တိုတောင်းသော်လည်း သင်တန်းချိန်အတွင်း စနစ်တကျ၊ သေသေချာချာ ဂရုတစိုက် သင်ကြား သင်ယူကြစေလိုပါကြောင်း၊ သင်တန်းမှ လုပ်ငန်းခွင်ကြုံတွေ့ရမည့် ဘဏ္ဍာရေးအခက်အခဲများ၊ ပြဿနာများကို ဖြေရှင်းပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ လိုအပ်၍ တောင်းခံထားသော ဘဏ္ဍာငွေများရရှိလာသည့်အခါ သတ်မှတ်သည့် အချိန်ကာလအတွင်း အကျိုးရှိထိရောက်စွာ စနစ်တကျသုံးစွဲတတ်ရန်လိုပါကြောင်း၊ သဘာဝဘေးဒဏ်နှင့် အခြားသော အကြောင်းကြောင့် ကျောင်းဆောင်များ ပျက်စီးမှုကြုံတွေ့ရပါက အချိန်မီပြင်ဆင်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ငွေကြေးသုံးစွဲမှုနှင့်ပတ်သက်၍ လုပ်ပိုင်ခွင့်အတွက်များ ရှေ့တန်းမတင်ဘဲ ကိုယ့်တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ စသည်ဖြင့် စုပေါင်းညှိနှိုင်းတိုင်ပင်၍ စနစ်တကျ ဆောင်ရွက်စေလိုပါကြောင်း။

**နိုင်ငံ၏ပညာရေးမြှင့်တင်**

ပညာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းအရ ပညာရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်နေပါကြောင်း၊ သင်ရိုးညွှန်းတမ်းများ မပြောင်းလဲပါကြောင်း၊ ယခင်သင်ကြားခဲ့သည့် သင်ရိုးညွှန်းတမ်းအသစ်အတိုင်းသာ သင်ကြားမည် ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနသည် ပညာတတ်များစုဝေးရာနေရာဖြစ်သဖြင့် တစ်ဦးနှင့်တစ်ဦး မေတ္တာတရား၊ ကိုယ်ချင်းစာတရားထား၍ အချင်းချင်းလက်တွဲဆောင်ရွက်ကာ နိုင်ငံ၏ပညာရေးမြှင့်တင်ဆောင်ရွက်ကြစေလိုပါကြောင်းပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းက လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မည်သည့်လုပ်ငန်းဖြစ်စေ ဘဏ္ဍာရေးသည် အဓိကကျသည့်ကဏ္ဍ ဖြစ်ပါကြောင်း၊ ဘဏ္ဍာရေးတာဝန်ခံပုဂ္ဂိုလ်များအနေဖြင့် ကိုယ့်တာဝန် ကိုယ်သိ၍ တာဝန်ကျေအောင် စနစ်တကျ ဆောင်ရွက်ပေးစေလိုပါကြောင်း၊ မသုံးသင့်သည့်အရာတွင် မသုံးရအောင်၊ သုံးသင့်သည့် အရာတွင်လည်း သုံးစွဲနိုင်အောင် စနစ်တကျ စေတနာရှေ့ထားပြီး ပညာရေး တိုးတက်မြင့်မားအောင် ဝိုင်းဝန်းဆောင်ရွက် ပေးကြစေလိုပါကြောင်းဖြင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအရည်အသွေးမြှင့်တင်ရေးနှင့် စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းမူ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါ်မာမာချိုတို့က စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်လျာထားသုံးစွဲခြင်း (Planning and Budgeting) ၊ ဘဏ္ဍာငွေကြေးစီမံခန့်ခွဲမှု (Financial Management)နှင့် ဘဏ္ဍာရေးဆိုင်ရာ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ (Financial Rules and Regulations) ဘာသာရပ် သုံးခုကို ၁၀ ရက်မှ ၁၁ ရက်အထိ သင်တန်းပို့ချမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း စားသုံးဆီတင်သွင်း၊ ဖြန့်ဖြူးရောင်းချမှုများနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေး

နေပြည်တော် မေ ၁၀

**စားသုံးဆီတင်သွင်း၊ ဖြန့်ဖြူးရောင်းချမှုများနှင့်ပတ်သက်၍ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ (၁) ၌ ကျင်းပသည်။** (အောက်ပုံ)



### ရှင်းလင်းပြောကြား

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက ပြည်တွင်း၌ ဆီထွက်သီးနှံ စိုက်ပျိုးထွက်ရှိမှုနှင့် ထုတ်လုပ်မှုများ၊ ကျန်းမာရေးနှင့် ညီညွတ်သည့် စားသုံးဆီများ ပြည်တွင်းသို့ တင်သွင်းဖြန့်ဖြူးရောင်းချစေရေးအတွက် "စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ" ဖွဲ့စည်း၍ ဆောင်ရွက်ထားရှိမှု၊ ဈေးကွက်အတွင်း သင့်တင့်မျှတသည့် ဈေးနှုန်းဖြင့် ရောင်းချရေး ထိန်းကျောင်းဆောင်ရွက်နေမှု၊ စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သော စားသုံးဆီများ သုံးစွဲနိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခဲ့ပြီး ထွက်ပေါ်လာသည့် ရလဒ်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များ၊ ပြည်ပမှတင်သွင်းသည့် စားအုန်းဆီအရည်အသွေး ပြင်ဆင်သတ်မှတ်ထုတ်ပြန်နိုင်ရေး စီစဉ်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

### ဝိုင်းဝန်းထိန်းကျောင်း

ယင်းနောက် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိ သူများက ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုကြောင့် ကမ္ဘာ့စားနပ်ရိက္ခာ ဈေးနှုန်းများ မြင့်တက်လာခဲ့ပြီး စားအုန်းဆီဈေးနှုန်းသည်လည်း ယခင်နှစ်ထက် နှစ်ဆခန့် ပိုမိုမြင့်တက်ခဲ့ပါကြောင်း၊ စားအုန်းဆီ အဓိကထုတ်လုပ်သည့် မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံများတွင် လက်ကျန်လျော့နည်းလာပြီး စားအုန်းဆီစက်ရုံများလည်း အပြည့်အဝ လည်ပတ်နိုင်ခြင်းမရှိသေးသည့်အတွက် ထုတ်လုပ်မှု လျော့နည်းလျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းကူးစက်ပြန့်ပွားမှုပြင်းထန်လာမှုကြောင့် အိန္ဒိယနိုင်ငံအပါအဝင် ဥရောပနိုင်ငံများမှ စားနပ်ရိက္ခာများကို ပိုမိုဝယ်ယူစုဆောင်းလာသည့်အတွက် ဝယ်လိုအားများပြားလာပြီး ကမ္ဘာ့စားအုန်းဆီ ဈေးနှုန်းမြင့်တက်လျက်ရှိပါကြောင်း၊ အသင်းအနေဖြင့် စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီနှင့် ပူးပေါင်း၍ ပြည်သူများ စားသုံးဆီသုံးစွဲမှု မှန်ကန်စေရေး အသိပညာပေးဟောပြောပွဲများ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ပြည်တွင်းဈေးကွက်အတွင်း စားအုန်းဆီများသင့်တင့်မျှတသည့် ဈေးနှုန်းဖြင့် ရောင်းချစေရေး ဝိုင်းဝန်းထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး အနာဂတ်ကာလတွင် ထုတ်လုပ်မှု၊ တင်သွင်းမှု၊ ဖြန့်ဖြူးမှု အပိုင်းများတွင် ပိုမိုစနစ်တကျ ဖြစ်စေရေးနှင့် ထုပ်ပိုးမှုစနစ်များ ပိုမိုကောင်းမွန်လာစေရေး ကြိုးပမ်းဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

### ဝိုင်းဝန်းဆွေးနွေး

ထို့နောက် ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက စားသုံးဆီထုတ်လုပ်မှု၊ တင်သွင်းမှု၊ ဖြန့်ဖြူးမှု အခြေအနေများအပေါ် ဝိုင်းဝန်းဆွေးနွေးကြပြီး လိုအပ်သည်များကို ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ **သတင်းစဉ်**

# ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ စီးပွားရေးစာချုပ်စာတမ်းများ စိစစ်ခြင်းဆိုင်ရာ အခြေခံသင်တန်း အမှတ်စဉ်၊ ၁ / ၂၀၂၁ သင်တန်းဖွင့်

နေပြည်တော် မေ ၁၀

**ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ စီးပွားရေးစာချုပ်စာတမ်းများ စိစစ်ခြင်းဆိုင်ရာ အခြေခံ သင်တန်းအမှတ်စဉ်၊ ၁/၂၀၂၁ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ မြေညီထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)



### ဥပဒေအကြံဉာဏ်ပေးနိုင်ရန်

အခမ်းအနားတွင် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ယခု သင်တန်းကို ဖွင့်လှစ်ရခြင်းမှာ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ တရားမျှတရေးအတွက် ဥပဒေဝန်ဆောင်မှု မဟာဗျူဟာစီမံကိန်း(၂၀၂၀-၂၀၂၄)၏ ပန်းတိုင် (၂) ရည်မှန်းချက် ၂၊ ၁ နှင့်အညီ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဦးစီးဌာန အသီးသီးတွင် တာဝန် ထမ်းဆောင်လျက်ရှိသော အရာရှိများအနေဖြင့် စီးပွားရေးစာချုပ် စာတမ်းများ စိစစ်ခြင်းဆိုင်ရာ ကိစ္စရပ်များကို သိရှိနားလည်ပြီး စီးပွားရေး စာချုပ်စာတမ်းများ စိစစ်အကြံပြုရာတွင် ပိုမိုထိရောက်သည့် ဥပဒေအကြံဉာဏ်များကို အချိန်နှင့် တစ်ပြေးညီ ပေးနိုင်ရန်နှင့် အရည်အသွေးပြည့်မီသော ဥပဒေအကြံဉာဏ် ပေးနိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း။

### ဌာနတွင်း ပူးပေါင်း

ယခုသင်တန်းသည် နိုင်ငံတော်အစိုးရ အဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူများအကြား ချုပ်ဆိုမည့်စာချုပ်များကို စိစစ်ရာ၌ မလိုလားအပ်သည့် အချိန်ကြန့်ကြာမှုများ လျော့ကျပြီး ပိုမိုမြန်ဆန်သော လုပ်ငန်းစဉ်ဖြင့် ထိရောက်စွာ စိစစ်နိုင်ရေး၊ အရည်အသွေးပြည့်မီသော ဥပဒေအကြံဉာဏ်ပေးနိုင်ရေးတို့အတွက် များစွာ အထောက်အကူ ဖြစ်စေမည်ဟု ယုံကြည်ပါကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး နယ်ပယ် သုံးရပ်လုံးတွင် ပါဝင်ဆောင်ရွက်ရသော အဖွဲ့အစည်းဖြစ်သည်နှင့်အညီ လုပ်ငန်းတာဝန်များကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဥပဒေရုံး အဆင့်ဆင့်တွင် တာဝန် ထမ်းဆောင်နေကြသူများ၏ တစ်ဦးချင်းအရည်အသွေး မြှင့်တင်ခြင်း၊ ဌာနတွင်း ပူးပေါင်းဆောင်ရွက်မှုများ အားကောင်းစေရန် ဆောင်ရွက်ခြင်း၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်ခြင်းတို့ကို ပြုလုပ်လျက်ရှိကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် နိုင်ငံတော်အစိုးရ အဖွဲ့အစည်းများနှင့် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံသူများ၊ ကုမ္ပဏီများ၊ အဖွဲ့အစည်းများအကြား ယုံကြည်စိတ်ချမှု၊ စီးပွားရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဥပဒေရေးရာ ခိုင်မာမှုများရရှိစေရန် ချုပ်ဆိုသည့် စီးပွားရေး စာချုပ်စာတမ်းများအပေါ်တွင် နှစ်ဦးနှစ်ဖက် နစ်နာမှုများ မရှိစေရေးအတွက် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်သုံးသပ် အကြံပြုပြန်ကြားပေးရကြောင်း၊ စီးပွားရေးလုပ်ငန်း စာချုပ်များမှာ လုပ်ငန်းသဘောသဘာဝအပေါ်မူတည်၍ စာချုပ်အမျိုးအစား အမျိုးမျိုးကွဲပြားနိုင်ကြောင်း၊ ယခု သင်တန်းသို့ တက်ရောက်သည့် ဥပဒေအရာရှိများအနေဖြင့် စီးပွားရေးစာချုပ်စာတမ်းများ စိစစ်ခြင်းဆိုင်ရာ ဥပဒေအခြေခံ သဘောတရားများကို သိရှိနားလည်ခြင်းအားဖြင့် မိမိတို့၏ အရည်အသွေးများ ပိုမိုတိုးတက်မြင့်မားလာစေမည် ဖြစ်သောကြောင့် ယခုသင်တန်းကို သေချာမှတ်သား၍ လေ့လာရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

### တစ်ပတ်ကြာမြင့်မည်

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဒုတိယရှေ့နေချုပ် ဦးစန်းလွင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် သင်တန်းသား/ သင်တန်းသူများ စုံညီစွာ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ် တစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၀-၅-၂၀၂၁ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၈ တွင်ပါရှိသည့် **ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများနှင့် လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့** သတင်း ကော်လံ ၃ စာကြောင်းရေ ၇ တွင် ထောက်ပံ့ငွေကျပ် စုစုပေါင်း ၁၇၇၀ ဒသမ ၅၄၀ သိန်း **အစား** ထောက်ပံ့ ငွေကျပ် စုစုပေါင်း ၁၇၇၀ ဒသမ ၅၄၀ သန်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

# နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၁၀**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။





# ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး ရခိုင်ပြည်နယ်အတွင်းရှိ လမ်း ၊ တံတား တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၀**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးသည် ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းသန်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မေ ၉ ရက် နံနက်ပိုင်းတွင် သံတွဲ–ဂွ – ငါးသိုင်းချောင်းလမ်း(သံတွဲ–ဂွ–လမ်းအပိုင်း) ပြုပြင်ထိန်းသိမ်းထားရှိမှု၊ တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၈)မှ အရှည် ပေ ၃၀၀ ကျော်ကပါးစပ် တံတားတည်ဆောက်ပြီးစီးမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

**လိုက်လံကြည့်ရှု**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမြို့နယ်တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်သော ရတနာမြိုင်– ရေကျော် ကျေးလက်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းခွင်သို့ရောက်ရှိရာ ရခိုင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးထွန်းလင်းမော်က ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ် ဆောင်ရွက်မည့် ရတနာမြိုင် – ရေကျော်လမ်း နှစ်မိုင်အား ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ကွန်ကရစ်ခင်းရာတွင် အရည်အသွေးကောင်းမွန်ရေးကို အလေးထားဆောင်ရွက်ရန် မှာကြားပြီး လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၈) မှ တာဝန်ယူတည်ဆောက်နေသော ဂွချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ကြည့်ရှုစစ်ဆေးသည်။**(အပေါ်ပုံ)**

ဂွချောင်းတံတားသည် ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့ကို ဆက်သွယ်သည့် ကမ်းခြေပတ်လမ်းပေါ်တွင် တည်ရှိပြီး စုစုပေါင်း တံတားအရှည် ၁၃၉၉ ပေ ၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေ ၊ ခြောက်လက်မစီပါရှိပြီး တံတားအမျိုးအစားမှာ တံတားအပေါ်ထည် PC Girder + RC Girder ၊ သံကူကွန်ကရစ် ကြမ်းခင်းနှင့် တံတားအောက်ထည်တို့ကို သံကူကွန်ကရစ်ဘိုးပိုင်တို့ဖြင့် တည်ဆောက်ထားပြီး တံတားအောက်ရေလမ်းကင်းလွတ် အကျယ် ၈၅ ပေ ၊ အမြင့် ပေ ၂၀ နှင့် တံတား၏ ခံနိုင်ဝန်မှာ ၇၅ တန် ဖြစ်သည်။

ထို့နောက် ရှင်းလင်းဆောင်တွင် ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်သူရက ဘဏ္ဍာရေးနှစ်အလိုက် တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ၊ အရည်အသွေးထိန်းသိမ်းရေး လုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ ကိုဗစ်–၁၉ ကာကွယ်ရေး အစီအမံများလိုက်နာဆောင်ရွက်ထားရှိမှု၊ တည်ဆောက်ရေးလုပ်ငန်း အဆင့်ဆင့်ဆောင်ရွက်ထားရှိမှု မှတ်တမ်းဓာတ်ပုံများ ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြရာ ရခိုင်ပြည်နယ် တံတားများ တာဝန်ခံအင်ဂျင်နီယာချုပ် ဦးကျော်မျိုးထွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

**ပါဝါပွိုင့်ဖြင့် ရှင်းလင်း**

ဆက်လက်၍ ရခိုင်ပြည်နယ် လမ်းဦးစီးဌာန၊ ရခိုင်ပြည်နယ်လမ်းများတာဝန်ခံ ဦးကျော်မျိုးထွဋ်နှင့် ညွှန်ကြားရေးမှူး (မြို့ပြ) ဦးခင်မောင်မြင့်တို့က တံတားချဉ်းကပ်လမ်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဂွချောင်းတံတားသည် ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့ကို ဆက်သွယ်သောကမ်းခြေပတ်လမ်းပေါ်တွင်တည်ရှိပြီး အရေးပါသည့် တံတားတစ်စင်းဖြစ်ပါကြောင်း ၊ တံတားကြီးပြီးစီးသွားပါက ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့ကို အလွယ်တကူ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ပါကြောင်း ၊ တံတားတည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးစံချိန်စံညွှန်းပြည့်မီရေး အဓိကထား ဆောင်ရွက်ရန်လိုပါကြောင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး အထူးဂရုပြုဆောင်ရွက်ရန်တို့ကို မှာကြားပြီး ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(၁) ဗိုလ်မှူးကြီး မင်းသန်း ၊ တာဝန်ရှိ လမ်း၊ တံတားပညာရှင်များနှင့်အတူ ဂွဘက်ကမ်းတွင် ကမ်းကပ်ခုံ ဘိုးပိုင်တူးခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ရေလယ်တိုင်များ ဆောင်ရွက်ပြီးစီးမှုနှင့် ရက်မလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ ယခုအခါ တံတားတစ်စင်းလုံး ၆၉ ရာခိုင်နှုန်း ပြီးစီးနေပြီး လုပ်ငန်းများ သတ်မှတ်အချိန်မီ ပြီးစီးရေးအတွက် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် သံတွဲ–ဂွ–ငါးသိုင်း ချောင်းလမ်း(ဂွ–ငါးသိုင်းချောင်းအပိုင်း)တွင် ရခိုင်ပြည်နယ် လမ်းဦးစီးဌာနမှ လမ်းပြုပြင်ထိန်းသိမ်းထားရှိမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြင်ဆဲခဏသိလိုက်ကြ သိဆဲ ခဏ ရပ်လိုက်ကြ

(၁)

❊ မျက်စေ့က ရုပ်ကိုမြင်၊ ထိုအမြင် မမှား။
ရုပ်, ရုပ်ချင်း တွေ့မြင်၊ ထိုအမြင် မမှား။
‘ရုပ်’ဆိုတာ တကယ်မှတ်၊ ပရမတ္ထတရား။

(၂)

❊ မြင်ပြန်တော့ အသိဝင်၊ အသိတွင် သတိထား။
သိတာက စိတ်အစဉ်၊ ‘နာမ်’ လို့ပင် မှတ်သား။
‘နာမ် ’ ဆိုတာ တကယ်မှတ်၊ ပရမတ္ထတရား။

(၃)

❊ မျက်စေ့ရှိလို့ ရုပ်ကိုမြင်၊ ထိုအမြင် မှတ်သား။
ရုပ်, ရုပ်ချင်း တွေ့မြင်၊ ထိုအမြင် မှတ်သား။
ရုပ်ကိုမြင်, မြင်မှန်းသိ၊ မြင်သိစိတ်ပွား။

(၄)

❊ ‘ အဆင်း’ကို မြင်လျှင်၊ မြင်ဆဲတွင် ရပ်။
‘မြင်သိ’ မှုပေါ်လျှင်၊ ပေါ်ဆဲတွင် ဖြတ်။
မြင်သိချိန် သင်မရပ်၊ ပညတ်တွေ ကပ်။

(၅)

❊ ပညတ်တွေ သဏ္ဌာန်လုပ်တော့
နာမ်ရုပ်တွေ အဖုံဖုံ၊
စွဲမှတ် အာရုံ။
အမျိုးမျိုးရုပ်စုံ
ထင်မှတ်ပုံထွေပြား။
အထင်ကို အမှတ်မှားတာ
အဝိဇ္ဇာတရား။

(၆)

❊ မြင်သိချိန် သင်ရပ်က
ထင်မှတ်မှု ပေါ်မလာ၊
ပညတ်မပါ။
ရုပ်သက်သက် နာမ်ခန္ဓာ
သင်္ခါရာ မလှည့်။
ပဋိစ္စသမုပ္ပါ
အဝိဇ္ဇာမဖွဲ့။
သံသရာ ကျယ်မချဲ့
ပြတ်တော့သည်ကွဲ့ ။ ။

[ဒိဋ္ဌေဒိဋ္ဌမတ္တံ၊ သုတေသုတမတ္တံ၊ မုတေမုတမတ္တံ၊ ဝိညာတေဝိညာတမတ္တံ နည်းဖြင့် ခန္ဓာဉာဏ်ရောက် အလင်းပေါက်ကြပါစေ]

[နိုင်ငံဂုဏ်ရည်မဂ္ဂဇင်း အမှတ် (၇၅)၊ ၂၀၀၅ ခုနှစ်၊ ဇူလိုင်လ]

**ကြည်အောင်(ကေတုမတီ)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၁ ခုနှစ်၊ မေလ ၁၀ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်နှင့် ဝက်လက်မြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေး ကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် မဲရုံ ၂၀၄ ရုံ | ၂၃၈၀၃၉ | ၂၈၁၉၆၂ | ၃၁၆၄၆ | ၂၄၉၃ | ၂၉၁၄၀ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် မဲရုံ ၁၃၄ ရုံ | ၁၇၃၅၇၄ | ၁၂၈၇၅၅ | ၁၈၇၀၁ | ၁၂၂၆ | ၁၆၁၇၆ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်နှင့် ဝက်လက်မြို့နယ်တို့၏ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကို သက်ဆိုင်ရာမြို့နယ်အလိုက် ယခင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ သက်ဆိုင်ရာမြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၂ မြို့နယ်တွင် မဲရုံပေါင်း ၃၃၈ ရုံ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၄၅၇၆၄၃ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၃၂၆၁၃၆၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၃၁၅၀၇၊ မြေပြင်လက်ကျန် ၁၂၇၂၁၅ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၁၂၆၃၄ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ် အရေအတွက်မှာ ၈၃၄၂ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၁ | ကန့်ဘလူမြို့နယ် | ၂၀၄ | ၂၆၄၂၀၀ | ၁၈၀၂၂၆ | ၈၃၉၇၄ | ၈၀၇၃၇ | ၄၇၉၂ | ၁၅၅၅ |
| ၂ | ဝက်လက်မြို့နယ် | ၁၃၄ | ၁၉၃၄၄၃ | ၁၄၅၉၁၀ | ၄၇၅၃၃ | ၄၆၄၇၈ | ၇၈၄၂ | ၆၇၈၇ |
| | စုစုပေါင်း | ၃၃၈ | ၄၅၇၆၄၃ | ၃၂၆၁၃၆ | ၁၃၁၅၀၇ | ၁၂၇၂၁၅ | ၁၂၆၃၄ | ၈၃၄၂ |

### ကန့်ဘလူမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၅။ မြေပြင်စစ်ဆေးချက်များအရ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်တွင် မဲရုံပေါင်း ၂၀၄ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၆၄၂၀၀ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၈၀၂၂၆ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မဲလက်မှတ် အပို/ပျောက်ဆုံးများ တွေ့ရှိရပြီး ကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်း ပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက်မှာ ၄၇၉၂ ဖြစ်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပေးထားခြင်းမရှိဘဲ ပိုမိုအသုံးပြုထားသော ဆန္ဒမဲလက်မှတ် ၁၅၅၅ ကို တွေ့ရှိရသည်။ မဲရုံအလိုက် ဆန္ဒမဲလက်မှတ် အပို/ လျော့နည်းပျောက်ဆုံးမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၂၅၄၀၅၀ | ၁၇၉၇၇၈ | ၇၄၂၇၂ | ၇၁၀၃၅ | ၄၇၉၂ | ၁၅၅၅ |
| ၂ | မြို့နယ်ကြိုတင် မဲလက်မှတ် | ၄၄၈ | ၄၄၈ | | | | |
| ၃ | မြို့နယ်လက်ကျန် မဲလက်မှတ် | ၉၇၀၂ | | ၉၇၀၂ | ၉၇၀၂ | | |
| | စုစုပေါင်း | ၂၆၄၂၀၀ | ၁၈၀၂၂၆ | ၈၃၉၇၄ | ၈၀၇၃၇ | ၄၇၉၂ | ၁၅၅၅ |

၆။ ဖလုံချိုင်ကျေးရွာအုပ်စု မဲရုံအမှတ် (၁) တွင် မဲဆန္ဒရှင်များ မဲပေးရာ၌ မဲလက်ခံဖြတ်ပိုင်းများတွင် မဲဆန္ဒရှင်အမည်၊ မဲစာရင်းအမှတ်၊ မဲရုံအမှတ်၊ ရပ်/ကျေးအမည်နှင့် မဲဆန္ဒရှင်လက်မှတ်များ မပါဝင်သော မဲလက်မှတ် ၂၈၄ စောင်အား စိစစ်တွေ့ရှိရပါသည်။ ဘုတ်တောကျေးရွာအုပ်စု မဲရုံ အမှတ် (၂) တွင် ကြိုတင်ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများသာရှိပြီး မဲရုံ၌ပေးသော မဲလက်မှတ် လက်ခံဖြတ်ပိုင်းများနှင့် မဲလက်မှတ်စာအုပ်များ ပျောက်ဆုံးနေသည်ကို စိစစ်တွေ့ရှိရပါသည်။ စန္ဒယားကျေးရွာအုပ်စု မဲရုံအမှတ် (၂) တွင် ဆန္ဒမဲထုတ်ယူရာ၌ အသုံးပြုသော မဲဆန္ဒရှင်စာရင်းစာအုပ်တွင် လက်မှတ်ထိုးခြင်း/ လက်ဝဲ၊ လက်မ၊ လက်ဗွေနှိပ်ခြင်းမရှိဘဲ အမှန်ခြစ်များသာ တွေ့ရှိရပါသည်။ ညိုပင်ရှိုကျေးရွာအုပ်စု မဲရုံအမှတ် (၂) (ပေါက်တောကျေးရွာ) ကြိုတင်ဆန္ဒမဲပေးသည့် မဲလက်မှတ်စာအုပ်တွင် ဒေါ်အေးချုံအမည်ဖြင့် ဆန္ဒပြုတံဆိပ်တုံး ရိုက်နှိပ်ထားသော မဲလက်မှတ်ကို တွေ့ရှိရပါသည်။ ကြိုတင်မဲကောက်ယူရာတွင် မဲဆန္ဒရှင်၏ ဆန္ဒကို မေးမြန်းခြင်းမရှိဘဲ ဆန္ဒပြုတံဆိပ်တုံး ရိုက်နှိပ်ထားခြင်းဖြင့် မဲမသမာမှုဆောင်ရွက်ထားခြင်း ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဘုတ်တောကျေးရွာအုပ်စု မဲရုံအမှတ် (၂) တွင် ကြိုတင်ဆန္ဒမဲလက်မှတ်များသာ တွေ့ရှိရပြီး မဲရုံမဲလက်မှတ်များ ပျောက်ဆုံးနေကြောင်း တွေ့ရှိရပါသည်။

၇။ ကန့်ဘလူမြို့နယ်တွင် မဲရုံ ၂၀၄ ရုံရှိသည့်အနက် မဲရုံ ၂၄ ရုံတွင် အပိုဆန္ဒမဲလက်မှတ်များ သုံးစွဲထားသည်ကို တွေ့ရပြီး မဲရုံ ၄၂ ရုံတွင် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးနေသည်ကို စိစစ်တွေ့ရှိရပါသည်။

၈။ ကန့်ဘလူမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၁ | အမှတ် (၂) ရပ်ကွက် | ၃ | ၅၄၀၀ | ၃၆၉၆ | ၁၇၀၄ | ၁၇၀၂ | ၂ | |
| ၂ | အမှတ် (၃) ရပ်ကွက် | ၂ | ၅၇၀၀ | ၄၀၇၄ | ၁၆၂၆ | ၁၆၂၆ | | |
| ၃ | အမှတ် (၄) ရပ်ကွက် | ၁ | ၂၁၀၀ | ၁၅၅၃ | ၅၄၇ | ၅၄၇ | | |
| ၄ | ကျောက်ဆည်ကန်ကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၈၂၀ | ၂၃၀ | ၂၃၀ | | |
| ၅ | ကျွန်းပင်ကုန်းကျေးရွာအုပ်စု | ၂ | ၂၈၀၀ | ၁၉၆၈ | ၈၃၂ | ၆၂၂ | ၂၁၀ | |
| ၆ | ကိုင်းရိုးကျေးရွာအုပ်စု | ၂ | ၂၃၀၀ | ၁၆၉၂ | ၆၀၈ | ၆၀၈ | | |
| ၇ | ချောင်းကန်ကျေးရွာအုပ်စု | ၁ | ၂၀၀၀ | ၁၄၈၆ | ၅၁၄ | ၅၁၄ | | |
| ၈ | ချောင်းရှည်ကျေးရွာအုပ်စု | ၁ | ၂၃၅၀ | ၁၄၀၇ | ၉၄၃ | ၈၉၃ | ၅၀ | |
| ၉ | ခအုံးတာကျေးရွာအုပ်စု | ၂ | ၃၅၅၀ | ၂၈၀၂ | ၇၄၈ | ၇၄၈ | | |
| ၁၀ | ဂါးတာကျေးရွာအုပ်စု | ၄ | ၃၄၅၀ | ၂၂၃၅ | ၁၂၁၅ | ၁၂၁၅ | | |
| ၁၁ | ငှက်ပျောတိုင်းကျေးရွာအုပ်စု | ၃ | ၃၉၀၀ | ၂၈၅၈ | ၁၀၄၂ | ၁၀၄၂ | | |
| ၁၂ | ငါးမြောင်ကျေးရွာအုပ်စု | ၁ | ၆၅၀ | ၄၇၉ | ၁၇၁ | ၁၇၁ | | |
| ၁၃ | စပါယ်နံ့သာကျေးရွာအုပ်စု | ၂ | ၃၉၅၀ | ၂၄၆၈ | ၁၄၈၂ | ၁၄၃၂ | ၅၀ | |
| ၁၄ | ဆားကျင်းကျေးရွာအုပ်စု | ၃ | ၁၆၀၀ | ၁၀၆၂ | ၅၃၈ | ၅၃၈ | | |
| ၁၅ | ဆူးပုတ်ကုန်းကျေးရွာအုပ်စု | ၁ | ၁၁၀၀ | ၈၀၇ | ၂၉၃ | ၂၉၃ | | |
| ၁၆ | ဇင်းကျေးရွာအုပ်စု | ၂ | ၅၅၅၀ | ၃၈၁၄ | ၁၇၃၆ | ၁၈၃၆ | | ၁၀၀ |
| ၁၇ | ဇီးကုန်း(မ)ကျေးရွာအုပ်စု | ၂ | ၁၇၅၀ | ၁၂၈၁ | ၄၆၉ | ၄၆၉ | | |
| ၁၈ | ဇီးဖြူကုန်းကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၉၆၇ | ၃၃၃ | ၃၃၃ | | |
| ၁၉ | ညိုပင်ရှိုကျေးရွာအုပ်စု | ၄ | ၁၇၀၀ | ၁၁၁၁ | ၅၈၉ | ၅၈၉ | | |
| ၂၀ | ညောင်ဇင်ကျေးရွာအုပ်စု | ၂ | ၃၄၀၀ | ၂၅၀၁ | ၈၉၉ | ၅၉၉ | ၃၀၀ | |
| ၂၁ | တင်မော်ကျေးရွာအုပ်စု | ၃ | ၂၅၅၀ | ၁၇၃၂ | ၈၁၈ | ၇၆၈ | ၅၀ | |
| ၂၂ | ထနောင်းကိုင်းကျေးရွာအုပ်စု | ၁ | ၅၅၀ | ၄၀၂ | ၁၄၈ | ၁၄၈ | | |
| ၂၃ | ထန်းတပင်ကျေးရွာအုပ်စု | ၂ | ၂၄၅၀ | ၁၈၂၆ | ၆၂၄ | ၆၂၄ | | |
| ၂၄ | ထန်းတောကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၉၀၆ | ၂၉၄ | ၂၉၄ | | |
| ၂၅ | ထိန်တောကျေးရွာအုပ်စု | ၃ | ၄၅၅၀ | ၃၅၄၁ | ၁၀၀၉ | ၈၇၉ | ၁၃၀ | |
| ၂၆ | နဂါးပေါ်ကျေးရွာအုပ်စု | ၁ | ၉၅၀ | ၆၄၂ | ၃၀၈ | ၃၀၈ | | |
| ၂၇ | နတ်ပေးကျေးရွာအုပ်စု | ၃ | ၃၁၀၀ | ၂၂၀၀ | ၉၀၀ | ၉၀၀ | | |
| ၂၈ | ပင့်သာကြီးကျေးရွာအုပ်စု | ၃ | ၃၇၀၀ | ၂၄၃၇ | ၁၂၆၃ | ၁၂၆၃ | | |
| ၂၉ | ပဒီကြီးကျေးရွာအုပ်စု | ၃ | ၂၉၅၀ | ၂၀၅၄ | ၈၉၆ | ၈၄၆ | ၅၀ | |

စာမျက်နှာ ၁၁ သို့

*စာမျက်နှာ ၁၀ မှ*

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် ပျောက်ဆုံး | ကွာခြားချက် ပို |
|---|---|---|---|---|---|---|---|---|
| ၃၀ | ပုပ်ပါးကျေးရွာအုပ်စု | ၂ | ၂၃၅၀ | ၂၀၃၈ | ၃၁၂ | ၄၆၂ | | ၁၅၀ |
| ၃၁ | ဖုတ်ကုန်းကျေးရွာအုပ်စု | ၃ | ၄၇၅၀ | ၂၉၆၁ | ၁၇၈၉ | ၁၄၃၉ | ၃၅၀ | |
| ၃၂ | ဘူးကုန်းကျေးရွာအုပ်စု | ၃ | ၄၈၀၀ | ၃၀၃၁ | ၁၇၆၉ | ၁၇၆၉ | | |
| ၃၃ | မယ်ဇတောကျေးရွာအုပ်စု | ၂ | ၁၇၀၀ | ၁၁၃၄ | ၅၆၆ | ၅၆၆ | | |
| ၃၄ | မြေမွန်ကျေးရွာအုပ်စု | ၄ | ၆၂၅၀ | ၄၁၃၄ | ၂၁၁၆ | ၁၉၁၆ | ၂၀၀ | |
| ၃၅ | မြောက်ပေကုန်းကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၁၀၂၂ | ၂၇၈ | ၂၂၈ | ၅၀ | |
| ၃၆ | မလယ်ကျေးရွာအုပ်စု | ၃ | ၃၈၅၀ | ၂၇၂၃ | ၁၁၂၇ | ၁၁၂၇ | | |
| ၃၇ | မဲသည်ကျေးရွာအုပ်စု | ၄ | ၂၆၀၀ | ၁၉၄၅ | ၆၅၅ | ၆၅၅ | | |
| ၃၈ | ရသားကျေးရွာအုပ်စု | ၁ | ၁၁၀၀ | ၇၇၃ | ၃၂၇ | ၃၇၇ | | ၅၀ |
| ၃၉ | ရေရှင်ကျေးရွာအုပ်စု | ၂ | ၃၁၀၀ | ၂၀၂၇ | ၁၀၇၃ | ၁၀၈၃ | | ၁၀ |
| ၄၀ | သပြေသာကျေးရွာအုပ်စု | ၃ | ၄၀၅၀ | ၃၂၃၂ | ၈၁၈ | ၁၀၁၈ | | ၂၀၀ |
| ၄၁ | လွှဲဆိပ်ကျေးရွာအုပ်စု | ၂ | ၃၄၅၀ | ၂၁၂၆ | ၁၃၂၄ | ၁၃၂၄ | | |
| ၄၂ | သရက်ကံကြီးကျေးရွာအုပ်စု | ၂ | ၂၀၀၀ | ၁၄၂၁ | ၅၇၉ | ၅၇၉ | | |
| ၄၃ | သလဲဦးကျေးရွာအုပ်စု | ၁ | ၈၅၀ | ၆၁၅ | ၂၃၅ | ၂၃၅ | | |
| ၄၄ | သောက္ကန်ကျေးရွာအုပ်စု | ၂ | ၁၉၀၀ | ၁၃၂၀ | ၅၈၀ | ၇၈၀ | | ၂၀၀ |
| ၄၅ | ဟင်သော်ကျေးရွာအုပ်စု | ၁ | ၈၅၀ | ၆၀၃ | ၂၄၇ | ၂၄၇ | | |
| ၄၆ | အင်းမကျေးရွာအုပ်စု | ၄ | ၂၉၀၀ | ၂၀၃၆ | ၈၆၄ | ၈၆၄ | | |
| ၄၇ | အင်းလယ်ကြီးကျေးရွာအုပ်စု | ၁ | ၂၇၀၀ | ၂၁၇၈ | ၅၂၂ | ၅၂၂ | | |
| ၄၈ | အမှတ် (၁) ရပ်ကွက် | ၁ | ၃၀၀၀ | ၂၁၃၆ | ၈၆၄ | ၈၆၄ | | |
| ၄၉ | အမှတ် (၅) ရပ်ကွက် | ၂ | ၃၅၅၀ | ၂၅၆၂ | ၉၈၈ | ၉၈၈ | | |
| ၅၀ | ချမ်းအေးသာယာရပ်ကွက် (ဇီးကုန်းမြို့) | ၁ | ၁၈၀၀ | ၁၄၈၉ | ၃၁၁ | ၃၁၁ | | |
| ၅၁ | နဂါးပေါ်ရပ်ကွက်(ဇီးကုန်းမြို့) | ၁ | ၁၃၅၀ | ၁၀၉၉ | ၂၅၁ | ၂၀၁ | ၅၀ | |
| ၅၂ | ရန်ကြီးအောင်ရပ်ကွက် (ဇီးကုန်းမြို့) | ၁ | ၁၉၀၀ | ၁၄၈၄ | ၄၁၆ | ၄၁၆ | | |
| ၅၃ | ရန်နိုင်အေးရပ်ကွက်(ဇီးကုန်းမြို့) | ၁ | ၁၄၅၀ | ၁၀၉၈ | ၃၅၂ | ၃၅၂ | | |
| ၅၄ | လက်ဆည်ရပ်ကွက်(ဇီးကုန်းမြို့) | ၁ | ၈၅၀ | ၆၉၄ | ၁၅၆ | ၁၅၆ | | |
| ၅၅ | အောင်သိဒ္ဓိရပ်ကွက်(ဇီးကုန်းမြို့) | ၁ | ၂၃၅၀ | ၁၉၁၁ | ၄၃၉ | ၄၃၉ | | |
| ၅၆ | ကံကြီးကျေးရွာအုပ်စု | ၃ | ၂၆၀၀ | ၁၈၂၁ | ၇၇၉ | ၁၁၇၉ | | ၄၀၀ |
| ၅၇ | ကမ်းဖြူကျေးရွာအုပ်စု | ၁ | ၁၃၀၀ | ၉၂၃ | ၃၇၇ | ၃၇၇ | | |
| ၅၈ | ကျခပ်အိုက်ကျေးရွာအုပ်စု | ၂ | ၈၅၀ | ၅၅၆ | ၂၉၄ | ၂၉၄ | | |
| ၅၉ | ကျီကုန်းကျေးရွာအုပ်စု | ၁ | ၁၅၅၀ | ၁၀၇၀ | ၄၈၀ | ၄၃၀ | ၅၀ | |
| ၆၀ | ကျီစုကျေးရွာအုပ်စု | ၁ | ၂၈၀၀ | ၂၃၄၈ | ၄၅၂ | ၄၅၂ | | |
| ၆၁ | ကြိုးကြာကျေးရွာအုပ်စု | ၂ | ၂၁၅၀ | ၁၅၈၆ | ၅၆၄ | ၅၆၄ | | |
| ၆၂ | ကာဘိုးကျေးရွာအုပ်စု | ၃ | ၄၆၅၀ | ၃၀၁၉ | ၁၆၃၁ | ၁၅၈၁ | ၅၀ | |
| ၆၃ | ကိုးတောင်ဘို့ကျေးရွာအုပ်စု | ၆ | ၅၆၀၀ | ၃၈၀၉ | ၁၇၉၁ | ၁၇၈၁ | ၁၀ | |
| ၆၄ | ခတောက်ရင်းကျေးရွာအုပ်စု | ၂ | ၂၂၅၀ | ၁၅၈၈ | ၆၆၂ | ၆၆၂ | | |
| ၆၅ | ချင်မြစ်ကျင်းကျေးရွာအုပ်စု | ၂ | ၁၉၅၀ | ၁၄၇၈ | ၄၇၂ | ၄၂၇ | ၄၅ | |
| ၆၆ | ချပ်ကြီးကျေးရွာအုပ်စု | ၂ | ၁၇၀၀ | ၁၂၂၉ | ၄၇၁ | ၄၇၁ | | |
| ၆၇ | ချပ်သင်းကျေးရွာအုပ်စု | ၄ | ၅၁၀၀ | ၃၅၁၁ | ၁၅၈၉ | ၁၆၈၄ | | ၉၅ |
| ၆၈ | ခေါ်သန္တိကျေးရွာအုပ်စု | ၁ | ၁၃၀၀ | ၁၀၃၈ | ၂၆၂ | ၂၆၂ | | |
| ၆၉ | ငါးရာနဲကျေးရွာအုပ်စု | ၃ | ၂၉၀၀ | ၂၁၈၄ | ၇၁၆ | ၆၆၆ | ၅၀ | |
| ၇၀ | စန္ဒယားကျေးရွာအုပ်စု | ၂ | ၂၅၀၀ | ၁၆၆၈ | ၈၃၂ | ၈၃၂ | | |
| ၇၁ | ဆီဆုံကြီးကျေးရွာအုပ်စု | ၂ | ၁၉၀၀ | ၁၃၂၈ | ၅၇၂ | ၄၂၂ | ၁၅၀ | |
| ၇၂ | ဇီးကနားကျေးရွာအုပ်စု | ၄ | ၄၃၅၀ | ၃၂၆၅ | ၁၀၈၅ | ၁၀၄၅ | ၄၀ | |
| ၇၃ | ညောင်ကန်သာကျေးရွာအုပ်စု | ၃ | ၂၀၅၀ | ၁၄၆၄ | ၅၈၆ | ၅၃၁ | ၅၅ | |
| ၇၄ | ညောင်ကုန်းကျေးရွာအုပ်စု | ၃ | ၁၇၅၀ | ၁၂၉၉ | ၄၅၁ | ၄၅၁ | | |
| ၇၅ | ညောင်ပင်ကြီးကျေးရွာအုပ်စု | ၁ | ၁၄၀၀ | ၁၁၃၈ | ၂၆၂ | ၂၆၂ | | |
| ၇၆ | ညောင်ပင်ဆိပ်ကျေးရွာအုပ်စု | ၁ | ၆၅၀ | ၃၉၆ | ၂၅၄ | ၂၅၄ | | |
| ၇၇ | တင်ငုတ်ကြီးကျေးရွာအုပ်စု | ၁ | ၁၁၀၀ | ၈၇၀ | ၂၃၀ | ၂၃၀ | | |
| ၇၈ | တည်ပင်ကျေးရွာအုပ်စု | ၂ | ၃၂၅၀ | ၂၃၇၆ | ၈၇၄ | ၈၂၄ | ၅၀ | |
| ၇၉ | တောက္ကရပ်ကျေးရွာအုပ်စု | ၄ | ၆၆၀၀ | ၄၂၄၇ | ၂၃၅၃ | ၁၃၅၃ | ၁၀၀၀ | |
| ၈၀ | ထန်းကုန်းကျေးရွာအုပ်စု | ၃ | ၆၄၀၀ | ၄၂၅၈ | ၂၁၄၂ | ၂၄၉၂ | | ၃၅၀ |
| ၈၁ | ဒန်းပင်ကျေးရွာအုပ်စု | ၁ | ၁၆၅၀ | ၁၃၀၂ | ၃၄၈ | ၃၄၈ | | |
| ၈၂ | ပေကုန်းကျေးရွာအုပ်စု | ၂ | ၂၂၅၀ | ၁၇၅၁ | ၄၉၉ | ၄၄၉ | ၅၀ | |
| ၈၃ | ဖလုံချိုင်ကျေးရွာအုပ်စု | ၂ | ၂၈၅၀ | ၂၁၆၁ | ၆၈၉ | ၆၈၉ | | |
| ၈၄ | ဘုတ်တောကျေးရွာအုပ်စု | ၃ | ၃၃၅၀ | ၁၅၆၀ | ၁၇၉၀ | ၈၄၀ | ၉၅၀ | |
| ၈၅ | ဘူးကြီးကျေးရွာအုပ်စု | ၁ | ၂၂၅၀ | ၁၅၁၈ | ၇၃၂ | ၆၃၂ | ၁၀၀ | |
| ၈၆ | မြေဒူးကျေးရွာအုပ်စု | ၄ | ၅၆၅၀ | ၃၈၂၆ | ၁၈၂၄ | ၁၃၂၄ | ၅၀၀ | |
| ၈၇ | မိတ်သလင်ကုံးကျေးရွာအုပ်စု | ၂ | ၂၁၀၀ | ၁၄၀၇ | ၆၉၃ | ၆၉၃ | | |
| ၈၈ | ရွက်ကြမ်းကျေးရွာအုပ်စု | ၂ | ၁၅၅၀ | ၁၁၂၀ | ၄၃၀ | ၄၃၀ | | |
| ၈၉ | လိတ္တူကျေးရွာအုပ်စု | ၄ | ၃၃၀၀ | ၂၃၉၇ | ၉၀၃ | ၈၅၃ | ၅၀ | |
| ၉၀ | ဝက်တိုး(တ)ကျေးရွာအုပ်စု | ၁ | ၉၅၀ | ၆၃၈ | ၃၁၂ | ၃၁၂ | | |
| ၉၁ | ဝက်တိုး(မ)ကျေးရွာအုပ်စု | ၂ | ၂၂၅၀ | ၁၆၃၆ | ၆၁၄ | ၆၁၄ | | |
| ၉၂ | သင်တောကျေးရွာအုပ်စု | ၂ | ၃၂၅၀ | ၂၂၅၄ | ၉၉၆ | ၈၄၆ | ၁၅၀ | |
| ၉၃ | သင်ပန်းတောကျေးရွာအုပ်စု | ၂ | ၂၉၅၀ | ၂၁၂၃ | ၈၂၇ | ၈၂၇ | | |
| ၉၄ | သဘွတ်ကုန်းကျေးရွာအုပ်စု | ၁ | ၁၄၀၀ | ၉၆၉ | ၄၃၁ | ၄၃၁ | | |
| ၉၅ | အုပ်ဖိုကျေးရွာအုပ်စု | ၁ | ၁၆၀၀ | ၁၃၀၁ | ၂၉၉ | ၂၉၉ | | |
| ၉၆ | အောက်တဲကျေးရွာအုပ်စု | ၁ | ၁၄၅၀ | ၉၁၈ | ၅၃၂ | ၅၃၂ | | |
| ၉၇ | အောင်ချမ်းသာကျေးရွာအုပ်စု | ၂ | ၂၂၅၀ | ၁၈၁၅ | ၄၃၅ | ၄၃၅ | | |
| | **ရပ်/ကျေးချုပ်စုစုပေါင်း** | ၂၀၄ | ၂၅၄၀၅၀ | ၁၇၉၇၇၈ | ၇၄၂၇၂ | ၇၁၀၃၅ | ၄၇၉၂ | ၁၅၅၅ |
| | **မြို့နယ်ကြိုတင်မဲလက်မှတ်** | | ၄၄၈ | ၄၄၈ | | | | |
| | **မြို့နယ်လက်ကျန်မဲလက်မှတ်** | | ၉၇၀၂ | | ၉၇၀၂ | ၉၇၀၂ | | |
| | **မြို့နယ်ချုပ်စုစုပေါင်း** | ၂၀၄ | ၂၆၄၂၀၀ | ၁၈၀၂၂၆ | ၈၃၉၇၄ | ၈၀၇၃၇ | ၄၇၉၂ | ၁၅၅၅ |

## ဝက်လက်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၉။ မြေပြင်စစ်ဆေးချက်များအရ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မြို့နယ်တွင် ရပ်ကွက် ၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၉ အုပ်စု၊ မဲရုံပေါင်း ၁၃၄ ရုံတွင် ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၁၉၃၄၄၃ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၄၅၉၁၀၊ ကျန်ရှိရမည့် အရေအတွက်မှာ ၄၇၅၃၃ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၄၆၄၇၈ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် ပျောက်ဆုံး | ကွာခြားချက် ပို |
|---|---|---|---|---|---|---|---|
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၉၁၈၅၀ | ၁၄၅၄၂၂ | ၄၆၄၂၈ | ၄၅၃၇၃ | ၇၈၄၂ | ၆၇၈၇ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၄၈၈ | ၄၈၈ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၁၀၅ | | ၁၁၀၅ | ၁၁၀၅ | | |
| | **မြို့နယ်ချုပ်စုစုပေါင်း** | ၁၉၃၄၄၃ | ၁၄၅၉၁၀ | ၄၇၅၃၃ | ၄၆၄၇၈ | ၇၈၄၂ | ၆၇၈၇ |

၁၀။ ဝက်လက်မြို့နယ်၊ ရပ်ကွက် ၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၉ အုပ်စုရှိ မဲရုံ ၁၃၄ ရုံတို့တွင် မဲလက်မှတ် အရေအတွက် ၇၈၄၂ ပျောက်ဆုံးနေပြီး မဲလက်မှတ် ၆၇၈၇ အပို တွေ့ရှိရပါသည်။ အမည်မသိ ကျေးရွာအုပ်စုများမှ အသုံးမပြုရသေးသည့် သီးခြားလာအပ်သော ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ၁၁၅၇ စောင် စစ်ဆေးတွေ့ရှိရပါသည်။

၁၁။ မြေပြင်စစ်ဆေးခဲ့ရာတွင် ပေါက်ကန်ကျေးရွာအုပ်စု မဲရုံတွင် အသုံးပြုထားသည့် ကြိုတင် ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်း၌ ဆန္ဒမဲပေးသူ၏ အမည်၊ မဲစာရင်းအမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ကျေးရွာအမည် စသည်ဖြင့် ဖြည့်သွင်းရေးသားရမည်ဖြစ်သော်လည်း ထိုသို့ဖြည့်သွင်းရေးသားထားမှုမရှိသည့် အသုံးပြုပြီး လက်ခံဖြတ်ပိုင်း ၄၂၅ စောင်ကို စစ်ဆေးတွေ့ရှိရပါသည်။

၁၂။ ၎င်းအပြင် စင်းတဝဲကျေးရွာအုပ်စု မဲရုံ၌ အသုံးပြုခဲ့သော မဲလက်မှတ်အိတ်များတွင် အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် အထုပ်များသာပါရှိပြီး ပြည်သူ့လွှတ်တော် မဲလက်မှတ်အိတ်များ မပါရှိခဲ့သည့်အတွက် စစ်ဆေးခံနိုင်ခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

၁၃။ ဝက်လက်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင် စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် ပျောက်ဆုံး | ကွာခြားချက် ပို |
|---|---|---|---|---|---|---|---|---|
| ၁ | အမှတ် (၁) ရပ်ကွက် | ၂ | ၃၅၅၀ | ၂၇၆၅ | ၇၈၅ | ၁၀၃၅ | | ၂၅၀ |
| ၂ | အမှတ် (၂) ရပ်ကွက် | ၁ | ၂၀၀၀ | ၁၅၄၂ | ၄၅၈ | ၄၅၈ | | |
| ၃ | အမှတ် (၃) ရပ်ကွက် | ၂ | ၃၃၅၀ | ၂၇၁၅ | ၆၃၅ | ၆၃၅ | ၅၀ | ၅၀ |

*စာမျက်နှာ ၁၂ သို့*

စာမျက်နှာ ၁၁ မှ



ဝက်လက်မြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။



ကန့်ဘလူမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၄ | မင်းသားကန်ကျေးရွာအုပ်စု | ၁ | ၁၁၀၀ | ၈၃၂ | ၂၆၈ | ၂၆၈ | | |
| ၅ | ဖွတ်လှိုင်းကျေးရွာအုပ်စု | ၁ | ၁၂၅၀ | ၉၇၀ | ၂၈၀ | ၂၈၀ | | |
| ၆ | ကျီးပင်ကန်ကျေးရွာအုပ်စု | ၁ | ၁၉၅၀ | ၁၅၀၃ | ၄၄၇ | ၄၄၇ | | |
| ၇ | ရင်းတောကျေးရွာအုပ်စု | ၂ | ၃၃၅၀ | ၂၅၁၄ | ၈၃၆ | ၈၃၆ | | |
| ၈ | ခေါ်တောကျေးရွာအုပ်စု | ၂ | ၃၀၅၀ | ၂၂၉၁ | ၇၅၉ | ၇၅၉ | ၁၀၀ | ၁၀၀ |
| ၉ | ပေါက်ကန်ကျေးရွာအုပ်စု | ၁ | ၂၀၅၀ | ၂၅၉၃ | -၅၄၃ | ၄၅၇ | | ၁၀၀၀ |
| ၁၀ | ရွာနန်းကျေးရွာအုပ်စု | ၁ | ၂၇၅၀ | ၁၅၅၄ | ၁၁၉၆ | ၁၁၉၆ | | |
| ၁၁ | ရုံးပင်ကုန်းကျေးရွာအုပ်စု | ၂ | ၃၅၅၀ | ၂၄၁၇ | ၁၁၃၃ | ၁၁၃၃ | ၅၀ | ၅၀ |
| ၁၂ | တချမ်းသာကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၇၄၈ | ၅၅၂ | ၃၅၂ | ၂၀၀ | |
| ၁၃ | မကြီးဖြူကျေးရွာအုပ်စု | ၂ | ၁၉၅၀ | ၁၃၇၃ | ၅၇၇ | ၅၇၇ | ၁၀၀ | ၁၀၀ |
| ၁၄ | ထန်းကြီးကျေးရွာအုပ်စု | ၂ | ၂၉၀၀ | ၂၂၄၁ | ၆၅၉ | ၆၅၉ | | |
| ၁၅ | အင်ကြင်းပင်ကျေးရွာအုပ်စု | ၁ | ၁၁၀၀ | ၇၇၅ | ၃၂၅ | ၃၂၅ | | |
| ၁၆ | မြင်တော်ကျေးရွာအုပ်စု | ၂ | ၂၈၀၀ | ၂၄၂၄ | ၃၇၆ | ၆၂၆ | | ၂၅၀ |
| ၁၇ | သခွတ္တောကျေးရွာအုပ်စု | ၂ | ၄၀၀၀ | ၃၂၃၈ | ၇၆၂ | ၇၆၂ | ၂၀၀ | ၂၀၀ |
| ၁၈ | ကန်ပေါက်ကျေးရွာအုပ်စု | ၁ | ၅၀၀ | ၂၇၇ | ၂၂၃ | ၁၂၃ | ၁၀၀ | |
| ၁၉ | ကူကောင်းကျေးရွာအုပ်စု | ၂ | ၃၂၀၀ | ၂၁၈၆ | ၁၀၁၄ | ၁၁၇၄ | | ၁၆၀ |
| ၂၀ | အင်ဒေါင်းကျေးရွာအုပ်စု | ၂ | ၁၈၅၀ | ၁၂၂၀ | ၆၃၀ | ၃၈၀ | ၂၅၀ | |
| ၂၁ | သရိုင်ကျေးရွာအုပ်စု | ၂ | ၂၂၀၀ | ၁၅၉၆ | ၆၀၄ | ၆၀၄ | ၁၀၀ | ၁၀၀ |
| ၂၂ | မင်းကုန်းကျေးရွာအုပ်စု | ၄ | ၅၆၅၀ | ၃၆၉၄ | ၁၉၅၆ | ၁၉၅၆ | | |
| ၂၃ | ညောင်ပင်ကြီးတော ကျေးရွာအုပ်စု | ၁ | ၂၂၅၀ | ၁၆၉၃ | ၅၅၇ | ၅၅၇ | | |
| ၂၄ | ကမ်းဖြူကျေးရွာအုပ်စု | ၄ | ၃၃၀၀ | ၂၂၀၃ | ၁၀၉၇ | ၁၀၉၇ | ၃၀၀ | ၃၀၀ |
| ၂၅ | မင်းကျေးရွာအုပ်စု | ၁ | ၁၇၅၀ | ၁၃၀၆ | ၄၄၄ | ၄၄၄ | | |
| ၂၆ | ရှားကွဲကျေးရွာအုပ်စု | ၂ | ၃၆၅၀ | ၃၀၄၆ | ၆၀၄ | ၈၄၄ | ၁၅၀ | ၃၉၀ |
| ၂၇ | ရှိန်းမကားကျေးရွာအုပ်စု | ၂ | ၃၁၅၀ | ၂၃၅၄ | ၇၉၆ | ၇၉၆ | ၁၀၀ | ၁၀၀ |
| ၂၈ | စင်းတဝဲကျေးရွာအုပ်စု | ၁ | ၁၁၀၀ | | ၁၁၀၀ | | ၁၁၀၀ | |
| ၂၉ | သစ်ဆိမ့်ကြီးကျေးရွာအုပ်စု | ၁ | ၂၃၅၀ | ၁၉၅၀ | ၄၀၀ | ၆၀၇ | | ၂၀၇ |
| ၃၀ | သာလိုင်းကျေးရွာအုပ်စု | ၁ | ၁၅၅၀ | ၁၅၅၀ | | ၃၄၀ | | ၃၄၀ |
| ၃၁ | ရင်းမာကန်ကျေးရွာအုပ်စု | ၁ | ၁၉၅၀ | ၁၄၉၈ | ၄၅၂ | ၄၅၂ | | |
| ၃၂ | ဟလင်းကျေးရွာအုပ်စု | ၄ | ၅၆၅၀ | ၄၄၂၉ | ၁၂၂၁ | ၉၀၂ | ၃၅၀ | ၃၁ |
| ၃၃ | ဘူးဘကန်ကျေးရွာအုပ်စု | ၃ | ၃၉၀၀ | ၃၂၈၉ | ၆၁၁ | ၈၆၉ | ၂၅၀ | ၅၀၈ |
| ၃၄ | ရုံးသာကျေးရွာအုပ်စု | ၁ | ၁၃၀၀ | ၉၂၉ | ၃၇၁ | ၃၇၁ | | |
| ၃၅ | အင်းဘဲကြီးကျေးရွာအုပ်စု | ၂ | ၂၃၀၀ | ၁၇၀၀ | ၆၀၀ | ၄၅၀ | ၁၅၀ | |
| ၃၆ | တပ်ကျေးရွာအုပ်စု | ၂ | ၃၀၀၀ | ၂၀၁၀ | ၉၉၀ | ၉၉၀ | | |
| ၃၇ | တနင်းသာကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၆၉၈ | ၃၀၂ | ၃၀၂ | | |
| ၃၈ | မုဆိုးခြံကျေးရွာအုပ်စု | ၁ | ၂၁၅၀ | ၁၇၆၇ | ၃၈၃ | ၃၈၃ | | |
| ၃၉ | ဆင်းကွတ်ကျေးရွာအုပ်စု | ၂ | ၂၇၅၀ | ၂၀၁၆ | ၇၃၄ | ၇၃၂ | ၂ | |
| ၄၀ | တကောင်းထောင့်ကျေးရွာအုပ်စု | ၁ | ၁၆၀၀ | ၉၈၈ | ၆၁၂ | ၆၁၂ | | |
| ၄၁ | မင်းချီကျေးရွာအုပ်စု | ၂ | ၃၉၅၀ | ၃၁၇၉ | ၇၇၁ | ၇၇၁ | | |
| ၄၂ | လိမ်ပင်ကျေးရွာအုပ်စု | ၁ | ၇၅၀ | ၆၀၄ | ၁၄၆ | ၁၄၆ | | |
| ၄၃ | ပင်းဇင်းကျေးရွာအုပ်စု | ၂ | ၃၆၀၀ | ၃၀၉၃ | ၅၀၇ | ၅၀၇ | | |
| ၄၄ | ကျွဲဇင်းကျေးရွာအုပ်စု | ၁ | ၂၁၅၀ | ၁၇၄၀ | ၄၁၀ | ၄၁၀ | | |
| ၄၅ | အုပ်ပုံကျေးရွာအုပ်စု | ၂ | ၁၄၀၀ | ၁၀၁၅ | ၃၈၅ | ၃၈၅ | ၁၀၀ | ၁၀၀ |
| ၄၆ | ကျောက်တိုင်ကျေးရွာအုပ်စု | ၂ | ၃၆၅၀ | ၃၀၈၄ | ၅၆၆ | ၅၆၆ | ၅၀ | ၅၀ |
| ၄၇ | ရွှေကျင်ကျေးရွာအုပ်စု | ၁ | ၁၈၅၀ | ၁၄၄၄ | ၄၀၆ | ၄၀၆ | | |
| ၄၈ | မကြီးတုံကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၇၆၈ | ၂၃၂ | ၂၃၂ | | |
| ၄၉ | ရေထွက်ကျေးရွာအုပ်စု | ၃ | ၃၉၀၀ | ၂၅၈၈ | ၁၃၁၂ | ၁၀၁၂ | ၄၅၀ | ၁၅၀ |
| ၅၀ | မဲကုန်းကျေးရွာအုပ်စု | ၂ | ၂၉၅၀ | ၂၂၉၆ | ၆၅၄ | ၆၅၄ | | |
| ၅၁ | သမန်သာကျေးရွာအုပ်စု | ၃ | ၄၈၅၀ | ၄၂၉၂ | ၅၅၈ | ၁၀၂၆ | ၁၅၀ | ၆၁၈ |
| ၅၂ | လှတောကျေးရွာအုပ်စု | ၂ | ၃၆၅၀ | ၂၉၃၉ | ၇၁၁ | ၇၁၁ | | |
| ၅၃ | သနကျေးရွာအုပ်စု | ၂ | ၁၅၀၀ | ၄၄၁ | ၁၀၅၉ | ၄၂၉ | ၆၃၀ | |
| ၅၄ | မောက်ကြိုးကျေးရွာအုပ်စု | ၁ | ၁၉၀၀ | ၁၄၈၃ | ၄၁၇ | ၄၁၇ | | |
| ၅၅ | စင့်ဘာကျေးရွာအုပ်စု | ၁ | ၁၁၅၀ | ၉၁၃ | ၂၃၇ | ၂၃၇ | | |
| ၅၆ | စိုင်နိုင်လေးကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၇၆၆ | ၄၃၄ | ၁၈၄ | ၂၅၀ | |
| ၅၇ | စိုင်နိုင်ကြီးကျေးရွာအုပ်စု | ၂ | ၂၉၅၀ | ၂၂၅၉ | ၆၉၁ | ၄၉၁ | ၃၅၀ | ၁၅၀ |
| ၅၈ | စွယ်ကွေ့ကျေးရွာအုပ်စု | ၃ | ၃၃၀၀ | ၂၅၈၁ | ၇၁၉ | ၅၁၉ | ၂၀၀ | |
| ၅၉ | မြင်းသည်ကျေးရွာအုပ်စု | ၂ | ၄၀၀၀ | ၃၁၅၀ | ၈၅၀ | ၈၅၀ | ၅၀ | ၅၀ |
| ၆၀ | အုန်းနဲ့ဘုတ်ကျေးရွာအုပ်စု | ၁ | ၈၅၀ | ၅၈၉ | ၂၆၁ | ၂၆၁ | | |
| ၆၁ | သမရိုးကျေးရွာအုပ်စု | ၃ | ၄၆၀၀ | ၃၆၆၆ | ၉၃၄ | ၆၈၄ | ၂၅၀ | |
| ၆၂ | ရွာသာကြီးကျေးရွာအုပ်စု | ၃ | ၄၁၀၀ | ၃၂၉၈ | ၈၀၂ | ၈၀၂ | | |
| ၆၃ | ကျီးကန်ကျေးရွာအုပ်စု | ၂ | ၃၃၀၀ | ၂၄၈၅ | ၈၁၅ | ၇၆၅ | ၅၀ | |
| ၆၄ | ပေါက်တောကျေးရွာအုပ်စု | ၂ | ၂၆၅၀ | ၁၉၄၅ | ၇၀၅ | ၇၀၅ | | |
| ၆၅ | ကျေးသီးကုန်းကျေးရွာအုပ်စု | ၂ | ၂၄၅၀ | ၁၈၂၃ | ၆၂၇ | ၆၂၇ | | |
| ၆၆ | တကောင်းမင်းကျေးရွာအုပ်စု | ၂ | ၂၄၅၀ | ၂၂၂၆ | ၂၂၄ | ၅၀၀ | | ၂၇၆ |
| ၆၇ | သရက်ကြီးကျေးရွာအုပ်စု | ၃ | ၃၁၅၀ | ၂၄၀၆ | ၇၄၄ | ၇၄၄ | | |
| ၆၈ | မူးကြီးကျေးရွာအုပ်စု | ၁ | ၁၄၅၀ | ၁၁၀၆ | ၃၄၄ | ၁၄၄ | ၂၀၀ | |
| ၆၉ | ရွှေပန်းကုန်းကျေးရွာအုပ်စု | ၅ | ၆၄၀၀ | ၄၅၈၁ | ၁၈၁၉ | ၁၀၁၉ | ၈၀၀ | |
| ၇၀ | လှတွေကျေးရွာအုပ်စု | ၃ | ၄၉၀၀ | ၃၆၅၆ | ၁၂၄၄ | ၁၀၄၄ | ၂၀၀ | |
| ၇၁ | ဘုရားပြန်ကျေးရွာအုပ်စု | ၂ | ၂၇၀၀ | ၂၀၅၈ | ၆၄၂ | ၆၄၂ | ၁၀၀ | ၁၀၀ |
| ၇၂ | ကိုင်းကျေးရွာအုပ်စု | ၂ | ၃၀၅၀ | ၂၀၅၄ | ၉၉၆ | ၅၃၆ | ၄၆၀ | |
| | ရပ်/ကျေးမှ သီးခြားအပ်နှံ | | | | | ၁၁၅၇ | | ၁၁၅၇ |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၁၃၄ | ၁၉၁၈၅၀ | ၁၄၅၄၂၂ | ၄၆၄၂၈ | ၄၅၃၇၃ | ၇၈၄၂ | ၆၇၈၇ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၄၈၈ | ၄၈၈ | | | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၁၁၀၅ | | ၁၁၀၅ | ၁၁၀၅ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၃၄ | ၁၉၃၄၄၃ | ၁၄၅၉၁၀ | ၄၇၅၃၃ | ၄၆၄၇၈ | ၇၈၄၂ | ၆၇၈၇ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ဂျပန်နိုင်ငံ၌ ဆေးဘက်ဆိုင်ရာဝန်ထမ်းများအတွက် ကာကွယ်ဆေးပေးပို့မှု လုပ်ဆောင်ချက် ပြီးစီးတော့မည်

တိုကျို မေ ၁၀

**ဂျပန်နိုင်ငံ၌ ကာကွယ်ဆေးထိုးပိုင်ခွင့်ရှိသည့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများအား နှစ်ကြိမ်ကာကွယ်ဆေးထိုးရန် လိုအပ်သည့် ကိုဗစ်–၁၉ ကာကွယ်ဆေးပမာဏ ဖြန့်ဝေပေးမှုကို ယခုသီတင်းပတ်အတွင်း ပြီးစီးမည်ဟု ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။**

ဂျပန်အစိုးရသည် တစ်နိုင်ငံလုံးရှိ ဆေးဘက်ဆိုင်ရာဝန်ထမ်းပေါင်း ၄ ဒသမ ၈ သန်းအား ကိုဗစ်–၁၉ ထိုးနှံပေးခြင်းအစီအစဉ်ကို ဖေဖော်ဝါရီလအတွင်း မှစတင်ခဲ့ခြင်း ဖြစ်သည်။

ယခုသီတင်းပတ်အတွင်း နောက်ထပ် ကိုဗစ်–၁၉ ကာကွယ်ဆေး ၂ ဒသမ ၅ သန်းကျော်ကို ဒေသခံအာဏာပိုင်များထံ လွှဲပြောင်းပေးမည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

အသက် ၆၅ နှစ်နှင့်အထက် ၃ ဒသမ ၆ သန်းကိုလည်း ကာကွယ်ဆေးထိုးပေးမှု အရှိန်မြှင့်တင်သွားမည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

နိုင်ငံအတွင်းရှိ သက်ကြီးရွယ်အိုများအား ကိုဗစ်– ၁၉ ကာကွယ်ဆေးထိုးပေးမှုအစီအစဉ်မှာ ဧပြီလကတည်းက စတင်ခဲ့ခြင်းဖြစ်သည်။

လာမည့်သီတင်းနှစ်ပတ်အတွင်း သက်ကြီးရွယ်အိုများအား ကာကွယ်ဆေးထိုးပေးနိုင်ရန် ဆေးအလုံးရေ ၁၈ ဒသမ ၇ သန်းကို ခွဲဝေဖြန့်ပေးသွားမည်ဟု သိရသည်။

အမေရိကန် ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီကြီးဖြစ်သည့်ဖိုက်ဇာနှင့် ဂျာမန်မိတ်ဖက်အဖွဲ့အစည်းဖြစ်သည့် BioNTech တို့ ပူးပေါင်းကာ ထုတ်လုပ်ထားသည့် ကိုဗစ် – ၁၉ ကာကွယ်ဆေးမှာ ဂျပန်နိုင်ငံတွင် ခွင့်ပြုပေးထားသည့် တစ်ခုတည်းသော ကိုဗစ်–၁၉ ကာကွယ်ဆေးဖြစ်သည်။ **အင်န်အိတ်ချ်ကေ**



ဂျပန်နိုင်ငံ၌ ကိုဗစ် –၁၉ ကာကွယ်ဆေးအတွက် ပြင်ဆင်နေမှုများကို တွေ့ရစဉ်။

# အီဂျစ်နိုင်ငံ၌ ဇွန်လမှစတင်ကာ တရုတ်နိုင်ငံထုတ် ဆီနိုဗက် ကိုဗစ် -၁၉ ကာကွယ်ဆေး ထုတ်လုပ်မည်

**ကိုင်ရို မေ ၁၀**

တရုတ်နိုင်ငံထုတ် ဆီနိုဗက် ကိုဗစ်– ၁၉ ကာကွယ်ဆေးကို ဇွန်လအတွင်းမှစတင်ကာ အီဂျစ်နိုင်ငံတွင် ထုတ်လုပ်မည်ဟု အီဂျစ်ကျန်းမာရေးဝန်ကြီး ဟာလာ ဇေယက်ဒ်က မေ ၉ ရက်တွင် ပြောကြားခဲ့သည်။

ကိုင်ရိုမြို့တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ဇွန်လအတွင်း ကိုဗစ် –၁၉ ကာကွယ်ဆေးအလုံးရေ နှစ်သန်းကို ပထမအကျော့အဖြစ် ထုတ်လုပ်မည်ဖြစ်သည်ဟု ပြောကြားခဲ့သည်။ အီဂျစ်နိုင်ငံသားပိုင် ဇီဝထုတ်လုပ်ရေးနှင့် ကာကွယ်ဆေး ထုတ်လုပ်ရေးကုမ္ပဏီ VACSERA တွင် ထုတ်လုပ်သွားမည်ဟု သိရသည်။

ကာကွယ်ဆေးထုတ်လုပ်ရန် လိုအပ်သည့် ကုန်ကြမ်းပစ္စည်း မေ ၁၈ ရက်တွင် ရောက်ရှိမည်ဟု ၎င်းက သတင်းထောက်များကို ပြောသည်။ ပထမတစ်နှစ်တာအတွင်း ကာကွယ်ဆေးအလုံးရေ သန်း ၄၀ ထုတ်လုပ်နိုင်မည်ဟု သိရသည်။ ဆီနိုဗက်နှင့် VACSERA အီဂျစ်ကုမ္ပဏီတို့ အကြားသဘောတူညီမှုကို ဧပြီလကတည်းက လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း၊ ပထမဦးစွာ ကာကွယ်ဆေး ထုတ်လုပ်ရန် ကျွမ်းကျင်ပညာရှင်များနှင့် နည်းပညာဆိုင်ရာ အကူအညီများ ရရှိမည်ဖြစ်ပြီး နောက်တစ်ဆင့်အနေဖြင့် VACSERA အတွက် ဆေးထုတ်လုပ်ခွင့်လိုင်စင် ချထားပေးရမည်ဖြစ်သည်။

အီဂျစ်နိုင်ငံသည် ဇန်နဝါရီလအတွင်းမှစတင်ကာ ကျန်းမာရေးဝန်ထမ်းများအား ကိုဗစ်– ၁၉ ကာကွယ်ဆေးထိုးနှံပေးပြီး ဆီနိုဖမ်း ကာကွယ်ဆေးမှာ အီဂျစ်နိုင်ငံတွင် ပထမဆုံး အသိအမှတ်ပြုသည့် ကိုဗစ် – ၁၉ ကာကွယ်ဆေးဖြစ်သည်။ မတ်လအစောပိုင်းကလည်း အီဂျစ်နိုင်ငံတွင် သက်ကြီးရွယ်အိုများအား ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးပေးပြီး ကူးစက်နိုင်ခြေမြင့်သည့် လူများနှင့် နာတာရှည်ရောဂါသည်များအား ဦးစားပေးကာ ထိုးပေးခြင်းဖြစ်သည်ဟု သိရသည်။

ယခုအချိန်အထိ အီဂျစ်နိုင်ငံတွင် ကိုဗစ် –၁၉ ကူးစက်ခံရသူ ၂၃၆၂၇၂ ဦးရှိပြီး သေဆုံးသူ ၁၃၈၄၅ ဦးရှိသည်ဟု သိရသည်။

**ဆင်ဟွာ**


အီဂျစ်ကျန်းမာရေးဝန်ကြီး သတင်းစာရှင်းလင်းပွဲ ပြုလုပ်နေစဉ်။

# အိန္ဒိယနိုင်ငံမြို့တော်ဒေလီ၌ ကိုဗစ် -၁၉ အတွက် အသွားအလာကန့်သတ်မှုကို မေ ၁၇ ရက်အထိ အချိန်ထပ်တိုး

**နယူးဒေလီ မေ ၁၀**

အိန္ဒိယနိုင်ငံမြို့တော် ဒေလီ၌ မေ ၁၇ ရက်အထိ ကိုဗစ် – ၁၉ ကာလ အသွားအလာပိတ်ဆို့ကန့်သတ်မှုကို အချိန်ကာလထပ်တိုးလိုက်ကြောင်း သိရသည်။ ကိုဗစ်– ၁၉ ကြောင့် ကန့်သတ်မှုများပြုလုပ်ထားရာ မီးရထားပြေးဆွဲမှုကိုလည်း ရပ်နားထားသည်။

အဆိုပါအသွားအလာပိတ်ဆို့ကန့်သတ်မှုကို ဧပြီ ၂၀ ရက်က စတင်ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ပြီးခဲ့သည့်အခေါက်ကလည်း နှစ်ကြိမ်တိုင်တိုင် အသွားအလာပိတ်ဆို့မှု သက်တမ်းကိုတိုးချဲ့ခဲ့ပြီးဖြစ်သည်။ အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်၌ အဆိုးရွားဆုံး ကိုဗစ်– ၁၉ ကူးစက်မှုနှင့် ကြုံတွေ့နေရပြီး နေ့စဉ်ကူးစက်မှုနှုန်းမှာ ၄၀၀၀၀၀ အထက်တွင် ရှိနေသည်မှာလည်း လေးရက်ဆက်တိုက်ရှိနေပြီ ဖြစ်သည်။ မေ ၉ ရက်ကလည်း သေဆုံးမှုနှုန်း ၄၀၀၀ အထက်တွင် ရှိသည်မှာ နှစ်ရက်ဆက်တိုက်ရှိပြီဖြစ်သည်။ ဒေလီမြို့အကြီးအကဲ အာဗင်ကက်ဂျရီဝါးက ကူးစက်ခံရသူနှုန်းမှာ ဆက်လက်တိုးဆဲဟု ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ရက်အနည်းငယ်အတွင်း ဒေလီမြို့တွင် အောက်ဆီဂျင်ထောက်ပံ့ပေးမှုမှာ တိုးတက်မှုရှိလာသည်ဟု ၎င်းကဆက်လက်ပြောသည်။ သို့သော်လည်း ကာကွယ်ဆေးပြတ်လပ်မှုများ ရှိနေဆဲဖြစ်ကြောင်းနှင့် ဗဟိုအစိုးရထံမှ အကူအညီများ ဆက်လက်တောင်းခံဆဲဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ **ကျိုဒို**

# ကိုလံဘီယာ၌ ကိုဗစ် –၁၉ ကူးစက်ခံရသူ သုံးသန်းကျော် ရှိလာ

**ဘိုဂိုတာ မေ ၁၀**

ကိုလံဘီယာနိုင်ငံ၌ ကိုဗစ် – ၁၉ ကူးစက်ခံရသူအရေအတွက်မှာ မေ ၈ ရက်က ၁၇၂၂၂ ဦး ထပ်မံတွေ့ရှိခဲ့သည့်အတွက် တစ်နိုင်ငံလုံးအနှံ့ ကူးစက်ခံရသူစုစုပေါင်း ၃၀၀၂၇၅၈ ဦး ရှိလာသည်ဟု ကျန်းမာရေးနှင့် လူမှုကာကွယ်ရေးဝန်ကြီးဌာနက မေ ၉ ရက်တွင် ပြောကြားခဲ့သည်။

ကိုလံဘီယာနိုင်ငံ၌ ကိုဗစ် – ၁၉နှင့် ဆက်စပ်ပြီး သေဆုံးသူ ၄၉၅ ဦး ရှိလာသည့်အတွက် တစ်နိုင်ငံလုံးအနှံ့ သေဆုံးသူစုစုပေါင်းမှာ ၇၇၈၅၄ ဦးအထိ ရှိလာသည်ဟု ကျန်းမာရေးနှင့် လူမှုကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

**ဆင်ဟွာ**

# နီပေါနိုင်ငံ၌ ကိုဗစ်– ၁၉ ကူးစက်ခံရသူ လေးသိန်းနား ကပ်လာ

**ခတ္တမန္ဒူ မေ ၁၀**

နီပေါနိုင်ငံ၌ ကိုဗစ် – ၁၉ ကူးစက်ခံရသူ အရေအတွက်မှာ လေးသိန်းနား ကပ်လာပြီဖြစ်သည်။ မေ ၉ ရက်က ၈၈၅၀ ထပ်မံတွေ့ရှိခဲ့ရာ စုစုပေါင်း ၃၉၄၆၆၇ ဦး အထိ ရှိလာသည်ဟု သိရသည်။ မေ ၈ ရက်က သေဆုံးသူ ၅၂ ဦး ရှိသည်ဟု ကျန်းမာရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

နီပေါနိုင်ငံ၌ နေ့စဉ်ကူးစက်မှုနှုန်း ၈၀၀၀ အထက်တွင် ရှိနေသည်မှာ ငါးရက်ဆက်တိုက်ရှိနေပြီဖြစ်သည်။ နီပေါနိုင်ငံတွင် ကိုဗစ် – ၁၉ ဒုတိယအကျော့နှင့် ကြုံတွေ့နေရသည့်အတွက် လာမည့်ရက်များအတွင်း ကူးစက်မှုများနှင့် သေဆုံးမှုများ ထပ်မံရှိလာနိုင်သည်ဟု ကျန်းမာရေးကျွမ်းကျင်သူများနှင့် အရာရှိများကပြောသည်။ နိုင်ငံတစ်ဝန်းရှိ ဆေးရုံအချို့မှာ ကိုဗစ် – ၁၉ လူနာများနှင့် ပြည့်နှက်နေသည်။

တချို့သော ဆေးရုံများတွင် အောက်ဆီဂျင်အခက်အခဲကြောင့် နောက်ထပ် လူနာသစ်ထပ်၍ လက်မခံနိုင်တော့ဟု ကြေညာထားရသည်။ **ဆင်ဟွာ**


နီပေါနိုင်ငံ၌ ကိုဗစ် – ၁၉ ဆေးစစ်ပေးနေစဉ်။

# အိုလံပစ်အားကစားပြိုင်ပွဲကြီးမတိုင်မီ ဂျပန်နိုင်ငံမှာ ကိုဗစ်-၁၉ အရေးပေါ်အခြေအနေကို ထပ်မံတိုးချဲ့

ထွန်းကျော်

**အိုလံပစ်အားကစားပွဲမတိုင်မီ ဂျပန်နိုင်ငံ တိုကျိုနဲ့ တခြားအစိတ်အပိုင်းတွေမှာ ချမှတ်ထားတဲ့ ကိုဗစ်-၁၉ အရေးပေါ်အခြေအနေတွေကို ထပ်မံတိုးချဲ့လိုက်ပါတယ်။ ထို့အတူ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု တိုးနေတဲ့ နောက်ထပ် ခရိုင်နှစ်ခုကိုလည်း ကန့်သတ်ပိတ်ဆို့မှုတွေ ချမှတ်လိုက်ပါတယ်။**

## မေလကုန်မှ အဆုံးသတ်မယ်

ကိုဗစ်-၁၉ ကာကွယ်တားဆီးရေး အရေးပေါ်ကြေညာချက်ဟာ တခြားနိုင်ငံတွေမှာ လွှမ်းခြုံကျင့်သုံးနေတဲ့ အသွားအလာကန့်သတ်ပိတ်ဆို့မှုတွေထက် ပြင်းထန်တယ်လို့တော့ မဆိုသာပါဘူး။ ဂျပန်နိုင်ငံမှာ ချမှတ်ထားတဲ့ ကိုဗစ်-၁၉ အရေးပေါ်အခြေအနေဟာ မေ ၁၁ ရက်မှာ အဆုံးသတ်တော့မှာဖြစ်ပါတယ်။ သို့သော်လည်း အခုလို ထပ်မံတိုးချဲ့လိုက်တဲ့အတွက် မေလကုန်မှပဲ အဆုံးသတ်တော့မှာဖြစ်တယ်လို့ ဂျပန်နိုင်ငံဝန်ကြီးချုပ် ဆူဂါယိုရှီဟိဒဲက ပြောပါတယ်။

## အရေးပေါ်အခြေအနေထပ်မံပြဋ္ဌာန်း

ဂျပန်နိုင်ငံရဲ့ အဓိကမြို့ကြီးတွေမှာ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားမှုတွေဟာ သတိထားရလောက်မယ့် အဆင့်တစ်ခုအထိ တိုးနေပါတယ်။ အိုဆာကာနဲ့ ယိုကို ခရိုင်တို့မှာရှိတဲ့ ဆေးရုံတွေလည်း ဝန်နဲ့အားမမျှတော့သလို ဝန်ပိနေပါပြီ။

အဲဒီလို အခြေအနေတွေကို ဗဟိုပြုပြီး အိုင်ချီနဲ့ ဖူကူအိုကာ ခရိုင်နှစ်ခုကို မေ ၃၁ ရက်အထိ နောက်ထပ် ကိုဗစ်-၁၉ အရေးပေါ်အခြေအနေ ထပ်မံပြဋ္ဌာန်းခဲ့တယ်လို့ ဂျပန်ဝန်ကြီးချုပ်က ပြောပါတယ်။

## စိတ်မကောင်းစရာဖြစ်ရပ်

ဂျပန်နိုင်ငံရဲ့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုဟာ တခြားနိုင်ငံတွေနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင်တော့ နည်းတယ်လို့ ပြောရမှာပါ။ ကမ္ဘာမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသေဆုံးမှု အများဆုံးနိုင်ငံကတော့ အမေရိကန်ပြည်ထောင်စု ဖြစ်ပါတယ်။ ဒုတိယ ကူးစက်ဖြစ်ပွားမှု အများဆုံးနိုင်ငံကတော့ အိန္ဒိယနိုင်ငံဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုမှာတော့ ဘရာဇီးနိုင်ငံက ဒုတိယအများဆုံးလို့ ပြောရမှာဖြစ်ပါတယ်။ မကြာသေးမီက အိန္ဒိယမှာ ထပ်မံဖြစ်ပွားလာတဲ့ ကိုဗစ်ကူးစက်မှုအရှိန်ကြောင့် ကမ္ဘာကို မျက်ဖြူဆိုက်စေခဲ့ပါတယ်။ ဒါကြောင့်မို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးသာမက တခြားကမ္ဘာ့နိုင်ငံတွေ၊ အဖွဲ့အစည်းတွေက အိန္ဒိယကို ကူညီထောက်ပံ့နေကြပါတယ်။

ဂျပန်နိုင်ငံမှာ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်း ၁၀၅၀၀ ထက် ကျော်လွန်ခဲ့ပါပြီ။ ဒါဟာ တခြားကမ္ဘာ့ကူးစက်ဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံနဲ့ နှိုင်းယှဉ်ကြည့်ရင်တော့ ဘာမှမဟုတ်သလို ထင်ရပေမယ့် နိုင်ငံအတွင်းမှာတော့ တကယ့်ကို စိတ်မကောင်းစရာ ဖြစ်ရပ်တစ်ခုဖြစ်ပါတယ်။

## အကောင်းဆုံး ကျော်လွှားမယ်

ဒါကြောင့် ဂျပန်အစိုးရဟာ ဒီအခြေအနေကို အကောင်းဆုံး ကျော်လွှားချင်တာကြောင့် နိုင်ငံအတွင်းမှာ ကိုဗစ်-၁၉ ကာကွယ်ရေးတွေ၊ ထိန်းချုပ်ရေးတွေ၊ တားဆီးနှိမ်နင်းရေးတွေကို အပူတပြင်းလုပ်ဆောင်နေတာဖြစ်ပါတယ်။ မလုပ်ဆောင်ဘဲ နေနိုင်ရိုးလား။ ဒီ ကိုဗစ်-၁၉ ကပ်ဆိုးကြီးဟာ တစ်မျိုးလုံးပြုတ်ပြုတ်ပြုန်းမယ့် အရေးပဲလေ။ ဒီအရေးကိုတော့ ဘယ်သူ၊ ဘယ်အစိုးရတွေကမှ အဖြစ်ခံနိုင်မယ် မထင်ပါဘူး။ အဲဒီလိုအခြေအနေမှာ ဂျပန်နိုင်ငံသာမက တခြားနိုင်ငံတွေလည်း ဒီလိုမျိုးပဲ၊ တစ်ခါတစ်ရံမှာ ဒီထက်ပိုပြီးတော့ ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးတွေကို လုပ်ဆောင်ရမှာဖြစ်ပါတယ်။




ဂျပန်အိုလံပစ်ပြတိုက်ရှေ့၌ အမှတ်တရ ဓာတ်ပုံရိုက်နေသူများကို တွေ့ရစဉ်။

**ဂျပန်နိုင်ငံမှာ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်း ၁၀၅၀၀ ထက် ကျော်လွန်ခဲ့ပါပြီ။ ဒါဟာ တခြားကမ္ဘာ့ကူးစက်ဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံနဲ့ နှိုင်းယှဉ်ကြည့်ရင်တော့ ဘာမှမဟုတ်သလို ထင်ရပေမယ့် နိုင်ငံအတွင်းမှာတော့ တကယ့်ကို စိတ်မကောင်းစရာဖြစ်ရပ်တစ်ခုဖြစ်**

## ကာကွယ်ဆေးဖြန့်ဝေမှုအပိုင်း အတော်နှေး

ဂျပန်နိုင်ငံရဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးရရှိဖြန့်ဝေမှုအပိုင်းမှာ အတော်လေးနှေးပါတယ်။ ဒါကြောင့် တချို့ဒေသတွေမှာ လက်ရှိဖြစ်ပွားနေတဲ့ ကိုဗစ်-၁၉ ကပ်ရောဂါကို ထိန်းချုပ်ဖို့ အနိုင်နိုင်ကြိုးစားနေရတဲ့ကြားက အသွင်ပြောင်းကိုရိုနာဗိုင်းရပ်စ် မျိုးစိတ်သစ်ရဲ့ ထပ်မံနှိပ်စက် ကလူပြုခြင်းကို လည်စင်းပြီးခံနေရပါတယ်။ ဒါဟာလည်း ကိုဗစ်-၁၉ လျင်မြန်စွာ ကူးစက်စေတဲ့အကြောင်းရင်းတစ်ခုဖြစ်သလို ကိုဗစ်-၁၉ လှိုင်းဂယက်ကို ထပ်မံဖြစ်ပွားစေနိုင်တဲ့ အရင်းအမြစ်လည်း ဖြစ်နိုင်ပါတယ်။

အိုဆာကာအုပ်ချုပ်ရေးမှူး ဟီရိုဖူမီ ယိုရှိမူရာက ဂျပန်နိုင်ငံအနောက်ပိုင်းဒေသရဲ့ ဆေးဘက်ဆိုင်ရာစနစ်ဟာ ယိုင်လဲသွားပြီလို့ ပြောပါတယ်။ ကိုဗစ်-၁၉ လူနာတွေဟာ လူနာတင်ယာဉ်စောင့်ရင်းနဲ့ သေဆုံးခဲ့ကြတာဟာ ကျန်းမာရေးစနစ်ယိုင်လဲသွားတာကို ပြသတာပါပဲ။ လူနာတွေဟာ ဆေးရုံရောက်ဖို့မပြောနဲ့ လူနာတင်ယာဉ်အလာစောင့်ရင်းပဲ သေဆုံးခဲ့ကြတာပါ။

## အမည်စာရင်းထည့်သွင်း

ဖူကူအိုကာနဲ့ အိုင်ချီခရိုင်တွေကို ရက်သတ္တနှစ်ပတ် ကိုဗစ်-၁၉ ကာကွယ်တားဆီးရေး ဆောင်ရွက်ချက်တွေ လုပ်ဆောင်ဖို့ ခရိုင်လေးခုထဲကို အမည်စာရင်းထည့်သွင်းခဲ့ပါတယ်။ အဲဒီခရိုင်လေးခုကတော့ အိုဆာကာ၊ ယိုကို၊ ကျိုတိုနဲ့ မြို့တော်တိုကျိုတို့ပဲဖြစ်ပါတယ်။ တိုကျိုအိုလံပစ်ကို ဇူလိုင် ၂၃ ရက်မှာ ဖွင့်မှာ ဖြစ်ပါတယ်။

## စီးပွားရေးဆောင်ရွက်ချက်ကိုကန့်သတ်

ကိုဗစ်-၁၉ အရေးပေါ်အခြေအနေဟာ စီးပွားရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုတွေကိုလည်း ကန့်သတ်ထားပါတယ်။ ဘားတွေနဲ့ စားသောက်ဆိုင်တွေကိုလည်း ပိတ်ဖို့၊ ဒါမှမဟုတ် အရက်ရောင်းတာကို ပိတ်ဖို့ပြောလိုက်ပါတယ်။ ရုပ်ရှင်ရုံနဲ့ ကာရာအိုကေဆိုင်တွေကိုလည်း ပိတ်ထားခိုင်းပါတယ်။

အရေးပေါ်အခြေအနေကို ထပ်မံတိုးချဲ့လိုက်သော်လည်း တချို့စည်းမျဉ်းတွေကိုတော့ မကြာမီ ဖြေလျှော့ပေးတော့မှာ ဖြစ်ပါတယ်။ အဲဒီထဲမှာ သတ်မှတ်ထားတဲ့ ပွဲကြည့်ပရိသတ်အရေအတွက်ကို ပွဲကြည့်ခွင့်ပြုရေး ပါဝင်လာပါတယ်။

## ၁၀၀၀၀ ကျော်ပါဝင်ကစားမယ်

ကိုဗစ်-၁၉ ကြောင့် ရွှေ့ဆိုင်းထားတဲ့ ၂၀၂၀ အိုလံပစ်အားကစားပြိုင်ပွဲမှာ နိုင်ငံနဲ့ ဒေသပေါင်း ၂၀၀ က အားကစားသမားပေါင်း ၁၀၀၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။

## ဆက်လက်ကျင်းပသွားမယ်

အားကစားဥက္ကဋ္ဌ ဆီကိုဟာရှီမိုတိုက ပြိုင်ပွဲစီစဉ်ကျင်းပရေးကော်မတီအနေဖြင့် အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီဥက္ကဋ္ဌ သောမတ်စ်ဘတ်ကို ကြိုဆိုသင့်တယ်လို့ ဆိုသော်ငြားလည်း ကိုဗစ်-၁၉ အရေးပေါ်အခြေအနေ ကြေညာထားတဲ့ ကာလမှာ ဒါဟာ အခက်အခဲတစ်ခုဖြစ်တယ်လို့ သူက ပြောပါတယ်။

ဂျပန်အစိုးရနဲ့ အားကစားပွဲ စီစဉ်ကျင်းပသူတွေကတော့ ကိုဗစ်-၁၉ အခြေအနေ ဘယ်လောက်ဆိုးဆိုး အဲဒီအားကစားပြိုင်ပွဲကြီးကို ဘေးအန္တရာယ်ကင်းကင်းနဲ့ ဆက်လက်ကျင်းပသွားဖို့ အလေးအနက် တိုက်တွန်းပြောကြားထားပါတယ်။ ။

ကိုးကား - အေအက်ဖ်ပီ

# COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီ၏အသိပေးကြေညာချက်

မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသော COVID–19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (COVID–19 Vaccination Fund) မြန်မာကျပ်ငွေ စာရင်း OA 013733 သို့ မေ ၃ ရက်မှ ၇ ရက်အထိ ပြည်တွင်း / ပြည်ပ အလှူရှင်များမှ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၂ ဒသမ ၇၅၀ သန်း ဖြစ်သည်။ မေ ၇ ရက်အထိ ရန်ပုံငွေစာရင်း၏အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

**COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ OA–013733 စာရင်း**

| | ငွေကျပ် |
|---|---:|
| ၃-၅-၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၃၀,၇၈၆,၄၀၃,၁၁၅.၃၉ |
| (+) ၃-၅-၂၀၂၁ မှ ၇-၅-၂၀၂၁ ရက်နေ့ထိ ရရှိငွေ | ၂,၇၅၀,၀၀၀. ၀၀ |
| ၇-၅-၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၃၀,၇၈၉,၁၅၃,၁၁၅.၃၉ |

**COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ EDC 600012 စာရင်း**

| | အမေရိကန်ဒေါ်လာ |
|---|---:|
| ၃-၅-၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၁၇၈,၁၄၀,၁၄၉.၅၃ |
| (+)၃-၅-၂၀၂၁ မှ ၇-၅-၂၀၂၁ ရက်နေ့ထိ ရရှိငွေ | – |
| ၇-၅-၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၁၇၈,၁၄၀,၁၄၉.၅၃ |

**COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ(COVID-19 Vaccination Fund) OA 013733 သို့**
**အများပြည်သူများမှ လှူဒါန်းငွေစာရင်း**
**(၃-၅-၂၀၂၁ ရက်နေ့မှ ၇-၅-၂၀၂၁ ရက်နေ့ထိ)**

| စဉ် | လှူဒါန်းငွေပေးသွင်းသူအမည် | ကျပ် |
|---|---|---:|
| | ၃-၅-၂၀၂၁ | ၂,၆၅၀,၀၀၀ |
| ၁ | ရဲမှူးကြီးကျော်စိုး(ငြိမ်း)+ ဒေါ်ခင်ညိုညိုမြင့် မိသားစုတို့၏ မင်္ဂလာနှစ်(၄၀)ပြည့်အလှူ | ၅၀၀,၀၀၀ |
| | (မင်္ဂလာဒုံမြို့နယ်) | |
| ၂ | ဦးထွန်းထွန်းဝင်း+ဒေါ်နန်းခမ်းပွဲ ကြယ်စင်မင်းစက်သုံးဆီရောင်းဝယ်ရေး (မုံရွာမြို့) | ၅၀၀,၀၀၀ |
| | စစ်ကိုင်းတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (UMFCCI) | |
| ၃ | ဦးစိုးလင်းအောင်+ဒေါ်ခင်မျိုးမျိုးထွန်း(ပန်းပွင့်ဖြူ P.P.P) မျိုးစေ့သန့်စင်စက်နှင့် ဆန်းရွေးစက်(ချောင်းဦးမြို့) | ၃၀၀,၀၀၀ |
| | စစ်ကိုင်းတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (UMFCCI) | |
| ၄ | ဒေါ်ကြူကြူမာ ငုဝါအထည်ဆိုင် အောင်မင်္ဂလာရပ် (မုံရွာမြို့) | ၅၀,၀၀၀ |
| | စစ်ကိုင်းတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (UMFCCI) | |
| ၅ | ဒေါ်ခင်မာတင်၊ ဒေါ်ခင်မာလွင်၊ ဒေါ်ဖြူဖြူဝင်း ညီမတစ်စု သလ္လာမွန်ကုန်မျိုးစုံရောင်းဝယ်ရေး(မုံရွာမြို့) | ၂၀၀,၀၀၀ |
| | စစ်ကိုင်းတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (UMFCCI) | |
| ၆ | ဦးချစ်ပု+ဒေါ်သန်းကြွယ် သား-ဒေါက်တာဇင်မင်းသန့် သန်းတရာ ဆန်စက်၊ မုံရွာစက်မှုဇုန် | ၅၀၀,၀၀၀ |
| | စစ်ကိုင်းတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(UMFCCI) | |
| ၇ | ဦးဘိုးတော+ဒေါ်တင်တင်ဝင်း ဝင်းသိင်္ဂီ ဆန်စက်နှင့်ဆန်ရောင်းဝယ်ရေး ဆိပ်ခွန်ရွာ (ရွှေဘိုမြို့) | ၅၀၀,၀၀၀ |
| | စစ်ကိုင်းတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (UMFCCI) | |
| ၈ | ဦးလွှမ်းမိုးထွန်း ရတနာအောင် ဆန်စက် မြင်းစီးကျေးရွာ (ရွှေဘိုမြို့) | ၁၀၀,၀၀၀ |
| | စစ်ကိုင်းတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (UMFCCI) | |
| | | |
| | ၆-၅-၂၀၂၁ | ၁၀၀,၀၀၀ |
| ၁ | ဦးတင်စိုး (ကြည့်မြင်တိုင်မြို့နယ်) | ၁၀၀,၀၀၀ |
| | | |
| | (၃-၅-၂၀၂၁ ရက်နေ့မှ ၇-၅-၂၀၂၁ ရက်နေ့ထိ) စုစုပေါင်း | ၂,၇၅၀,၀၀၀ |

မှတ်ချက်။ (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ထည့်သွင်းထားသည့် အချက်အလက်များအရ နေရပ်လိပ်စာဖော်ပြထားခြင်းဖြစ်ပါသည်။

(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့်နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများဖြစ်ပါသည်။

COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ

## ၁၀-၅ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုးကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---:|---:|---:|
| ၁။ | အမေရိကန် | ၃၃၄၇၆၉၉၅ | ၂၆၄၃၉၇၁၂ | ၅၉၅၈၁၂ |
| ၂။ | အိန္ဒိယ | ၂၂၆၆၂၅၇၅ | ၁၈၆၇၁၂၂၂ | ၂၄၆၁၄၆ |
| ၃။ | ဘရာဇီး | ၁၅၁၈၄၇၉၀ | ၁၃၇၁၄၁၃၅ | ၄၂၂၄၁၈ |
| ၄။ | ပြင်သစ် | ၅၇၇၇၀၈၇ | ၄၈၇၄၁၀၃ | ၁၀၆၃၉၂ |
| ၅။ | တူရကီ | ၅၀၃၁၃၃၂ | ၄၇၁၆၉၁၈ | ၄၃၀၂၉ |
| ၆။ | ရုရှား | ၄၈၈၈၇၂၇ | ၄၅၀၂၉၀၆ | ၁၁၃၆၄၇ |
| ၇။ | ဗြိတိန် | ၄၄၃၄၈၆၀ | ၄၂၄၈၂၁၁ | ၁၂၇၆၀၅ |
| ၈။ | အီတလီ | ၄၁၁၁၂၁၀ | ၃၆၀၄၅၂၃ | ၁၂၂၈၃၃ |
| ၉။ | စပိန် | ၃၅၆၇၄၀၈ | ၃၂၄၈၀၁၀ | ၇၈၇၉၂ |
| ၁၀။ | ဂျာမနီ | ၃၅၂၇၅၄၀ | ၃၁၇၅၆၀၀ | ၈၅၃၇၁ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၀ – ၅ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---:|---:|---:|
| အင်ဒိုနီးရှား | ၁၇၁၈၅၇၅ | ၁၅၇၄၆၁၅ | ၄၇၂၁၈ |
| ဖိလစ်ပိုင် | ၁၁၀၈၈၂၆ | ၁၀၃၀၃၆၇ | ၁၈၅၆၂ |
| မလေးရှား | ၄၄၄၄၈၄ | ၄၀၅၃၈၈ | ၁၇၀၀ |
| မြန်မာ | ၁၄၂၉၆၃ | ၁၃၂၀၄၅ | ၃၂၁၀ |
| ထိုင်း | ၈၅၀၀၅ | ၅၅၂၀၈ | ၄၂၁ |
| စင်ကာပူ | ၆၁၃၇၈ | ၆၀၉၃၃ | ၃၁ |
| ကမ္ဘောဒီးယား | ၁၉၇၄၃ | ၇၈၂၀ | ၁၂၆ |
| ဗီယက်နမ် | ၃၄၄၈ | ၂၆၀၂ | ၃၅ |
| လာအို | ၁၃၂၇ | ၂၃၈ | ၁ |
| ဘရူနိုင်း | ၂၃၀ | ၂၁၈ | ၃ |

## အမရပူရမြို့နယ်ရှိ ဒေသခံပြည်သူများအား ဆန်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့

နေပြည်တော် မေ ၁၀ – COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများဆောင်ရွက်နေစဉ် ကာလအတွင်း သွားလာမှုကန့်သတ်ချက်များကြောင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရန်အတွက် နယ်မြေခံတပ်မတော်သားများက ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို အိမ်အရောက် လိုက်လံပေးဝေလှူဒါန်းလျက်ရှိသည်။

ယနေ့တွင် မန္တလေးမြို့ အမရပူရမြို့နယ် ဟသ်ာကျေးရွာအုပ်စု ပန်းပဲမြောက်ရပ်ရှိ အိမ်ထောင်စု ၄၀၀ တို့အတွက် ဆန်နှင့် စားသောက်ဖွယ်ရာများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ နယ်မြေခံတပ်မတော်သားများက ပြည်သူများ၏ လက်ဝယ်အရောက် သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# စိုက်ပျိုးစီးပွားလုပ်ငန်းရှင်များဖြစ်ကြသည့် တောင်သူလယ်သမားများ၏ လုပ်ငန်းဆောင်တာများ အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်ချက်များ ပံ့ပိုးကူညီ

နေပြည်တော် မေ ၁၀

**နိုင်ငံတော်က ချမှတ်ထားသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ မူဝါဒများနှင့်အညီ စီမံကိန်းစီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်ထောင်စုဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး အစိုးရအကြား အချိတ်အဆက်မိမိ ပူးပေါင်းဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို မေ ၉ ရက် နံနက်ပိုင်းက ရောဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး၌ ကျင်းပသည်။**



ဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီးအဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပံ့ပိုးမှုများ ဆောင်ရွက်**

အစည်းအဝေးတွင် ပြည်သူများ လူနေမှုအဆင့် အတန်းမြင့်မားရေး၊ စားနပ်ရိက္ခာ ဖူလုံပိုလျှံရေးနှင့် အာဟာရပြည့်ဝစွာ စားသုံးနိုင်ရေး၊ လယ်ယာ သားငါးထုတ်လုပ်မှုတိုးတက်ရေးနှင့် တန်ဖိုးမြင့် ကုန်ချောများအဖြစ် ထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေး၊ ဒေသအလိုက် လယ်ယာသားငါးထွက်ကုန် အခြေခံသော စက်မှုဇုန်များ ပေါ်ထွန်းလာရေး၊ ထုတ်လုပ်မှု၏ အဓိကမောင်းနှင်အားဖြစ်သော ပုဂ္ဂလိကကဏ္ဍ ပိုမိုဖွံ့ဖြိုးလာစေရန်နှင့် လုပ်သာ ကိုင်သာရှိစေရန် လိုအပ်သည့် ပံ့ပိုးမှုများ ဆောင်ရွက်ပေးရေးဆိုင်ရာကိစ္စရပ်များ၊ စိုက်ပျိုးရေးသွင်းအားစုများ ဖြန့်ဖြူးမှုလုပ်ငန်းစဉ် အဆင်ပြေချောမွေ့စေရေး၊ ဆန်စပါးထုတ်လုပ်မှု တိုးမြှင့်ရေးအတွက် ဆန်စက်ပိုင်များ၊ တောင်သူများ အကျိုးတူ ပူးပေါင်းဆောင်ရွက်သည့် ကန်ထရိုက်လယ်ယာစနစ်တွင် သွင်းအားစုကုမ္ပဏီများ ပူးပေါင်းပါဝင်ခြင်းဖြင့် သုံးဦးသုံးဖလှယ် အကျိုးရှိနိုင်မှု ဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**ငဝန်မြစ်အတွင်း ငါးမျိုးစိုက်ထည့်**

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နံနက်ပိုင်းတွင် ငဝန်မြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ တက်ရောက်ကြပြီး သုံးလက်မ အရွယ် ငါးသားပေါက်ကောင်ရေ တစ်သိန်းကို ငဝန်မြစ်အတွင်း ငါးမျိုးစိုက်ထည့်ပေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးတင်အေးနှင့် အဖွဲ့သည် တိုင်းဒေသကြီးနှင့် ခရိုင်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများအား ပုသိမ်မြို့ ရောဇ္ဇဝါခန်းမ၌ တွေ့ဆုံ၍ ရောဝတီတိုင်းဒေသကြီး၏ လယ်ယာသားငါးထုတ်လုပ်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက မိမိတို့ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးတွင် တာဝန်ယူဆောင်ရွက်လျက်ရှိနေကြသော နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ခေတ်မီ အီလက်ထရောနစ် ဆက်သွယ်ရေးနည်းပညာများကို အကျိုးရှိထိရောက်စွာ အသုံးပြုပြီး မိမိတို့လုပ်ငန်းတာဝန်များ ပိုမိုအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် တီထွင်ကြံဆ ဆောင်ရွက်ကြစေလိုကြောင်း၊ လယ်ယာကုန်ထုတ်လုပ်မှုတွင် အဓိကအရေးပါသည့် စိုက်ပျိုး စီးပွားလုပ်ငန်းရှင်များဖြစ်ကြသော တောင်သူလယ်သမားများ၏ လုပ်ငန်းဆောင်တာများ အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်ချက်များကို ပံ့ပိုးကူညီပေးသကဲ့သို့ တောင်သူတစ်ဦးတစ်ယောက်ချင်း လုပ်ကိုင်ဆောင်ရွက်မှုမှ အစုအဖွဲ့ပုံစံဖြင့် ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ပေးရန်နှင့် ပုဂ္ဂလိက ငွေကြေးရင်းနှီးမြှုပ်နှံမှုများကို ကျေးရွာအရောက် ဆက်စပ်ပို့ဆောင်ပေးရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဝင်နှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများ အလိုက် ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များ ဖြည့်ဆည်းဆွေးနွေးသည်။

**အစိုးရနှင့် လုပ်ငန်းရှင်များ ဟန်ချက်ညီပူးပေါင်း**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တိုင်းဒေသကြီးအတွင်းရှိ လယ်ယာသားငါး အခြေပြုစီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ပြည်တွင်းစားသုံးမှုဖူလုံရေး၊ ပြည်ပဝင်ငွေရရှိရေး အတွက် အစိုးရနှင့် လုပ်ငန်းရှင်များ ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်ရေး၊ ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေး၊ ရင်းနှီးမြှုပ်နှံမှု လိုအပ်ချက်အတွက် ချေးငွေ ရရှိရေးနည်းလမ်းများ၊ မျိုးစေ့လုပ်ငန်း ပိုမိုဖွံ့ဖြိုးရေး အတွက် နိုင်ငံတကာနှင့်ပူးပေါင်း၍ နည်းပညာ အဆင့်မြှင့်တင်ရေး၊ မျိုးစေ့ဈေးကွက် သတင်းအချက်အလက် ချိတ်ဆက်ဆောင်ရွက်ရေး၊ ဈေးကွက်က ဦးဆောင်သည့် စားသုံးသူလိုချင်သည့် အရည်အသွေးပြည့်မီသော ထုတ်ကုန်များ၊ ကုန်ကြမ်းရောင်းချမှုမှ တန်ဖိုးမြှင့်ကုန်ချောထုတ်လုပ်ရေး ကူးပြောင်းရန် လိုအပ်ချက်များကို ဆွေးနွေးခဲ့ကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပုသိမ်မြို့ ကိုးဆူကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်နေမှု လုပ်ငန်းခွင်သို့ရောက်ရှိကြပြီး မြေသားလမ်း၊ ဂဝံလမ်းခင်းနေမှု၊ တံတားတည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက စီမံကိန်း ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ ကိုးဆူကျေးရွာ ကုန်ထုတ်လမ်း ဖောက်လုပ်ပေးခြင်းကြောင့် အဆိုပါလမ်းဘေးဝဲယာရှိ စုစုပေါင်း လယ်မြေဧက ၃၂၆ ဧကအတွက် လယ်ယာသုံး စက်ကိရိယာများ လွယ်ကူစွာ ဝင်ထွက်နိုင်ခြင်း၊ အနီးဝန်းကျင် ကျေးရွာအချင်းချင်း လမ်းခရီး သာယာစွာ သွားလာနိုင်ခြင်း၊ ရိတ်သိမ်းပြီး သီးနှံများ သယ်ယူပို့ဆောင်ရန် အဆင်ပြေ ချောမွေ့စေခြင်း တို့ကြောင့် ဒေသဖွံ့ဖြိုးမှုကို များစွာ အကျိုးပြုနိုင်မည် ဖြစ်သည်။

ကိုးဆူကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်နေမှု လုပ်ငန်းခွင်၌ ဒေသခံတောင်သူများနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက လယ်ယာကုန်ထုတ်သမအသင်းများ ထူထောင်ဆောင်ရွက်နိုင်ရေးနှင့် စက်မှုလယ်ယာစနစ်ကျလယ်ယာမြေ ဖော်ထုတ်လုပ်ကိုင်နိုင်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဟသ္သာတမြို့ ကမ်းနားဖြတ်တာ တည်ဆောက်မှုလုပ်ငန်းအား ကြည့်ရှုစစ်ဆေးကြသည်။ **(ဝဲပုံ)**

ရောဝတီမြစ်ကြောင်း ကမ်းစားပြောင်းလဲလာမှုကြောင့် ဟသ္သာတမြို့ဘက်အခြမ်းသို့ ၂၀၁၈ ခုနှစ် တစ်နှစ်အတွင်း ကမ်းစားနှုန်း ၂၇၅ ပေ ရှိသော်လည်း ၂၀၁၉ ခုနှစ်တွင် ၅၂၂ ပေအထိရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ် တစ်နှစ်အတွင်း ကမ်းစားနှုန်း ၁၀၂၄ ပေ ရှိခဲ့၍ ဦးမိုးလေးတာမှာ ရောဝတီမြစ်အလယ်တွင် ရောက်ရှိခဲ့ကြောင်း၊ ယင်းအခြေအနေကြောင့် လာမည့်မိုးရာသီတွင် ဟသ္သာတမြို့ ရေဘေးကာကွယ်ရေးအတွက် ရောဝတီ-ဟသ္သာတတာနှင့် ဟသ္သာတကမ်းနားတာ ဆုံချက်၏အတွင်း၌ အလျား ပေ ၃၅၀၀၊ ပျမ်းမျှအမြင့် ၁၆ ပေ၊ တာထိပ်အကျယ် ၁၆ ပေရှိ ဖြတ်တာ တည်ဆောက်ခြင်းဖြစ်ကြောင်း၊ ရောဝတီမြစ်ကြောင်း ပြောင်းလဲလာမှုကို ထိန်းသိမ်းပြုပြင်နိုင်ရန် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပြီး ဖြစ်ကြောင်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ရောဝတီတိုင်းဒေသကြီး အတွင်း၌ ရေဘေးကာကွယ်ရေးတာတမံ ၆၄ ခု တာဝန်ယူတည်ဆောက် ထိန်းသိမ်းထားရှိကြောင်းနှင့် စုစုပေါင်း ရေဘေးကာကွယ်ရေး ဧက ၁၇ သိန်း ကျော်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# "ပန်းခင်း" စီမံချက် အချိန်မီ ပြီးစီးအောင်မြင်ရေးအတွက် ဌာနဆိုင်ရာများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

**နေပြည်တော် မေ ၁၀**

နိုင်ငံသားများအား ဥပဒေနှင့်အညီ အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သော ကတ်တစ်မျိုးမျိုးထုတ်ပေးရေး "ပန်းခင်း" စီမံချက်နှင့် ပတ်သက်၍ ညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်က "ပန်းခင်း" စီမံချက်အနေဖြင့် နေပြည်တော်ရှိ မြို့နယ် ရှစ်မြို့နယ်တွင် အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သော ကတ်တစ်မျိုးမျိုး မရှိသူများကို ထုတ်ပေးနိုင်ရေး ၂၀၂၁ ခုနှစ် မေ ၃ ရက်မှ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃ ရက်အထိ ဆောင်ရွက်ရန်ကာလ ၁၈ လ အတွင်း ဌာနဆိုင်ရာများက ကျရာတာဝန်များကို ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ "ပန်းခင်း" စီမံချက် အချိန်မီ ပြီးစီးအောင်မြင်ရေး အတွက် ဌာနဆိုင်ရာများအားလုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့်သူတိုင်း ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်ထားရှိမှသာ နိုင်ငံအတွင်းရှိ လူဦးရေအချက်အလက်များ၊ လူ့စွမ်းအားအရင်းအမြစ်များကို သိရှိနိုင်မည်ဖြစ်ကြောင်း၊ ငါးဦးကော်မတီများဖြင့် အိမ်ထောင်စု စာရင်းထုတ်ပေးပြီး ထိုမှတစ်ဆင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးရမည်ဖြစ်သည့်အတွက် ဆက်စပ်ဌာနများမှ အရာရှိများကိုသာ ထည့်သွင်းဖွဲ့စည်းပေးစေလိုကြောင်း၊ "ပန်းခင်း"စီမံချက်သည် အချိန်နှင့်တစ်ပြေးညီ ပြီးစီးအောင်လုပ်ရမည့် လုပ်ငန်းဖြစ်သဖြင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မှသာ လုပ်ငန်းများ အောင်မြင်မည် ဖြစ်ကြောင်း၊ သွားလာရေးခက်ခဲသည့် နေရာများကို ကြိုတင်စီစဉ်ထားကြရန် လိုကြောင်း၊ အဓိကအကျဆုံးမှာ Data စာရင်းအချက်အလက် မှန်ကန်ရန်နှင့် အချိန်မီပြီးစီးရန် လိုကြောင်း ပြောကြားသည်။



ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် နေပြည်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ညွှန်ကြားရေးမှူး ဦးကျော်သိန်းဆိုင်က "ပန်းခင်း" စီမံချက်နှင့် ပတ်သက်၍ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက်တက်ရောက်လာကြသည့် ဌာနဆိုင်ရာများက သက်ဆိုင်ရာ ကဏ္ဍများအလိုက် အသီးသီးဆွေးနွေးတင်ပြကြရာ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်က ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# သစ်အခြေခံစက်မှုလုပ်ငန်းတွင် သစ်အချောထည်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာအောင် အထူးအလေးပေးဆောင်ရွက်

နေပြည်တော် မေ ၁၀

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ သစ်တောဦးစီးဌာနမှ တည်ထောင်ထားသော အမြဲတမ်း ပျိုးဥယျာဉ်ရှိ ပျိုးပင်ကြီးများ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

## ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သစ်တောဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးနှင့် မြန်မာ့သစ်လုပ်ငန်း ရုံးချုပ်၏ ရုံးလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့သစ်လုပ်ငန်း တော်ဝင်ခန်းမသို့ ရောက်ရှိရာ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အထွေထွေ မန်နေဂျာများက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ မြန်မာ့သစ်လုပ်ငန်း၏ ရည်မှန်းချက်တာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

## တိကျစွာလိုက်နာ

ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက မြန်မာ့သစ်လုပ်ငန်းရှိ ဌာနများအလိုက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၏ ရည်မှန်းချက်များ အောင်မြင်အောင် ဆောင်ရွက်ရန်၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် သစ်ထုတ်ခြင်းအား တစ်နှစ် ရပ်နားမည်ဖြစ်သဖြင့် ယာဉ် / ယန္တရားများ ပြင်ဆင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ရေးနှင့် SOP များ၊ ဌာနဆိုင်ရာ ညွှန်ကြားလွှာများနှင့်အညီ ဆောင်ရွက်နိုင်ရေး သင်တန်းများဖွင့်လှစ်ဆောင်ရွက်သွားရန်၊ သစ်ထုတ်ပြီး သစ်ကွက်များတွင် သဘာဝတန်ဖိုးမြှင့်ကွက်လပ်ဖြည့် စိုက်ပျိုးခြင်းလုပ်ငန်း Enrichment Planting–EP ကို အောင်မြင်အောင် ဆက်လက် ဆောင်ရွက်သွားရန်၊ မြန်မာ့သစ်လုပ်ငန်းက တည်ထောင်စိုက်ပျိုးထားသည့် ကျွန်း/သစ်မာစိုက်ခင်းများ ထိန်းသိမ်းခြင်းနှင့် စိုက်ခင်းသစ်တည်ထောင်ခြင်းများကို ဆက်လက်ဆောင်ရွက်သွားရန်၊ သစ်အခြေခံ စက်မှုလုပ်ငန်းတွင် သစ်အချောထည်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာအောင် အထူးအလေးပေး ဆောင်ရွက်ရန်နှင့် နိုင်ငံတော်အနေဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲခြင်းများနှင့် ပတ်သက်၍ ကာကွယ်ထိန်းသိမ်းခြင်းအား အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မူဝါဒချမှတ်ထားသည့်အတွက် တိကျစွာ လိုက်နာဆောင်ရွက်သွားရန် မှာကြားသည်။



မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဗိုလ်တထောင်မြို့နယ်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးရှိ လေအရည်အသွေးတိုင်းတာရေးစက်အား ကြည့်ရှုစစ်ဆေးပြီး အစည်းအဝေးခန်းမတွင် တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီးအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် One Stop Service ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုနှင့် သီလဝါအထူးစီးပွားရေးဇုန် One Stop Service Centre – OSSC ရုံး၊ ပတ်ဝန်းကျင်ဌာန၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် မိုးဦးကာလတွင်ဖြစ်ပွားတတ်သည့် သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၀

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်နှင့် ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်တို့သည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ မြင်သာမြို့ဦး ပရဟိတဂေဟာ ဆရာတော် ဦးပညာစာရထံသို့ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။**



အဆိုပါ ပရဟိတဂေဟာတွင် လက်ခံ စောင့်ရှောက်ထားသော ကလေး ၃၇၁ ဦးအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် ဝန်ကြီးဌာန၏ ဆန်ဖိုး၊ စားစရိတ်၊ ဝတ်စရိတ်နှင့် ဂေဟာမှူးလစာ ထောက်ပံ့ငွေစုစုပေါင်း ငွေကျပ် ၅၄၈ ဒသမ ၉၇ သိန်းကို ဆရာတော်ထံ ထောက်ပံ့လှူဒါန်းခြင်း ဖြစ်သည်။

## လိုအပ်ချက်အပေါ် ဖြည့်တင်း

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဗဟိုသိုလှောင်ရုံ (ရန်ကုန်) သို့ရောက်ရှိခဲ့ပြီး မိုးကြိုကာလနှင့် မိုးဦးကာလတွင် ဖြစ်ပွားတတ်သော သဘာဝ ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အနေဖြင့် ကယ်ဆယ်ရေး ပစ္စည်းများ သိုလှောင်ထားရှိမှုနှင့် ဖြန့်ခွဲထောက်ပံ့နိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ **(အပေါ်ပုံ)** တိုင်းဒေသကြီး ဦးစီးမှူးနှင့် သိုလှောင်ရုံ တာဝန်ခံက ဗဟိုသိုလှောင်ရုံ (ရန်ကုန်မြို့) တွင် ကယ်ဆယ်ထောက်ပံ့ရေး ပစ္စည်း ၁၇ မျိုး၊ အိမ်ထောင်စု ၁၅၀၀၀ စာ၊ ဒေသဖွံ့ဖြိုးရေးသုံး ပစ္စည်းများနှင့် အလှူပစ္စည်းများ၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး သိုလှောင်ရုံတွင် ကယ်ဆယ်ရေး ပစ္စည်း အိမ်ထောင်စု ၅၀၀၀ စုစာ သိုလှောင်ထားရှိပါကြောင်း၊ ဗဟိုသိုလှောင်ရုံ (ရန်ကုန်မြို့) မှ အောက်မြန်မာပြည်ရှိ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့အတွင်း တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ် သိုလှောင်ရုံ စုစုပေါင်း ၅၀ သို့ ကယ်ဆယ်ထောက်ပံ့ရေး ပစ္စည်းကို အဓိကပေးပို့ ဖြည့်တင်းလျက်ရှိပြီး ကျန်တိုင်းဒေသကြီး/ ပြည်နယ်/ခရိုင်/မြို့နယ်သိုလှောင်ရုံများသို့လည်း အရေးပေါ်အခြေအနေနှင့် လိုအပ်ချက်ရှိမှုအပေါ် မူတည်၍ ပေးပို့ဖြည့်တင်းလျက်ရှိပါကြောင်း ရှင်းလင်းတင်ပြကြသည်။

## ကြိုတင်ပြင်ဆင်ရမည်

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ဗဟိုသိုလှောင်ရုံ (ရန်ကုန်) သည် အောက်မြန်မာပြည် အတွက် ကယ်ဆယ်ရေး ပစ္စည်းများ သိုလှောင်ထားရှိရာ ပင်မသိုလှောင်ရုံဖြစ်ပြီး ပင်လယ်ဆိပ်ကမ်းရှိသည့်အတွက် ပြည်တွင်းရှိ အခြားသိုလှောင်ရုံများအတွက် ပစ္စည်းများ ဖြန့်ခွဲပေးနိုင်သည့်အဓိကနေရာဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအောက်ပိုင်းသည် မြစ်ချောင်းများပေါများခြင်း၊ ပင်လယ်ကမ်းရိုးတန်းများ ရှိနေခြင်းကြောင့် သဘာဝဘေးအန္တရာယ် ပိုမိုကျရောက်နိုင်ပြီး လူနေပိုမိုထူထပ်ပါကြောင်း၊ ယခုကာလသည် မေလဆန်းပိုင်းသို့ ရောက်ရှိနေပြီး အနောက်တောင်မုတ်သုံလေ စတင်ဝင်ရောက်လာပါက မိုးရာသီသို့ ရောက်ရှိတော့မည်ဖြစ်၍ ရာသီအလိုက်ဖြစ်ပွားတတ်သည့် သဘာဝဘေးအန္တရာယ် တစ်စုံတစ်ရာ ကျရောက်လာပါက အသင့်ဖြစ်စေရန် နိုးနိုးကြားကြားဖြင့် ကြိုတင်ပြင်ဆင်ရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ဘေးသတင်းများကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ပြီး ကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဌာနများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ကြရန် တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/မြို့နယ်ရုံးများအား လမ်းညွှန်ထားရှိပြီးဖြစ်ပါကြောင်း၊ သို့ဖြစ်ရာ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ကယ်ဆယ် ထောက်ပံ့ရေးပစ္စည်းများကို ဘေးဖြစ်ပွားရာ ဒေသများသို့ အချိန်မီ ဖြန့်ခွဲထောက်ပံ့နိုင်ရေးအတွက် လူ၊ စက်၊ ယာဉ်ယန္တရားများစုဖွဲ့နိုင်ရေး ကြိုတင်စီမံ ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း မှာကြားသည်။

## လှည့်လည်ကြည့်ရှု

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က အမှာစကားပြောကြားခဲ့ပြီး သိုလှောင်ရုံမှ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ဗဟိုသိုလှောင်ရုံရှိ ဂိုဒေါင်များအတွင်း ကယ်ဆယ်ရေးပစ္စည်းများ၊ ဒေသဖွံ့ဖြိုးရေးသုံးပစ္စည်းများ သိုလှောင်ထားရှိမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးရာ ပြည်ထောင်စုဝန်ကြီးက ဗဟိုသိုလှောင်ရုံ (ရန်ကုန်)အပါအဝင် သိုလှောင်ရုံများတွင် Inventory Management စနစ်ကို Software အသုံးပြု၍ ဆောင်ရွက်နိုင်ပါက အချက်အလက်များ ပိုမိုမြန်ဆန်မှန်ကန်စွာ သိရှိနိုင်ခြင်း၊ လူအင်အားနည်းနည်းဖြင့် ဆောင်ရွက်နိုင်ပြီး အချိန်ကုန် သက်သာခြင်း၊ ပစ္စည်းများ လက်ခံဖြန့်ဖြူးရာတွင် ပိုမိုလွယ်ကူချောမွေ့ခြင်း၊ ပစ္စည်းများ လေလွင့်ဆုံးရှုံးမှုမဖြစ်အောင် ကာကွယ်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်သည့်အတွက် အဆိုပါစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ ပုံရိပ်ကိုဖော်ပြ



**နေပြည်တော် မေ ၁၀**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်း၌ ကျင်းပသည့် စာရင်းအင်းအချက်အလက် ပြုစုခြင်းနှင့် သုံးသပ်တင်ပြခြင်း သင်တန်းဖွင့်ပွဲ အခမ်းအနားနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ်(၆)၌ ကျင်းပသည့် Microsoft Office (Excel) ကျွမ်းကျင်မှု သင်တန်းအမှတ်စဉ်(၂) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။ **(ယာပုံ)**

ဖွင့်ပွဲအခမ်းအနားများသို့ ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနအကြီးအကဲများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်သည်။

### စဉ်ဆက်မပြတ် ဆောင်ရွက်

ရှေးဦးစွာ ဒုတိယဝန်ကြီးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု(Human Resource Development)သည် အခြေခံအကျဆုံးနှင့် အရေးအကြီးဆုံး လိုအပ်ချက်ဖြစ်သောကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည် တိုးတက်စေရန်အတွက် ပြည်တွင်း/ပြည်ပ သင်တန်းများ၊ ဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများသို့ စေလွှတ်တက်ရောက်စေခြင်းအပြင် မိမိတို့ဝန်ကြီးဌာနအတွင်း၌ သင်တန်းများ၊ ဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများဖွင့်လှစ်ပို့ချခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ လုပ်ငန်းဌာနများမှ စာရင်းအင်းဆိုင်ရာ တာဝန်ယူဆောင်ရွက်လျက်ရှိသော အရာထမ်း/ အမှုထမ်းများအား စာရင်းအင်းအချက်အလက်များကို မှန်ကန်စွာကောက်ယူနိုင်ရန်၊ စာရင်းအင်းအရည်အသွေးပြည့်ဝစွာ ဆောင်ရွက်နိုင်ရန်နှင့် စိစစ်သုံးသပ်ခြင်းများကို ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ စာရင်းအင်းအချက်အလက် ပြုစုခြင်းနှင့် သုံးသပ်တင်ပြခြင်း သင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း။

### မှန်ကန်စွာ သုံးသပ်ရှုမြင်

နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန် အခြေခံဖြစ်သည့် စာရင်းအင်းများ ရှေ့နောက်ညီညွတ်မှုရှိစေရန်၊ အချိန်မီရရှိရန်၊ ယုံကြည်ကိုးစားနိုင်မည့် ခိုင်မာသည့် စာရင်းအင်းများရရှိရန် လိုအပ်ပါကြောင်း၊ အရည်အသွေးပြည့်မီသည့် စာရင်းအင်းများရရှိမှသာ နိုင်ငံတော်၏ လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများကို မှန်ကန်စွာ သုံးသပ်ရှုမြင်နိုင်မည်ဖြစ်ပြီး ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် လက်တွေ့ကျသည့် မူဝါဒများကို ချမှတ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ ပုံရိပ်ကိုဖော်ပြနိုင်ပြီး တစ်ဖက်တွင်လည်း အစိုးရနှင့် ပြည်သူများအကြား၊ နိုင်ငံတကာအသိုင်းအဝိုင်းများအကြား ယုံကြည်မှုကို တိုးမြှင့်စေနိုင်ကြောင်း။

### လုပ်ငန်းစွမ်းဆောင်ရည် မြင့်မား

ဝန်ကြီးဌာနရှိ ဝန်ထမ်းများ ရုံးလုပ်ငန်းများကို IT နည်းပညာများအသုံးပြု၍ ထိရောက် မြန်ဆန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်၊ ဌာနအသီးသီးတွင် စာရွက်စာတမ်း အသုံးပြုသည့်စနစ်မှ ကွန်ပျူတာသုံးသည့်စနစ်သို့ နည်းစနစ်တကျ ပိုမိုအသုံးချပြီး Paperless စနစ်သို့ဦးတည်ရန်၊ Database များကို Excel ဖြင့် စနစ်တကျ သိမ်းဆည်းသွားနိုင်ရန်ရည်ရွယ်၍ Microsoft Office (Excel) ကျွမ်းကျင်မှုသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း၊ ယနေ့ နိုင်ငံ့ဝန်ထမ်းလေ့ကျင့်ရေးအပိုင်း၌ Career Development Plan ကို အထောက်အကူပြုသည့် Educational Approach ကို ဦးစားပေးတိုးမြှင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ထမ်းများ၏ စွမ်းအား (Ability)နှင့် စွမ်းဆောင်ရည် (Capacity) တို့သည် အဓိကကျသည့် အခန်းကဏ္ဍတစ်ရပ်ဖြစ်သောကြောင့် ယခုကဲ့သို့ သင်တန်းမျိုးကို လုပ်ငန်းခွင်မပျက် ဖွင့်လှစ်ခြင်းဖြင့် ဝန်ထမ်းများ၏ တစ်ဦးချင်း လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားလာစေမည်ဖြစ်ကြောင်း။

သင်တန်းသားများအနေဖြင့် သင်တန်းမှ သတ်မှတ်ထားသည့် သင်တန်းစည်းကမ်းများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ သင်တန်းမှပို့ချပေးသည့် ဘာသာရပ်များကို အထူးဂရုစိုက် ဆည်းပူးလေ့လာသင်ယူကြစေလိုကြောင်း၊ မရှင်းလင်းသည့်အချက်များရှိလျှင် သင်တန်းနည်းပြများကို ပွင့်ပွင့်လင်းလင်း မေးမြန်းကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်နှင့် ဝန်ကြီးဌာနအတွက် အားကိုးအားထားပြုရသည့် ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

### ဖွင့်လှစ်သင်ကြားပို့ချသွားမည်

အဆိုပါ သင်တန်းနှစ်ခုအနက် စာရင်းအင်းအချက်အလက်ပြုစုခြင်းနှင့် သုံးသပ်တင်ပြခြင်း သင်တန်းအား မေ ၁၀ ရက်မှ ဇွန် ၂၁ ရက်အထိ ရက်သတ္တပတ် ငါးပတ်နှင့် ဇွန် ၂၈ ရက်မှ ဩဂုတ် ၁၀ ရက်အထိ ရက်သတ္တပတ် ခြောက်ပတ် သင်တန်းသား ၂၂ ဦးဖြင့်လည်းကောင်း၊ Microsoft Office (Excel) ကျွမ်းကျင်မှုသင်တန်းအမှတ်စဉ်(၂)အား မေ ၁၀ ရက်မှ ဇူလိုင် ၁၆ ရက်အထိ ရက်သတ္တပတ် ၁၀ ပတ် သင်တန်းသား ၂၀ ဖြင့်လည်းကောင်း ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် လက်ပစ်ဗုံး၊ လက်လုပ်ဗုံးနှင့် လက်လုပ်မိုင်းများအား အသုံးပြုကာ အကြမ်းဖက်မှုလုပ်ရပ်များအား လုပ်ဆောင်

နေပြည်တော် မေ ၁၀

**နိုင်ငံတော်အတွင်း ဆူပူအကြမ်းဖက်သူလူအုပ်စုများအနေဖြင့် နိုင်ငံတော်ပိုင်အဆောက်အအုံများ၊ အေးချမ်းစွာနေထိုင်လိုသော ပြည်သူလူထုအချို့၏ နေအိမ်များ၊ အများပြည်သူသွားလာ လှုပ်ရှားနေသော လမ်းမကြီးများပေါ်တွင် လက်လုပ်ဗုံးများ ပစ်ဖောက်ခြင်း၊ ထောင်ထားခြင်းများအား လုပ်ဆောင်လျက်ရှိသည်။**



သန်လျင်မြို့နယ်၌ လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားရာ နေရာကို တွေ့ရစဉ်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ မေ ၉ ရက် ညနေ ၃ နာရီ ၁၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် သီရိခေမာရပ်ကွက် ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးအား လည်းကောင်း၊ ညနေ ၃ နာရီ ၁၅ မိနစ်တွင် အင်းစိန်မြို့နယ် ကြို့ကုန်းအနောက်ရပ်ကွက်ရှိ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံး၌ လည်းကောင်း၊ ည ၇ နာရီတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ ခရစ်ယာန်ရပ်ကွက်ရှိ မြို့နယ်စည်ပင်ရုံးအား လည်းကောင်း၊ ည ၇ နာရီ မိနစ် ၂၀ တွင် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့ ရွှေဆံတော်ရပ်ကွက် ဘုရင့်နောင်(၆)လမ်းရှိ “အင်းကြင်းမြိုင်ဆည်းဆာ” စားသောက်ဆိုင်ခြံစည်းရိုးအနီးအား လည်းကောင်း၊ ည ၇ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (၃) ရပ်ကွက်ရှိ မြို့နယ်လျှပ်စစ်ခတ်အားခွဲရုံအားလည်းကောင်း၊ ည ၈ နာရီတွင်ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် အမှုထမ်းရပ်ကွက် မင်္ဂလာကျောင်းနှင့် အမှတ်(၁)အခြေခံအပညာအထက်တန်းကျောင်းအားလည်းကောင်း၊ ည ၁၀ နာရီခွဲ၌ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် အောင်ဆုပန်ရပ်ကွက် ဝေဇယန္တာလမ်းနှင့် သံသုမာလမ်းထောင့်ရှိ ယာဉ်ထိန်းနားနေဆောင်အား လည်းကောင်း၊ ည ၁၂ နာရီခန့်တွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့ မြောက်ပိုင်းရပ်ကွက်နေ ဦးလှဝင်း (၆၂) နှစ် (ဘ) ဦးကျော်မြ၏ နေအိမ်အား လည်းကောင်း၊ မေ ၁၀ ရက် နံနက် ၁ နာရီ ၁၅ မိနစ်တွင် ကယားပြည်နယ် လွိုင်ကော်မြို့ ဈေးပိုင်းရပ်ကွက် ပုလဲလမ်း မြို့နယ်စည်ပင်ရုံးအနီးအား လည်းကောင်း၊ နံနက် ၃ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် မြောက်စည်းနယ်မြေရဲစခန်းအား လည်းကောင်း၊ နံနက် ၄ နာရီခွဲတွင် ရေဦးမြို့ အောင်ဆန်းတိုးချဲ့ရပ်ကွက် လမ်းသွယ်လမ်းနေ ဦးစိုးတင့်အောင် (၆၄)နှစ် (ဘ)ဦးအောင်ဝ၏ နေအိမ်အနောက်ဘက်ခြံစည်းရိုးအနီးအားလည်းကောင်း၊ မွန်းလွဲ ၁၂ နာရီ မိနစ်၅၀ တွင်ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၃၄)ရပ်ကွက် ပင်လုံလမ်းမနှင့် ဦးဝိစာရလမ်းကြားရှိ ယာဉ်ထိန်းမီးအချက်ပြရုံအတွင်းအားလည်းကောင်း၊ ယနေ့ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် သိပ္ပံလမ်းပေါ်ရှိ မန္တလေးခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးအားလည်းကောင်း အကြမ်းဖက်သမားများက လက်ပစ်ဗုံးများ၊ လက်လုပ်မိုင်းများ၊ လက်လုပ်သေနတ်များဖြင့် ပစ်ခတ်ခဲ့ရာ အဆောက်အအုံများ အနည်းငယ်ထိမှန် ပျက်စီးခဲ့ပြီး မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ပေါက်ကွဲမှုဖြစ်စဉ်တွင် အပြစ်မဲ့ပြည်သူလေးဦး အနည်းငယ်ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် တပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူလျက်ရှိသည်။

မေ ၉ ရက် ည ၁၀ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ရဲဘော်လေးကျေးရွာနေ ဦးရွှေဘ(၅၁)နှစ် နေအိမ်ခြံဝင်းအတွင်း၌လည်းကောင်း၊ ယနေ့နံနက် ၁ နာရီ ၁၅ မိနစ်ခန့်တွင် ကယားပြည်နယ် လွိုင်ကော်မြို့ မင်္ဂလာရပ်ကွက်ရှိ မိုးကောင်းဘုရား အရှေ့ဘက် “သော်တာစန်းလက်” ထမင်းဆိုင်ရှေ့၌လည်းကောင်း၊ နံနက် ၈ နာရီခွဲခန့်တွင် လွိုင်ကော်မြို့ မင်္ဂလာရပ်ကွက်ရှိ ကန္ဒရဝတီလမ်းမကြီးရှိ တောင်ကွဲစေတီ၏ မုခ်ဦးတံခါးမကြီးအနီး၌ လည်းကောင်း အကြမ်းဖက်သူများ ထောင်ထားသည့် လက်ပစ်ဗုံးများ၊ လက်လုပ်မိုင်းများအား တွေ့ရှိခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အများပြည်သူ အန္တရာယ်မဖြစ်စေရေး သက်မဲ့ပြုလုပ်သိမ်းဆည်းခဲ့သည်။

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိရောင်းချ

**နေပြည်တော် မေ ၁၀**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ၂၀၁၆ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ စာပဒေသာ ဒုတိယဆုရရှိသည့် စာရေးဆရာ မောင်ချစ်ထွေး (မဟာဝိဇ္ဇာ)၏ **"မြစ်ဝမဲဇာ မြစ်ညာခိုတောင်"** စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင် မြစ်ဝမဲဇာ၏ သဘာဝ အလှအပစုံလင် ရှုမငြီးသည့် မြစ်ချောင်းတောတောင် မြင်ကွင်းများ၊ မြန်မာ၊ ရှမ်း၊ ကတူး၊ ကနန်း လူမျိုးစုများ၏ ရှည်လျားသော နောက်ခံသမိုင်းကို အခြေပြုကာ လက်ရှိဖြစ်ပျက်မှု အခြေအနေများကို ယထာဘူတကျကျ သုံးသပ်တင်ပြထားသည်။ ရသမြောက် အဖွဲ့အနွဲ့များ ထုံမွမ်းလျက် အရေးအသားကောင်းလက်ရာကောင်းဖြင့် တင်ပြထားသည့် စာအုပ်ကောင်း တစ်အုပ်ဖြစ်ပါသည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ငွေကျပ် ၁၇၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၂-၄၀၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉- ၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁- ၃၈၁၄၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**နေပြည်တော် မေ ၁၀**

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက ၂၀၁၅ ခုနှစ် စာပေဗိမာန်စာမူဆု ပြဇာတ်စာပေဒုတိယဆုရ **"ကြာညိုချစ်ဝေ (ရွှေသုတ်မြေ)"** ရေးသားသည့် **"မခြွေရက် ကြွေရက်ကယ်မျော"** စာအုပ်ကို ၂၀၂၁ ခုနှစ် မေလအသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိပါသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများမှတစ်ဆင့်လည်းကောင်း၊ စာတိုက်မှတစ်ဆင့်လည်းကောင်း ပေးပို့လျက်ရှိပါသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်း အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁- ၂၄၉၀၃၁၊ ၃၈၁၄၄၈ တို့သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## အသိပေးကြေညာချက်

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ (၂၀၁၄)အရ ပြန်ကြားရေးဝန်ကြီးဌာနက တရားဝင်ထုတ်ဝေခွင့်ပြုထားသည့် စာအုပ်စာစောင်များတွင် ပါဝင်ခြင်းမရှိသည့် စာအုပ်စာစောင်အချို့အား ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁၁) ရက်ခန့်မှစ၍ တရားမဝင် ထုတ်ဝေဖြန့်ချိနေသည်ကို တွေ့ရှိနေရပါသည်။ ထိုကဲ့သို့ ခွင့်ပြုချက်မရှိဘဲ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ထောက်ပံ့ကူညီခြင်းတို့ ပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ မည်သူမဆို အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

(၁၄-၄-၂၀၂၁)




အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၀ - ၅- ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၉၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၀၃၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၈၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၀၀၄၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၄၀ | ကျပ် | ၉၈၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၇၀ | ကျပ် | ၉၈၀ | ကျပ် |
| အောက်တိန်း ၉၂ | ၉၅၀ | ကျပ် | ၉၈၅ | ကျပ် |
| အောက်တိန်း ၉၅ | ၁၀၃၀ | ကျပ် | ၁၀၈၅ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၃၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၈၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၆၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၉ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၅၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၂၂ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၁၀၀ | ၉၁၀၀ | ၄၃၃ | ၃၉၁၅၃၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၄၄၆ | ၁၅၄၀၈၅၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၁၈ | ၁၄၀၄၀၀ |
| FPB | ၁၉၀၀၀ | ၁၉၀၀၀ | ၁၁ | ၂၀၉၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၁၁ | ၃၀၂၅၀ |
| EFR | ၃၁၀၀ | ၃၁၀၀ | ၁၀၅ | ၃၂၅၅၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ သိမ့်သိမ့်မိုး၊
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ကမ္ဘာဦးကျောက်ခေတ်က အရိုင်းအစိုင်းတွေလို အသိဉာဏ်နည်းဘဝ ပြန်ရောက်သွားကြပြီလား....

— — မေ — —

အကြမ်းဖက်လုပ်ရပ်တွေကို လုပ်ဆောင်ပြီး သူရဲကောင်းတွေအဖြစ် ဂုဏ်ယူနေကြတဲ့ လူငယ်တွေကို တစ်ခုလောက်မေးပါရစေ။ ကိုယ်ပစ်လိုက်တဲ့ မီးပုလင်း၊ ကိုယ်စမ်းသပ် ဖောက်ခွဲလိုက်တဲ့ လက်လုပ်မိုင်းတစ်ခုဟာ ကိုယ့်မိသားစုဝင်တွေကို ထိခိုက်မိပြီး သွေးစွန်းခဲ့ရပြီဆိုရင် အဲဒါ သူရဲကောင်းတွေရဲ့လုပ်ရပ်လို့ ဂုဏ်ယူဝံ့ကြွားနိုင်ပါ့မလား။ ထိခိုက်မိသူတွေဟာ ပြည်သူထဲက ပြည်သူတွေပဲမို့ ဘာကြောင့်များ ပြည်သူထိခိုက်မယ့်လမ်းစဉ်အမှားကို လုပ်ဆောင်နေကြရသလဲ ဆိုတာကို မေးခွန်းထုတ်လိုပါတယ်။



● ယခုရက်ပိုင်း သတင်းစာထဲမှာ ခပ်စိပ်စိပ် မြင်တွေ့လာရတာက အကြမ်းဖက်မှုတွေ လုပ်ဆောင်ဖို့ လက်နက်၊ ပစ္စည်းတွေ ဖမ်းဆီးရမိတာ၊ မီးပုလင်း ပစ်တာ၊ မိုင်းခွဲတာ စတဲ့သတင်းတွေပဲ ဖြစ်ပါတယ်။ ဖမ်းဆီးရမိတဲ့သူတွေကို ကြည့်လိုက်ရင် အသက် ၂၀ ကျော်ကနေ ၄၀ ကြား လူငယ်လူရွယ်တွေ အများဆုံးဖြစ်ပါတယ်။ သူတို့ရဲ့ အစွမ်းအစနဲ့ သတ္တိဗျတ္တိတွေကို ပြည်သူတွေအတိဒုက္ခရောက်စေဖို့ တလွဲအသုံးချကြတဲ့ လူငယ်တွေဖြစ်နေပါပြီ။ အကြမ်းဖက်ခြင်းဆိုတာကို အလွယ်တကူ မင်းမဲ့စရိုက်ဆန်ဆန် ကျူးလွန်နေကြသရွေ့ နိုင်ငံ တိုးတက်ဖို့ဝေးစွ ပြည်သူတွေ မျက်ရည်တွေအကြား အထိတ်ထိတ်အလန့်လန့်နဲ့ ဖြတ်သန်းနေကြရတာကို ဘာကြောင့်များ မသိကျိုးကျွန်ပြုရက်ကြပါသလဲလို့ မေးခွန်းထုတ်လိုပါတယ်

### အထိတ်ထိတ်အလန့်လန့်နဲ့ ဖြတ်သန်းနေကြရ

ယခုရက်ပိုင်း သတင်းစာထဲမှာ ခပ်စိပ်စိပ် မြင်တွေ့လာရတာက အကြမ်းဖက်မှုတွေ လုပ်ဆောင်ဖို့ လက်နက်၊ ပစ္စည်းတွေ ဖမ်းဆီးရမိတာ၊ မီးပုလင်း ပစ်တာ၊ မိုင်းခွဲတာ စတဲ့သတင်းတွေပဲ ဖြစ်ပါတယ်။ ဖမ်းဆီးရမိတဲ့သူတွေကို ကြည့်လိုက်ရင် အသက် ၂၀ ကျော်ကနေ ၄၀ ကြား လူငယ်လူရွယ်တွေ အများဆုံးဖြစ်ပါတယ်။ သူတို့ရဲ့ အစွမ်းအစနဲ့ သတ္တိဗျတ္တိတွေကို ပြည်သူတွေ အတိဒုက္ခရောက်စေဖို့ တလွဲအသုံးချကြတဲ့ လူငယ်တွေဖြစ်နေပါပြီ။ အကြမ်းဖက်ခြင်းဆိုတာကို အလွယ်တကူ မင်းမဲ့စရိုက်ဆန်ဆန် ကျူးလွန်နေကြသရွေ့ နိုင်ငံတိုးတက်ဖို့ဝေးစွ ပြည်သူတွေ မျက်ရည်တွေအကြား အထိတ်ထိတ်အလန့်လန့်နဲ့ ဖြတ်သန်းနေကြရတာကို ဘာကြောင့်များ မသိကျိုးကျွန်ပြုရက်ကြပါသလဲလို့ မေးခွန်းထုတ်လိုပါတယ်။

လက်ပစ်ဗုံးတွေ၊ လက်လုပ်ဗုံးတွေ၊ လက်လုပ်မိုင်းတွေဟာ လူကို ထိခိုက်ဒဏ်ရာရစေတဲ့ အန္တရာယ်ရှိတဲ့အရာတွေ ဖြစ်ပါတယ်။ ဒါတွေကို ပြည်တွင်းမှာ အတွေ့အကြုံမရှိတဲ့ လူငယ်တွေ စမ်းသပ်ကြတယ်။ ပစ်ဖောက်ကြတယ်။ အဲဒီအတွက် လိုအပ်တဲ့အထောက်အပံ့တွေကို အာဏာလိုချင်တဲ့ လောဘသားတွေက နောက်ကွယ်ကနေ မြှောက်ပေးကြ၊ ထောက်ပံ့ပေးကြပုံ ရပါတယ်။ အမှိုက်ပုံမှာ ဗုံးပေါက်ကွဲတယ်၊ ဘဏ်ရှေ့မှာ ပေါက်ကွဲတယ်၊ ရုံးဌာနတွေရှေ့မှာ ပေါက်ကွဲတယ်၊ ထိခိုက်ဒဏ်ရာရတာရှိသလို အန္တရာယ်မဖြစ်တာတွေလည်းရှိတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အသေချာဆုံးကတော့ ပြည်သူတွေ အေးအေးချမ်းချမ်း မနေရတော့တာပါပဲ။ ကိုယ်သွားလာမယ့် ခရီးလမ်းတွေမှာ ဘယ်အချိန်များ ပေါက်ကွဲပျက်စီးမှုကြုံမလဲ ပူပန်နေကြရတဲ့ ပြည်သူတွေဟာ အကြမ်းဖက်မှုတွေကို စက်ဆုပ်နေကြပါပြီ။

### အင်အားကိုပဲ အသုံးချလိုစိတ်တွေ အားကောင်းလာ

နှစ်ဆယ်ရာစုနှောင်းပိုင်းကစပြီး ပညာခေတ်ဆိုတဲ့စကားက တွင်ကျယ်လာခဲ့တာ ဖြစ်ပါတယ်။ နည်းပညာတွေ တစ်ဟုန်ထိုးမြင့်မားလာတယ်၊ ကိုယ်သိချင်၊ တီထွင်ချင်တဲ့အရာတွေ၊ ဖန်တီးတင်ဆက်ချင်တာတွေကို အင်တာနက်ကနေ ရှာဖွေကြတယ်။ ဖန်တီးပုံဖော်နိုင်ကြပါတယ်။ ဒစ်ဂျစ်တယ်ခေတ်ဖြစ်တာကြောင့် အချိန်နဲ့အကွာအဝေးဆိုတာ လူငယ်တွေကြားမှာ ပျောက်ကွယ်လုနီးပါးဖြစ်လာပြီး အားလုံးတစ်စုတစ်စည်းတည်း ဖြစ်လာနိုင်ပါတယ်။ ပညာခေတ်ဆိုတာထက် အတတ်ပညာခေတ်လို့ပြောရင် ပိုမှန်တဲ့ လက်ရှိအခြေအနေမှာ လူသားအများစုဟာ အသိဉာဏ်နဲ့ ဆင်ခြင်တုံတရား၊ ကိုယ်ချင်းစာမှုနဲ့ ကျင့်ဝတ်ဆိုတာတွေကိုတော့ ဥပေက္ခာပြုလာကြတယ်လို့ စွပ်စွဲပါရစေ။ အသိဉာဏ်တွေဟာ ကမ္ဘာဦးကျောက်ခေတ်က အရိုင်းအစိုင်းတွေလို နည်းပါးနေပြီး အင်အားကိုပဲ အသုံးချလိုစိတ်တွေ အားကောင်းလာနေပါတယ်။

ဒါကလည်း အတုမြင်အတတ်သင်ဆိုတဲ့အတိုင်း ကမ္ဘာအရပ်ရပ်က ရက်စက်ကြမ်းကြုတ်မှုတွေဟာ ရုပ်သံလိုင်းတွေမှာ မမြင်တွေ့ချင်မှအဆုံး မြင်လာရတာ၊ ရုပ်ရှင်တွေမှာဆိုရင်လည်း ခေတ်လွန်ယုတ္တိဗေဒမကျတဲ့ ဇာတ်ဝင်ခန်းတွေ၊ လူငယ်တွေ ဆော့ကစားတဲ့ဂိမ်းတွေမှာလည်း လူသတ်၊ တိုက်ခိုက်၊ ဖျက်ဆီးနေတဲ့ဂိမ်းတွေကို မမြင်ချင်မကြားချင်မှ အဆုံးပါပဲ။ ရုပ်ဝတ္ထုတွေနောက်ကို လိုက်ပါရင်းကနေ လူတွေရဲ့ ယဉ်ကျေးမှုတွေ ခေါင်းပါးလာရတာဟာ စဉ်းစားဆင်ခြင်နိုင်တဲ့ လူသားစွမ်းရည်တွေကို ဆွဲချလိုက်သလို ဖြစ်လာနေပါပြီ။

### အကြမ်းဖက်မှုတွေကို ဖန်တီးနေကြတယ်လို့ပဲ ထင်မြင်မိ

သံဃာတော်တွေကို အလေးအမြတ်မထားနိုင်ကြတဲ့ လူငယ်တွေ၊ မိဘတွေကို ရှာဖွေကျွေးမွေးပြုစုဖို့ဆိုတာ အပိုလို့ သတ်မှတ်လာကြတဲ့လူငယ်တွေ၊ ဆရာသမားတွေကို စော်ကားပြစ်တင် ရိုင်းစိုင်းတတ်ကြတဲ့လူငယ်တွေကို မြင်ထားတွေ့ထားရတာမို့ ယခု အကြမ်းဖက်မှုဖြစ်စဉ်တွေကို လူငယ်တွေ လွယ်လွယ်ကူကူလုပ်လာတဲ့အပေါ် မအံ့ဩမိတော့ပါဘူး။ နိုင်ငံရေးအာသီသ၊ နိုင်ငံရေးအသိအမြင် (Political Will) ကို နက်နက်ရှိုင်းရှိုင်း သိမြင်နိုင်မှုအားနည်းပြီး မုန့်လေပွေလို အပေါ်ယံပြန့်ကျယ် ကြွပ်ဆတ်ဆတ်နိုင်လှတဲ့ သိမြင်မှုပုံစံနဲ့ အကြမ်းဖက်မှုတွေကို ဖန်တီးနေကြတယ်လို့ပဲ ထင်မြင်မိပါတယ်။

**အကြမ်းဖက်လုပ်ရပ်တွေကို ပျော်ပျော်ကြီး လုပ်ကြ၊ ပစ်ကြ၊ ခတ်ကြပြီးတဲ့အခါ သတင်းစာတွေမှာ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ သတင်း**ထုတ်ပြန်ချက်တွေမှာ ပါလာပြီဆိုရင် ဆုကြေးရတယ်ဆိုတဲ့ သတင်းစကားကို လူငယ်တွေရဲ့ ဂျန်-ဇီ ကွန်ရက်တွေမှာ ပျံ့နှံ့နေတာကိုလည်း မြင်တွေ့ရပါတယ်။ လက်လုပ်မိုင်းတစ်လုံးခွဲနိုင်ရင် ဘယ်နှသိန်း၊ ပြည်သူ့ဝန်ထမ်းတွေထိရင် ဘယ်နှသိန်း၊ အဆောက်အအုံပျက်စီးရင် ဘယ်နှသိန်း စသည်ဖြင့်တောင် ရှိတယ်ဆိုပြီး ပြောဆိုသံတွေကိုလည်း ကြားသိနေရတာပါ။ ဒါဟာ လေလှိုင်းပေါ်က စိတ်ကူးယဉ်အစိုးရရဲ့ **စနက်၊ နောက်ကွယ်ကနေ နိုင်ငံရေးအမြတ်ထုတ်လိုသူတွေရဲ့စနက်ဆိုတာ အသေအချာပါပဲ။ လူကြီးလူကောင်းဆန်တဲ့ နိုင်ငံရေးသမားတွေရဲ့ လုပ်ရပ်လားဆိုတာကို ပြည်သူက မေးခွန်းထုတ်ကြည့်ဖို့ လိုအပ်နေပြီလို့ ဆိုချင်ပါတယ်။**

❑ အကြမ်းဖက်လုပ်ရပ်တွေကို ပျော်ပျော်ကြီး လုပ်ကြ၊ ပစ်ကြ၊ ခတ်ကြပြီးတဲ့အခါ သတင်းစာတွေမှာ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ သတင်းထုတ်ပြန်ချက်တွေမှာ ပါလာပြီဆိုရင် ဆုကြေးရတယ်ဆိုတဲ့ သတင်းစကားကို လူငယ်တွေရဲ့ ဂျန်-ဇီ ကွန်ရက်တွေမှာ ပျံ့နှံ့နေတာကိုလည်း မြင်တွေ့ရပါတယ်။ လက်လုပ်မိုင်းတစ်လုံးခွဲနိုင်ရင် ဘယ်နှသိန်း၊ ပြည်သူ့ဝန်ထမ်းတွေထိရင် ဘယ်နှသိန်း၊ အဆောက်အအုံပျက်စီးရင် ဘယ်နှသိန်း စသည်ဖြင့်တောင် ရှိတယ်ဆိုပြီး ပြောဆိုသံတွေကိုလည်း ကြားသိနေရတာပါ။ ဒါဟာ လေလှိုင်းပေါ်က စိတ်ကူးယဉ်အစိုးရရဲ့ စနက်၊ နောက်ကွယ်ကနေ နိုင်ငံရေးအမြတ်ထုတ်လိုသူတွေရဲ့စနက်ဆိုတာ အသေအချာပါပဲ။ လူကြီး လူကောင်းဆန်တဲ့ နိုင်ငံရေးသမားတွေရဲ့ လုပ်ရပ်လားဆိုတာကို ပြည်သူက မေးခွန်းထုတ်ကြည့်ဖို့ လိုအပ်နေပြီလို့ ဆိုချင်ပါတယ်

စာရေးသူတို့ငယ်စဉ်က ကျောင်းတော်ကြီးမှာ နံနက်ကျောင်းတက်ချိန်တိုင်း နိုင်ငံတော်အလံကို အလေးပြုကြရပါတယ်။ ပြီးတာနဲ့ ဆောင်ပုဒ်ကလေးတစ်ခုကို ရွတ်ဆိုကြရတာပါ။

"မိမိကိုယ်ကို ကောင်းအောင်ကြိုးစားမည်။
မိမိအတန်းကို ကောင်းအောင်ကြိုးစားမည်။
မိမိကျောင်းကို ကောင်းအောင်ကြိုးစားမည်။
မိမိတိုင်းပြည်အတွက် ကောင်းအောင်ကြိုးစားမည်" တဲ့။

မေလဆန်းပိုင်းက မတွေ့ဖြစ်တာ ဆယ်စုနှစ်နှစ်ခုတောင်မကတော့တဲ့ ငယ်သူငယ်ချင်း အတန်းဖော်တစ်ဦးရဲ့ အမည်နာမကို သတင်းစာမျက်နှာမှာ တွေ့မြင်မိတယ်။ လက်လုပ်မိုင်းတွေ၊ လက်နက်တွေ၊ ဖောက်ခွဲဖျက်ဆီးရေးအတွက် အသုံးပြုမယ့် အရာတွေနဲ့အတူ ဖမ်းမိတာပါ။ ငယ်ငယ်က ကျောင်းမှာ နှစ်ပေါင်းများစွာ အတူတူရွတ်ဆိုခဲ့တဲ့ ကဗျာလေးကိုများ သတိမမူမိတာလားဟု မချိတင်ကဲ ဖြစ်ရပါတယ်။

ငယ်စဉ်က ကျောင်းတော်ကြီးမှာ ပြည်သူ့နီတိ (Civics)၊ ကိုယ်ကျင့်တရား (Morals and Manners) စတာတွေကို အတန်းပညာတွေနဲ့အတူ တွဲပြီး ဆရာဆရာမတွေက သင်ကြားပြသပေးခဲ့ကြတယ်။ မိမိတို့သူငယ်ချင်းတွေအားလုံး ကျောင်းတော်ကြီး သန့်ရှင်းသာယာအောင် ပျော်ပျော်ရွှင်ရွှင် ရိုင်းရိုင်းပင်းပင်း ချစ်ချစ်ခင်ခင်နဲ့ ဆောင်ရွက်ခဲ့ကြဖူးတယ်။ မိခင်ကျောင်းတော် (Alma Mater) ဆိုတဲ့ မိခင်ကျောင်းတော်ကြီးကို ချစ်တဲ့စိတ်၊ ထိုကနေ မိမိတိုင်းပြည်၊ မိမိလူမျိုး၊ မိမိဘာသာတရား၊ မိမိယဉ်ကျေးမှုနဲ့ မိမိပြည်သူတွေကို ချစ်တဲ့စိတ်တွေ ပေါ်ပေါက်လာရမှာ မဟုတ်ပါလား။

လူငယ်တွေအားလုံး ကိုယ်ချင်းစာတရားနဲ့ ယှဉ်တဲ့ လူသားကရုဏာစိတ်ကို ဖန်တီးရင်း တစ်ဖက်မှာ အတတ်ပညာတွေကို ပြည့်ဝအောင် ဖြည့်ဆည်းရင်းကနေ အထက်တန်းကျတဲ့ နိုင်ငံသားကောင်း အပြုအမူ၊ လူကြီးလူကောင်းဆန်တဲ့ အပြုအမူတွေကို လေ့ကျင့်ပျိုးထောင်ပြီး နိုင်ငံအကျိုးပျက်စီးစေမယ့် အကြမ်းဖက်တဲ့လုပ်ရပ်တွေကို ရပ်တန်းကရပ်စေလိုလှပါပြီဟုသာ...။ ။

# အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**
**အကြမ်းဖက်အုပ်စုများအဖြစ်သတ်မှတ်ကြေညာခြင်း**
**အမိန့်ကြော်ငြာစာအမှတ်၊ ၂ /၂၀၂၁**
**၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်**
**(၂၀၂၁ ခုနှစ်၊ မေလ ၈ ရက်)**

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (c) နှင့် ပုဒ်မ ၇၂၊ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ မတရားအသင်းအဖြစ် ကြေညာထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw – CRPH)၊ ယင်းကဖွဲ့စည်းထားသော အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government – NUG) တို့သည် "Civil Disobedience Movement–CDM" တွင် ပါဝင်သူများကို အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန် အစဉ်တစိုက် လှုံ့ဆော်အားပေးခဲ့သည့် အဖွဲ့များဖြစ်ပါသည်။ ယင်းတို့၏ လှုံ့ဆော်မှုကြောင့် နိုင်ငံတော်အတွင်းရှိ နေရာများစွာတွင် အကြမ်းဖက်မှုများစွာ ဖြစ်ပေါ်ခဲ့ရပါသည်။ "CRPH" နှင့် "NUG" အဖွဲ့များ၏ ဦးဆောင်သူများက လှုံ့ဆော်အားပေးမှုကြောင့် အစိုးရ၏ အုပ်ချုပ်ရေးယန္တရားများ ပျက်ပြားစေရန် ဗုံးခွဲခြင်း၊ မီးရှို့ခြင်း၊ လူသတ်ခြင်း၊ ခြိမ်းခြောက်ခြင်းများ ဖြစ်ပေါ်လာခဲ့ပါသည်။ ထို့အပြင် "NUG" အဖွဲ့သည် ပြည်သူ့ကာကွယ်ရေးတပ်မတော် (People Defence Force–PDF) ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်ခဲ့ပါသည်။ "NUG" နှင့် "PDF"တို့၏ လှုံ့ဆော်အားပေးမှုကြောင့် ဒေသန္တရကာကွယ်ရေးတပ်ဖွဲ့ဟုအမည်တပ်ကာ လက်နက်ကိုင်အကြမ်းဖက်သည့် လုပ်ဆောင်မှုများ ပေါ်ပေါက်လာခဲ့ပါသည်။ ယင်းအဖွဲ့များ၏ "CDM" ပြုလုပ်ရန်လှုံ့ဆော်ခြင်း၊ "CDM" မပြုလုပ်သူများကို ခြိမ်းခြောက်ခြင်း၊ ကျောင်းသား/ ကျောင်းသူများနှင့် ဆရာ/ ဆရာမများအား ကျောင်းမတက်ရန် လှုံ့ဆော်ခြင်း၊ ကျောင်းတက်သူများကို ခြိမ်းခြောက်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များကို အားပေးထောက်ခံခြင်း၊ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန်အားထုတ်လျက်ရှိခြင်းတို့သည် ၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၊ ၂၃ ဖြင့် ပြဋ္ဌာန်းခဲ့သည့် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁၃)ပါ အများပြည်သူအတွင်း ထိတ်လန့်ကြောက်ရွံ့မှုကို ဖြစ်စေခြင်း၊ အစိုးရ သို့မဟုတ် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းတစ်ခုခုအား ဥပဒေနှင့်မညီသည့် လုပ်ရပ်တစ်ခုကို အတင်းအကျပ် ပြုလုပ်စေခြင်း သို့မဟုတ် ဥပဒေနှင့်အညီ ပြုလုပ်ရမည်ကို မပြုလုပ်ဘဲ ရှောင်ရှားစေခြင်းတို့ကို ရည်ရွယ်၍ ပြုလုပ်သည့် အကြမ်းဖက်မှုများတွင် အကျုံးဝင်ကြောင်း တွေ့ရှိရပါသည်။

၂။ သို့ပါ၍ မတရားအသင်းအဖြစ် ကြေညာထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw – CRPH)၊ ယင်းကဖွဲ့စည်းထားသော အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government – NUG)၊ ယင်းကဖွဲ့စည်းသည့် ပြည်သူ့ကာကွယ်ရေးတပ်မတော် (People Defence Force – PDF)နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းအားလုံးကို အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာလိုက်သည်။

**ဥက္ကဋ္ဌ**
**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**

## ပညာရေးဝန်ကြီးဌာန
## "၂၀၂၁-၂၀၂၂ ပညာသင်နှစ်"
## ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ

- ❖ မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/လက်ခံခြင်းမပြုရ။
- ❖ ငွေကြေး/လက်ဆောင်ပစ္စည်းတစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။
- ❖ အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။
- ❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်အတိုင်း စစ်ဆေးရန်။
- ❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးပါရန်။
- ❖ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့် ညီညွတ်သောလူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ပါးစပ်နှင့်နှာခေါင်းစည်း(Mask) ကို ညွှန်ကြားချက်များအတိုင်း စနစ်တကျတပ်ဆင်ရန်၊ လိုအပ်ပါက မျက်နှာအကာ(Face Shield) တပ်ဆင်ရန်။
- ❖ လက်ကိုရေနှင့်ဆပ်ပြာအသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် စနစ်တကျ မကြာခဏဆေးကြောရန်။
- ❖ လက်ဖြင့် နှာခေါင်း၊ ပါးစပ်၊ မျက်လုံးများ မကိုင်ရန်။
- ❖ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။

## ပညာရေးဝန်ကြီးဌာန
## "၂၀၂၁-၂၀၂၂ ပညာသင်နှစ်"
## မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်

- ❖ မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်။
- ❖ ငွေကြေးသို့မဟုတ် လက်ဆောင်ပစ္စည်းများကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်း မပြုပါရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်အတိုင်း စစ်ဆေးနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
- ❖ ကျောင်းထွက်သူ လုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးပါရန်။
- ❖ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာ၊ မသုံးစွဲရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ပါးစပ်နှင့်နှာခေါင်းစည်း(Mask) ကို ညွှန်ကြားချက်များအတိုင်း စနစ်တကျတပ်ဆင်ရန်၊ လိုအပ်ပါက မျက်နှာအကာ(Face Shield) တပ်ဆင်ရန်။
- ❖ လက်ကို ရေနှင့်ဆပ်ပြာအသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် စနစ်တကျ မကြာခဏဆေးကြောရန်။
- ❖ လက်ဖြင့် နှာခေါင်း၊ ပါးစပ်၊ မျက်လုံးများ မကိုင်ရန်။
- ❖ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။
- ❖ မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန်။
- ❖ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အသိပေးတိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော်သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့် စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကို သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာ ဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုစနစ်နှင့် ငြိမ်းချမ်းရေးလှေကားထစ်များ

*ထက်ဝေ (ခတု)*

*(ယမန်နေ့မှ အဆက်)*

တကယ်တော့ မျက်မှန်တပ်ထားပြီး ကိုယ့်မျက်မှန်ကိုယ် ပြန်ရှာနေတဲ့ ပုဂ္ဂိုလ်တစ်ယောက်လို မင်းတို့ ဖက်ဒရယ်ကို အော်နေတာလို့ ငါကတော့မြင်တယ်။ အမှန်က မင်းတို့တိုင်းရင်းသားတွေ၊ ငါတို့ပြည်သူတွေ လိုချင်တဲ့ ဖက်ဒရယ်ဆိုတာ တိုင်းဒေသကြီး/ပြည်နယ်တွေက အခြေအနေ ဖန်တီးခွင့် ပိုမိုရရှိစေတဲ့ ဥပဒေပြုခွင့်ပဲမဟုတ်လား၊ လိုနေတာက နိုင်ငံရေးယုံကြည်ချက်နဲ့ တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန် ယုံကြည်မှုတွေပါ။ ယုံကြည်ချက်ခိုင်မာသူတွေအတွက် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေက ဖက်ဒရယ်စနစ်ကိုသွားဖို့ရာ ငြိမ်းချမ်းရေးလှေကားထစ်တွေ ချထားပြီးသားပါ၊ ရဲရဲနင်းဖို့ပဲလိုပါတယ်။

## ကျယ်ကျယ်ပြန့်ပြန့်သိရှိဖို့ လိုအပ်

အဲဒီတော့ ဘယ်လိုလုပ်မှာလဲဆရာ၊ အခုလည်း ဆွေးနွေးနေကြတာပဲလေလို့ ကျွန်တော်ကဆိုရာ အဓိက ဆရာ့အမြင်ကိုပြောရရင် ငြိမ်းချမ်းရေး ဆွေးနွေးမှု မူဘောင်နဲ့ လမ်းစဉ်ချမှတ်မှုမှာ အခုထက် ပိုမိုရှင်းလင်းပြတ်သားဖို့လိုပြီး ဘယ်သူက ဘာလုပ်ရမယ်၊ ဘယ်သူတွေပါဝင်ရမယ်၊ ဘယ်အကြောင်းအရာတွေက ဒေသခံပြည်သူလူထုအများစု လက်ခံဖို့ လိုတယ်ဆိုတာကို မြို့ရွာအနှံ့ ကျယ်ကျယ်ပြန့်ပြန့်သိရှိဖို့ လိုအပ်ပြီး All Inclusive ဖြစ်ဖို့လိုတယ်။

လက်ရှိအခြေအနေအရ Stakeholder တွေ အားလုံးမပါဝင်သေးဘူးလို့ ပြောလို့ရသလို ဆရာတို့လို တောင်ပေါ်၊ မြေပြန့်နေရာအနှံ့မှာ တာဝန်ထမ်းဆောင်ခဲ့ဖူးတဲ့၊ တိုင်းရင်းသားတွေရဲ့ ခံစားချက်တွေကို နားလည်တဲ့ နိုင်ငံ့ဝန်ထမ်းတွေတောင် မပါဝင်သေးဘူးဆိုတာ ဆရာ သတိချပ်မိပါတယ်။ ဒီတော့ လက်နက်ကိုင်ပဋိပက္ခတွေ လျှော့ချဖို့အတွက် ဆွေးနွေး လက်မှတ်ရေးထိုးတာနဲ့ ဖက်ဒရယ်ကို သွားဖို့အတွက် နိုင်ငံရေးဆွေးနွေးတာကို သီးခြားစီပိုင်းခြားကျင့်သုံးပြီး ဆောင်ရွက်နိုင်အောင် နိုင်ငံရေးလမ်းပြမြေပုံရေးဆွဲသင့်ပြီလို့ ဆရာတော့မြင်တယ်။

အဲဒီလိုရေးဖို့အတွက် ဘယ်သူတွေပါရမှာလဲ မေးတော့ ဆရာက ဘယ်သူတွေပါရမှာလဲဆိုတာထက် ပြည်ထောင်စုက ဘယ်လောက်ထိ လိုက်လျောပေးနိုင်သလဲဆိုတာ အဓိကချပြပေးဖို့လိုတယ်။ အဲဒီအပေါ်မှာ အခြေခံပြီး နိုင်ငံရေးလမ်းပြမြေပုံရေးဆွဲရာမှာ ပါဝင်ရမယ့်လူတွေက ပြည်ထောင်စုအဆင့် ကိုယ်စားလှယ်တွေ ၊ တိုင်းဒေသကြီး / ပြည်နယ်အဆင့် ကိုယ်စားလှယ်တွေ၊ နိုင်ငံရေးပါတီ ကိုယ်စားလှယ်တွေ၊ ဌာနဆိုင်ရာ ကိုယ်စားလှယ်တွေ၊ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး မဏ္ဍိုင်(၃)ရပ်မှ ကိုယ်စားလှယ်တွေ၊ တိုင်းရင်းသား ကိုယ်စားလှယ်တွေနဲ့ မျိုးနွယ်စု ကိုယ်စားလှယ်တွေ ပါဝင်သင့်ပါတယ်။

နိုင်ငံရေးလမ်းပြမြေပုံ ရေးဆွဲပြီးရင် ဘာတွေလုပ်ရမှာလဲလို့မေးတော့ ဆရာက နိုင်ငံရေး လမ်းပြမြေပုံ ပီပီပြင်ပြင်ပေါ်လာပြီဆိုရင် မင်းတို့ငါတို့ တိုင်းရင်းသားပြည်သူတွေ မျှော်လင့်နေတဲ့ ဖက်ဒရယ်ပြည်ထောင်စုစနစ်မှာ ဆက်လက်ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေ ပေါ်လာတော့မှာဖြစ်ပါတယ်။

> ❑ တိုင်းရင်းသားတွေက အခွင့်အရေးတောင်းဆိုရာမှာ မိမိတို့တိုင်းဒေသကြီး/ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုတဲ့ဥပဒေပြုခွင့် မှန်သမျှ ညှိနှိုင်းတောင်းဆိုရင် လုပ်ပေးနိုင်အောင် လုပ်လို့ရတဲ့ နောက်ဆက်တွဲဇယားတွေကို နဂိုကတည်းက ရေးဆွဲပေးထားပြီးသားပါ။ ပြည်ထောင်စု မပြိုကွဲအောင်သာ တောင်းဆိုကြပါ။ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ငြိမ်းချမ်းရေးလှေကားထစ်တွေကို မင်းတို့ နင်းဖို့အတွက် ခင်းပေးထားပြီးသား

## လုပ်ငန်းစဉ်

အဲဒီလုပ်ငန်းစဉ်တွေကတော့ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေမူကြမ်းများရေးဆွဲခြင်း၊ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေမူကြမ်းတွေကို ဒေသအလိုက် (တိုင်းဒေသကြီး/ ပြည်နယ်) လူထုဆန္ဒသဘောထားတောင်းခံခြင်းနဲ့ အတည်ပြုခြင်း၊ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေကို အတည်ပြုပြဋ္ဌာန်းခြင်း၊ လွှတ်တော်ပေါ်ပေါက်လာစေဖို့ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေနဲ့အညီ ရွေးကောက်ပွဲများကျင်းပခြင်း၊ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေနဲ့အညီ လွှတ်တော်ခေါ်ယူခြင်း၊ အစိုးရအဖွဲ့ ဖွဲ့စည်းခြင်း၊ အစိုးရအဖွဲ့ဥပဒေ ၊ နည်းဥပဒေများပြဋ္ဌာန်းခြင်း၊ အစိုးရရဲ့ လုပ်ပုံ ကိုင်ပုံနည်းစနစ်တွေ သတ်မှတ်ပြဋ္ဌာန်းခြင်း ဆိုတဲ့ လုပ်ငန်းစဉ်တွေပဲ ဖြစ်ပါတယ်။

ဒီလိုဆို တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေမူကြမ်း ရေးဆွဲမယ်ဆိုရင် ဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်တွေက ဘာတွေလဲလို့ မေးတော့ အဓိကက ပြည်ထောင်စုက ခွဲဝေပေးနိုင်တဲ့ ဥပဒေပြုခွင့်အာဏာကို တိတိကျကျနဲ့ နိုင်ငံရေး လမ်းပြမြေပုံ ရေးဆွဲစဉ်အခါကတည်းက ဖော်ပြထားရင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေက ပြင်ဆင်ပေးနိုင်မယ့်ဥပဒေတွေကို အခုတိုင်းဒေသကြီး /ပြည်နယ်အလိုက်ရေးဆွဲမယ့် ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေမူကြမ်းမှာ အခြေခံမူအဖြစ် ထည့်သွင်းပြီး ရေးဆွဲရမှာ ဖြစ်တယ်။

အဲဒါတွေကတော့ ကဏ္ဍအလိုက် အစုအဖွဲ့ ကိုယ်စားလှယ်များ သတ်မှတ်ခြင်းနဲ့ ကိုယ်စားလှယ်ဦးရေများ သတ်မှတ်ခြင်း၊ အခြေခံမူများ သတ်မှတ်ခြင်း၊ ညီလာခံခေါ်ယူခြင်း၊ ဆွေးနွေးခြင်း၊ အစုအဖွဲ့အလိုက်စာတမ်းများ ရေးသားတင်သွင်းစေခြင်း၊ ပြင်ပပညာရှင်တွေနဲ့ အကြောင်းအမျိုးမျိုးကြောင့် တက်ရောက်နိုင်ခြင်းမရှိတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ စာတမ်းတွေကို လက်ခံဆွေးနွေးခြင်း၊ ဥပဒေမူကြမ်းရေးဆွဲခြင်း၊ ဒေသအလိုက်/ နယ်မြေအလိုက် လူထုသဘောထား ရယူပြီး ဥပဒေမူကြမ်းကို အတည်ပြုခြင်း၊ အတည်ပြုပြီးတဲ့ ဥပဒေမူကြမ်းကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အစိတ်အပိုင်းဖြစ်ကြောင်း သတ်မှတ် အတည်ပြုနိုင်ဖို့ ပြည်ထောင်စုလွှတ်တော်ရဲ့ သဘောထားရယူခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် သီးခြားစီရေးဆွဲထားရှိတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေကို ပြဋ္ဌာန်းခြင်းတို့ပဲ ဖြစ်ပါတယ်။

## လေထဲ တိုက်အိမ်ဆောက်နေ

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကပြင်ဖို့ တော်တော်ခက်တယ် ပြောနေကြတော့ လေထဲ တိုက်အိမ်ဆောက်နေသလို ဖြစ်မနေဘူးလား ဆရာလို့ မေးတော့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ ဖက်ဒရယ်စနစ်ကို အခြေခံပြီး ရေးဆွဲထားတာဖြစ်လို့ ဒို့တာဝန်အရေး သုံးပါးကို မထိပါးသမျှ၊ ပြည်ထောင်စုမပြိုကွဲရေးကို မရှေးရှုသမျှ ပြင်လို့ရအောင် လုပ်ပေးထားပါတယ်။

တို့တိုင်းရင်းသားတွေက အခွင့်အရေးတောင်းဆိုရာမှာ မိမိတို့တိုင်းဒေသကြီး/ ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုတဲ့ ဥပဒေပြုခွင့်မှန်သမျှ ညှိနှိုင်းတောင်းဆိုရင် လုပ်ပေးနိုင်အောင် လုပ်လို့ရတဲ့ နောက်ဆက်တွဲဇယားတွေကို နဂိုကတည်းက ရေးဆွဲပေးထားပြီးသားပါ။ ပြည်ထောင်စုမပြိုကွဲအောင်သာ တောင်းဆိုကြပါ။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ငြိမ်းချမ်းရေးလှေကားထစ်တွေကို မင်းတို့နင်းဖို့အတွက် ခင်းပေးထားပြီးသားပါ။

## ကြိုတင်လေ့လာ

ဒါဆိုရင် ဆရာတို့ နိုင်ငံ့ဝန်ထမ်းတွေကကော ဘာတွေကိုပြင်ဆင်ထားကြမှာလဲလို့မေးတော့ ငါတို့ဝန်ထမ်းတွေဆိုတာထက် ငါတို့ကို ကွပ်ကဲနေတဲ့ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနတွေ၊ ဦးစီးဌာနတွေက ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို သွားမယ်ဆိုရင် တပ်ဖွဲ့/ဦးစီးဌာနအလိုက် ပြင်ဆင်သင့်တဲ့ လုပ်ငန်းစဉ်တွေကို ကြိုတင်လေ့လာပြင်ဆင်ထားဖို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်လက်ထက်ကတည်းက လမ်းညွှန်မှာကြားခဲ့တဲ့ အတွက် ကြိုတင်လေ့လာထားပြီးသားပါ။ လိုက်လျောညီထွေရှိတဲ့ ဥပဒေတွေ ပြင်ဆင်ရေးဆွဲထားဖို့နဲ့ ဝန်ထမ်းရေးရာစီမံခန့်ခွဲမှုအတွက် ကြိုတင်မျှော်တွေး ပြင်ဆင်ထားပြီးသားဆိုတာ မောင်ဖက်ဒရယ်ရေ မင်းကို မက်ဆေ့ပေးလိုက်ချင်တယ်။

နောက်ဆုံးမေးခွန်းအနေနဲ့ UEC နဲ့ နိုင်ငံရေးပါတီတွေက PR စနစ်ကို ဘာလို့ လေ့လာပြီး စာတမ်းတွေပြုစုနေကြတာလဲမေးတော့ မင်းတို့၊ ငါတို့၊ တိုင်းရင်းသားတွေလိုချင်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုစနစ်ကို သွားရာမှာ၊ ပြည်ထောင်စုအစိုးရနဲ့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တွေ ဖွဲ့စည်းရာမှာ လိုအပ်တဲ့ ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်တွေအတွက် PR စနစ်ကို ကျင့်သုံးဖို့သင့် / မသင့်နဲ့ ဖက်ဒရယ်ပြည်ထောင်စုစနစ်အတွက် Implementation လုပ်လို့ရမရ ချိန်ဆနေတယ်လို့ပြောရင် နိုင်ငံတော်က ဘယ်ကို ဦးတည်လျှောက်လှမ်းနေတယ်ဆိုတာ မင်းသိမယ်လို့ ငါအဖြေပေးလိုက်မယ်လို့ ဆရာက ဆိုပါတယ်။

ကျွန်တော့်ရဲ့ အိမ်အပြန်လမ်းဟာ ဆရာနဲ့ တစ်နေ့တာ ဆုံတွေ့မှုနဲ့ အဆုံးသတ်ရင်း ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနဲ့ ငြိမ်းချမ်းရေးလှေကားထစ်များအပေါ် လျှောက်လှမ်းဖို့ ကြံရွယ်နေသလို ကျွန်တော်ချစ်တဲ့ တောင်ပေါ်၊ မြေပြန့်တိုင်းရင်းသားညီအစ်ကို မောင်နှမတွေကိုလည်း လက်တွဲခေါ်ဖို့ရာ မှန်းဆတမ်းတနေမိပါတော့တယ်။

**❖ တန်ဖိုးရှိလှတဲ့ လူငယ်ဘဝဆိုတာ လှပတဲ့ အနာဂတ်ကို တည်ဆောက်ကြဖို့ပါ။ နိုင်ငံနဲ့ လူမျိုးရဲ့ ကောင်းကျိုးကိုသာ ရှေးရှုပြုလုပ် ဆောင်ရွက်ကြရမှာ။**

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင်ပါဝင်သည့် ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

**နေပြည်တော် မေ ၁၀**

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန်လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ CRPH မတရားအသင်းအား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသော အောက်ဖော်ပြပါ ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

| စဉ် | အမည် | အလုပ်အကိုင် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါ်ရတီအုန်း | ကထိက၊ အစိုးရနည်းပညာအထက်တန်းကျောင်း၊ ကလေးမြို့ | ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၂ | ဒေါ်နီနီအောင် | နည်းပြ၊ လားရှိုးနည်းပညာတက္ကသိုလ်၊ လားရှိုးမြို့ | လားရှိုးမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) | ၅၀၅-က |  |
| ၃ | ဦးထိန်လင်းအောင် | ဒုတိယလက်ထောက်ကြီးကြပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူးရုံး၊ ကျိုက်လတ်မြို့နယ် | ကျိုက်လတ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၄ | ဒေါ်စန္ဒာမော် | အထက်တန်းပြ၊ အထက(၁)၊ နောင်ချိုမြို့ | နောင်ချိုမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) | ၅၀၅-က |  |
| ၅ | ဒေါ်ဟေမာန်ဦး | မူလတန်းပြ၊ အထက(၅)၊ ဇမ္ဗူသီရိမြို့နယ် | လယ်ဝေးမြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေ | ၅၀၅-က |  |
| ၆ | ဒေါ်မိမိလှိုင် | အလယ်တန်းပြ၊ အထက-ခွဲ(အကျော်)၊ ဓနုဖြူမြို့နယ် | ဓနုဖြူမြို့၊ ဧရာဝတီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၇ | ဦးရဲထွဋ်အောင် | မူလတန်းပြ၊ အထက(၂)၊ သီပေါမြို့ | သီပေါမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) | ၅၀၅-က |  |
| ၈ | ဒေါ်ဖူးဖူးအောင် | မူလတန်းပြ၊ မူလွန်၊ ပလောက်မြို့ | ပလောက်မြို့၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၉ | ဦးနေလင်း | မူလတန်းပြ၊ အမက(ပက္ကား)၊ ကျိုက်လတ်မြို့နယ် | ကျိုက်လတ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၀ | ဒေါ်သဥ္ဇာဦး | မူလတန်းပြ၊ အမက(ကျွဲကျောင်း)၊ တောင်ငူမြို့နယ် | တောင်ငူမြို့၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |


ဒေါ်ရတီအုန်း(ကထိက၊ အစိုးရနည်းပညာအထက်တန်းကျောင်း၊ ကလေးမြို့နယ်)မှ ဆန္ဒဖော်ထုတ်နေစဉ်



ဦးထိန်လင်းအောင်(ဒုတိယလက်ထောက်ကြီးကြပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူးရုံး၊ ကျိုက်လတ်မြို့နယ်)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်



ဦးနေလင်း(မူလတန်းပြ၊ အမက(ပက္ကား)၊ ကျိုက်လတ်မြို့နယ်)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်



ဒေါ်သဥ္ဇာဦး(မူလတန်းပြ၊ အမက(ကျွဲကျောင်း)၊ တောင်ငူမြို့နယ်)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်

အဆိုပါ အမှုဖွင့်လှစ်ထားသော ပညာရေးဝန်ထမ်းများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပြီး ဖော်ပြပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ နီးစပ်ရာရဲစခန်းများသို့ သတင်းပေးပို့ရန်နှင့် လက်ခံထားရှိသူများအားလည်း တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

# တပ်မတော်သားများ၏ ဂုဏ်သရေညှိုးနွမ်းအောင် မဟုတ်မမှန်စွပ်စွဲသတင်းဖြန့်သူအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်

**နေပြည်တော် မေ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ရာဇဓိရာဇ်လမ်းနှင့် ကုန်သည်လမ်းပေါ်၌ လုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ငွေကြေးလိမ်လည်ယူဆောင်သွားသည်ဟု မဟုတ်မမှန်စွပ်စွဲပုတ်ခတ် သတင်းဖြန့်ဝေသူကို ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်ခဲ့ကြောင်း သိရှိရသည်။

**စိစစ်ဖော်ထုတ်**

ဖြစ်စဉ်မှာ မေ ၉ ရက် မွန်းလွဲ ၂ နာရီခန့်တွင် နိုင်လင်းအောင်(ဘ)ဦးတင့်လွင် သည် ၎င်းစီးနင်းလာသည့် Light Truck အမျိုးအစား မော်တော်ယာဉ်အမှတ်၊ YGN 6F/--- ပေါ်မှ ငွေကျပ် ၂၅ သိန်းအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ယူဆောင်သွားကြောင်း ၎င်း၏အစ်မဖြစ်သူ မနီနီနွယ်နှင့် မိခင်ဖြစ်သူ ဒေါ်မြင့်မြင့်သန်းတို့ကို လိမ်လည်ပြောဆိုခဲ့ကြောင်း၊ ထိုသို့လိမ်လည်ပြောဆိုမှုကြောင့် အစ်မဖြစ်သူမှ ပြန်လည်ရယူလိုမှုဖြင့် သက်ဆိုင်ရာသို့ တိုင်ကြားခဲ့ကြောင်းသိရှိရသဖြင့် တာဝန်ရှိသူများက ဖြစ်စဉ်မှန်ကို စိစစ်ခဲ့ရာ နိုင်လင်းအောင်သည် ငွေကျပ် ၂၅ သိန်းအား ၎င်း၏ရည်းစားဖြစ်သူ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၅၄)တိုးချဲ့ရပ်ကွက် ကျောင်း(၂) လမ်းနေ မအေးအေးသန်း(ဘ) ဦးစံအေးကို ပေးအပ်ခဲ့ကြောင်း၊ မအေးအေးသန်းက အဆိုပါငွေကျပ် ၂၅ သိန်းထဲမှ ငွေကျပ်သိန်း ၂၀ ကို ၎င်းအလုပ်လုပ်ကိုင်ခဲ့သည့် Tokyo Auto Service ၏ အလုပ်ရှင်ဖြစ်သူ ဦးရဲထွဋ်ထံသို့ ပေးဆပ်ရန်ကျန်သည့်အကြွေးအား ပေးဆပ်ခဲ့ကြောင်း စိစစ်ဖော်ထုတ်နိုင်ခဲ့သည်။

**အရေးယူဆောင်ရွက်**

ထို့ကြောင့် တပ်မတော်သားများ၏ ဂုဏ်သရေညှိုးနွမ်းအောင် မမှန်မကန်စွပ်စွဲ သတင်းဖြန့်ဝေခဲ့သော နိုင်လင်းအောင်ကို ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် ဗိုလ်တထောင်မြို့မရဲစခန်း၌ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




## အိုဇုန်းလွှာနှင့် ရာသီဥတုကောင်းမွန်ဖို့ လက်တွဲညီညီ ဆောင်ရွက်စို့

❊ *ကျောဖုံးမှ*

မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းထိုက် ကလည်းကောင်း၊ ပထမဆုရရှိသော ရင်ကျေးရွာအသင်းအား တစ်ဦးချင်းဆုနှင့် ငွေသားဆုကို မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးဟန်ဇော်ထွန်းက လည်းကောင်း၊ ပထမဆုရရှိသော ရင်ကျေးရွာအသင်းအား တံခွန်စိုက်ဒိုင်းဆုကို မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးထွေးဦး ကလည်းကောင်း ဆုများအသီးသီး ပေးအပ်ခဲ့ရာ ဆုရရှိသူများနှင့် ဆုရရှိသောအသင်းများမှ လက်ခံရယူခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

◆ *ကျောဖုံးမှ*

လီဗာပူး၊ မေ ၁၈ ရက်တွင် ဖူလ်ဟမ်စသည့် အသင်းများနှင့် ဆက်တိုက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ပြိုင်ဘက် လက်စတာအသင်းက လည်း ယခု ပွဲစဉ်ပြီးလျှင် မေ ၁၅ ရက်တွင် အက်ဖ်အေဖလားဗိုလ်လုပွဲစဉ်အဖြစ် ချယ်ဆီးအသင်းနှင့် ယှဉ်ပြိုင်ကစားရန် ရှိနေသည်။ သို့သော်လည်း လက်စတာအသင်းသည် လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့်အတွက် လက်ကျန်ပွဲစဉ်များကို နိုင်ပွဲရရှိရန် လိုအပ်နေသည်။ ထို့အပြင် လက်စတာအသင်း၏ လက်ကျန်ပွဲစဉ် နှစ်ပွဲအဖြစ် မေ ၁၉ ရက်တွင် ချယ်ဆီး၊ မေ ၂၃ ရက်တွင် စပါး စသည့်အသင်းကြီးများနှင့် ရင်ဆိုင်ကစားရဦးမည်ဖြစ်သောကြောင့် ရမှတ်စုဆောင်းနိုင်ပြီး ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာ ရရှိသွားမလား စိတ်ဝင်စားဖွယ်ရာပင်။

မန်ယူအသင်းနှင့် လက်စတာအသင်းတို့ ပထမအကျော့ လက်စတာအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားစဉ် တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည်။ သို့သော်လည်း အဆိုပါ နှစ်သင်းသည် ယခုနှစ်ရာသီ ဒုတိယအကြိမ်တွေ့ဆုံမှုအနေဖြင့် အက်ဖ်အေဖလားကွာတားဖိုင်နယ်တွင် တွေ့ဆုံခဲ့ပြီး လက်စတာအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သောကြောင့် မန်ယူအသင်း ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။ ထို့ကြောင့် အဆိုပါနှစ်သင်း ယခု အကြိမ်တွေ့ဆုံမှုသည် တတိယအကြိမ်မြောက် တွေ့ဆုံမှုဖြစ်သည်။

မန်ယူအသင်းသည် ပြီးခဲ့သည့် ဗီလာအသင်းနှင့်ပွဲစဉ်တွင် အသင်းမှ ဂရင်းဝုဒ်၊ ဖာနန်ဒက်ဇ်၊ ပေါ့ဂ်ဘာ၊ ကာဗာနီတို့ ခြေစွမ်းပြသထားနိုင်သည့်အတွက် ယနေ့ပွဲစဉ်တွင်လည်း အဆိုပါ ကစားသမားများဖြင့် ပွဲထွက်လာ မလား စောင့်ကြည့်ရမည်ဖြစ်သည်။ လက်စတာအသင်းကလည်း ပြီးခဲ့သည့်ပွဲစဉ်တွင် နယူးကာဆယ်အသင်းကို ရှုံးနိမ့်ခဲ့သည်ဆိုသော်ငြား အသင်းမှ ဖိုဖာနာ၊ အဲလ်ဘရိုက်တန်၊ မက်ဒီဆင်၊ အီဟီယာ နာချို၊ ဗာဒီတို့ ခြေစွမ်းပြသထားနိုင်သည့်အတွက် ယနေ့ပွဲစဉ်တွင်လည်း အဆိုပါ ကစားသမားများဖြင့် မန်ယူအသင်းကို ရင်ဆိုင်လာမလား စောင့်ကြည့်ရမည်ဖြစ်သည်။

**အောင်ဇော်**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် သူနာပြုများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

**နေပြည်တော် မေ ၁၀**

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းနှင့် ကျန်းမာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန် လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ CRPH မတရားအသင်းအား ထောက်ခံအားပေးခြင်း တို့ကို ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ သူနာပြုများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီး ဖြစ်ပါသည်-

| စဉ် | အမည် | ဆေးရုံအမည် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါ်ခင်ခင်ထွန်း (အထက်တန်းသူနာပြု) | ကောလင်း ပြည်သူ့ဆေးရုံ | ကောလင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၂ | ဒေါ်ဒစ်ဒစ်စား (အထက်တန်းသူနာပြု) | နမ့်ခမ်း ပြည်သူ့ဆေးရုံ | နမ့်ခမ်းမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) | ၅၀၅-က |  |
| ၃ | ဒေါ်ဂျူးရီးနာရုံန်း (အထက်တန်းသူနာပြု) | ကျိုင်းတုံ ပြည်သူ့ဆေးရုံကြီး | ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ၅၀၅-က |  |
| ၄ | ဒေါ်ငြိမ်းငြိမ်းအေး (အထက်တန်းသူနာပြု) | လက်ပံတန်း ပြည်သူ့ဆေးရုံ | ပေါင်းတည်မြို့၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၅ | ဒေါ်ဖြူဖြူဝင်း (အထက်တန်းသူနာပြု) | ပြင်ဦးလွင် ပြည်သူ့ဆေးရုံ | မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၆ | ဒေါ်ခင်အေးမူ (သူနာပြု) | ရေး ပြည်သူ့ဆေးရုံ | မော်လမြိုင်မြို့၊ မွန်ပြည်နယ် | ၅၀၅-က |  |
| ၇ | ဒေါ်ကေဂျာလင်း (သူနာပြု) | တံတားဦး ပြည်သူ့ဆေးရုံ | တံတားဦးမြို့၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၈ | ဒေါ်အိအိငြိမ်း (သူနာပြု) | လက်ပံတန်း ပြည်သူ့ဆေးရုံ | မင်းလှမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၉ | ဒေါ်ငြိမ်းမြမွန် (သူနာပြု) | ပုသိမ်ကြီးမြို့နယ် ပြည်သူ့ဆေးရုံ | ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၀ | ဒေါ်ယဉ်နန္ဒာထွန်း (သူနာပြု) | သထုံ ပြည်သူ့ဆေးရုံ | သထုံမြို့နယ်၊ မွန်ပြည်နယ် | ၅၀၅-က |  |

အဆိုပါအမှုဖွင့်လှစ်ထားသော သူနာပြုများအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိရာ လက်ခံထားသူများအား CDM နှင့် CRPH လှုပ်ရှားမှု၌ ပါဝင်သူများကို ထောက်ခံအားပေးခြင်းအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ အုပ်ချုပ်ရေးယန္တရားထိခိုက်ပျက်ပြားစေရန် ရည်ရွယ်ကာ အကြမ်းဖက်အုပ်စုများက အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအား ရည်ရွယ်ချက်ရှိရှိ လုပ်ကြံသတ်ဖြတ်

**နေပြည်တော် မေ ၁၀**

နိုင်ငံတော်အတွင်း မြို့နယ်အချို့၌ အုပ်ချုပ်ရေးယန္တရားနှင့် တရားဥပဒေစိုးမိုးမှု ထိခိုက်ပျက်ပြားစေရန်နှင့် ပြည်သူလူထုများကြားတွင် အကြောက်တရားများ လွှမ်းမိုးစေရန် ရည်ရွယ်ကာ အကြမ်းဖက်အုပ်စုများက အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအား ရည်ရွယ်ချက်ရှိရှိ လုပ်ကြံသတ်ဖြတ်မှုများ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့ စည်ပိုင်းကျေးရွာ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့မှူး ဦးခင်ငွေ(၆၃နှစ်)(ဘ) ဦးသန်းမောင်သည် နေအိမ်၌ရှိနေစဉ် မေ ၉ ရက် နံနက် ၃ နာရီခွဲတွင် အကြမ်းဖက်သူ အမျိုးသား ငါးဦး(စိစစ်ဆဲ)က နေအိမ်တံခါးအား တုတ်ဖြင့် ရိုက်ဖျက်ဝင်ရောက်လာပြီး ဦးခင်ငွေအား “မင်းက စစ်ကောင်စီ”ဟု ပြောဆိုကာ သေနတ်ဖြင့် နှစ်ချက်ပစ်ခတ်ကာ နေအိမ်အတွင်းရှိ TV နှင့် အိုးခွက်ပန်းကန်များကို ရိုက်ခွဲဖျက်ဆီး၍ ဆိုင်ကယ် သုံးစီးဖြင့် ပြန်လည်ထွက်ခွာသွားခဲ့ကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ဦးခင်ငွေမှာ ယာပါးနှင့် ဝဲဘက်နံစောင်းတို့တွင် ကျည်ဖောက်ဝင်ဒဏ်ရာများ ရရှိခဲ့သဖြင့် ဆေးဝါးကုသမှုခံယူနိုင်ရေး နေပြည်တော် ခုတင် ၁၀၀၀ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့သည်။

**ဝိုင်းဝန်းထိုးခုတ်**

အလားတူ ညနေ ၆ နာရီ မိနစ် ၅၀ တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၃)ရပ်ကွက် ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့မှူး ဦးကြည်ဝင်း (၆၅နှစ်) (ဘ) ဦးတင်စိန်သည် ၎င်း၏ မိတ်ဆွေများနှင့်အတူ ဘေးတွဲဆိုင်ကယ်ဖြင့် နေအိမ်မှ ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးသို့ ထွက်ခွာလာစဉ် လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ် ဦးအောင်သူ လမ်းနှင့် မင်းကြီးမဟာမင်းခေါင် လမ်းထောင့်အရောက်၌ အကြမ်းဖက်သူ အမျိုးသား ငါးဦး(စိစစ်ဆဲ)က ဆိုင်ကယ်နှစ်စီးဖြင့် ရှေ့မှရောက်ရှိလာပြီး ၎င်းတို့အနက် သုံးဦးက အသင့်ယူဆောင်လာသော ဓားရှည်များဖြင့် ဦးကြည်ဝင်းအား ဝိုင်းဝန်းထိုးခုတ်၍ ဆိုင်ကယ်ဖြင့် မောင်းနှင် ထွက်ပြေးခဲ့သောကြောင့် ဦးကြည်ဝင်းတွင် ဝဲ၊ ယာ လက်ကောက်ဝတ်နှင့် မေးစေ့ ပြတ်ရှ၊ ဝဲရင်အုံ၊ ရင်ညွန့်၊ ဝမ်းဗိုက်နှင့် ဝဲနံဘေး ထိုးသွင်းဒဏ်ရာများရရှိပြီး အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။

**စုံစမ်းဖော်ထုတ်လျက်ရှိ**

အထက်ပါ ဖြစ်စဉ်များမှ အုပ်ချုပ်ရေးယန္တရား ထိခိုက်စေရန် ရည်ရွယ်ကာ ရပ်ကွက်၊ ကျေးရွာ စီမံအုပ်ချုပ်ရေးအဖွဲ့မှူးများအား ရည်ရွယ်ချက်ရှိရှိ ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော ပိတ်ဆို့စစ်ဆေးမှုများ ဆောင်ရွက်ကာ စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့၌ ပေါက်ကွဲမှုဖြစ်ပွားမှုအား စစ်ဆေးရန်သွားရောက်သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ကိုင်အကြမ်းဖက်သူများက လက်နက်ငယ်ဖြင့် ချောင်းမြောင်းပစ်ခတ်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့၌ ပေါက်ကွဲမှုဖြစ်ပွားမှုအား စစ်ဆေးရန် သွားရောက်သည့် လုံခြုံရေး တပ်ဖွဲ့ဝင်များကို လက်နက်ကိုင် အကြမ်းဖက်သူများက လက်နက်ငယ်ဖြင့် ချောင်းမြောင်း ပစ်ခတ်ခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၉ ရက် ည ၉ နာရီတွင် တမူးမြို့ ဈေးတန်း(၃)ရပ်ကွက် အာရုလမ်းနေ ဦးကျော်ငွေအောင် (၄၅နှစ်) (ဘ) ဦးလှဦး၏ ဒိုင်နမိုနှင့် ပန့်ပြင်ဆိုင်၌ ပေါက်ကွဲမှု ဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးရန် သွားရောက်စဉ် ဈေးတန်း(၂)ရပ်ကွက် ဗိုလ်ချုပ်လမ်း ရောဝတီဘဏ်အနီး အရောက် လက်နက်ကိုင် အကြမ်းဖက်သူများက လက်နက်ငယ်ဖြင့် ချောင်းမြောင်း ပစ်ခတ်ခဲ့သဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက ပြန်လည် ခုခံပစ်ခတ်ခဲ့ရာ လက်နက်ကိုင် အကြမ်းဖက်သူများ လူစုကွဲ ထွက်ပြေးသွားခဲ့ပြီး ၎င်းတို့၏ ချောင်းမြောင်းပစ်ခတ်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦးတွင် ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် တပ်မတော်ဆေးခန်းသို့ ပို့ဆောင်ခဲ့ရသည်။

ဆက်လက်၍ လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ပေါက်ကွဲမှု ဖြစ်ပွားသည့်နေရာသို့ သွားရောက်စစ်ဆေးခဲ့ရာ ဦးကျော်ငွေအောင်၏ ဆိုင်ရှေ့၌ လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲထားပြီး ပေါက်ကွဲမှုကြောင့် ဆိုင်အတွင်းရှိ ရေစုပ်စက်တစ်လုံး၊ ဆိုင်အတွင်း ရပ်တန့်ထားသော ဆိုင်ကယ်တစ်စီးနှင့် စက်ဘီးတစ်စီးတို့တွင် အနည်းငယ် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။

အဆိုပါဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ချောင်းမြောင်းပစ်ခတ်ခဲ့သည့် လက်နက်ကိုင် အကြမ်းဖက်သူများနှင့် ဦးကျော်ငွေအောင် ဆိုင်အား လက်လုပ်မိုင်း ပစ်ပေါက်ခဲ့သည့် အကြမ်းဖက်သူများကို စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား ဆက်လက်ဖော်ထုတ်သိမ်းဆည်းရမိ

နေပြည်တော် မေ ၁၀

**လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား ဆက်လက်ဖော်ထုတ်ဖမ်းဆီးသိမ်းဆည်းလျက်ရှိသည်။**

ထိုသို့ဆောင်ရွက်ခဲ့ရာတွင် မေ ၉ ရက် နံနက် ၁၁ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ပင်ပွားအောက်ကျေးရွာနေ ရဲစက်အောင်(ခ) သံပူလ (၃၀နှစ်) (ဘ)ဦးစံရွှေ၏ နေအိမ်မှ တူမီးသေနတ်တစ်လက်ကိုလည်းကောင်း၊ နံနက် ၁၁ နာရီတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ ဝိန်းကျောင်းရပ်ကွက်နေ မဝင်းဝင်းနွယ်(၃၇နှစ်) (ဘ)ဦးချန်ဖု ပိုင်ဆိုင်သည့် "ချစ်ကြိုးသွယ်" ပစ္စည်းအရောင်းဆိုင်အတွင်းမှ ၎င်းအား ဖြောက်အိုး၊ မီးရှူး၊ မီးပန်းများမျိုးစုံ ၄၁ မျိုးနှင့် လည်းကောင်း၊ မွန်းတည့် ၁၂ နာရီတွင် မယ်ခေါင်ရပ်ကွက်နေ မနန်းကျန်ရှုန် (၄၄နှစ်) (ဘ)ဦးနန်ဆိုင်၏ "သက်န်းပရိက္ခရာ" ဆိုင်အတွင်းမှ ၎င်းအား ဖြောက်အိုး၊ မီးရှူး/မီးပန်းမျိုးစုံ ၁၂ မျိုးနှင့်လည်းကောင်း၊ မွန်းလွဲ ၁နာရီတွင် ဆန်ဆိုင်း(ခ)ရပ်ကွက်နေ စိုင်းခမ်းနွံ (၃၅နှစ်) (ဘ)ဦးအောင်မြင့်၏ "သက်န်းပရိက္ခရာ" ဆိုင်အတွင်းမှ ၎င်းအား ဖြောက်အိုး၊ မီးရှူး/မီးပန်းများမျိုးစုံ ၁၂ မျိုးနှင့်လည်းကောင်း ၊ မွန်းလွဲ ၁၂ နာရီ မိနစ်၂၀ တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ကောင်းရွှေးကျေးရွာရှိ နေအိမ်တစ်လုံးအတွင်းမှ PVC ပိုက်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်း ၁၆ လုံး၊ ယမ်းမှုန့် တစ်ဘူး၊ ပေ ၂၀ ခန့်ရှိ နီနက်ရောင် ဝိုင်ယာကြိုးခွေ နှစ်ခွေ၊ ကန့်အခဲ တစ်ထုပ်၊ ယမ်းစိမ်းမှုန့်တစ်ထုပ်၊ မျက်နှာဖုံးခေါင်းစွပ် တစ်ခု၊ စကားပြောစက်အားသွင်းခုံလေးခုံနှင့် အခြား ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက် "ရွှေမန်းတောင်" ဂေါက်ကွင်းအနီး၌ သေနတ်တစ်လက်ကို လည်းကောင်း။

ညနေ ၄ နာရီတွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ကိုးသောင်းရှမ်းစုရပ်ကွက်နေ သက်အောင် (ခ) ရှမ်းလေး (ခ) သန့်ဇင်အောင်(၂၇နှစ်) (ဘ)ဦးတင်အောင်နိုင်၏ နေအိမ် အနောက်ဘက် ချုံအတွင်းမှ အရှည်တစ်ပေခွဲခန့်ရှိ ယမ်းကြိုး အချောင်း ၁၀၀၊ ဘက်ထရီခြောက် ငါးလုံး၊ ဖိုက်ဘာ ဦးထုပ်မျိုးစုံ ၅၇ လုံး၊ မီးရှူးမီးပန်းသုံးခု၊ လက်အိတ်သုံးခု၊ ရောင်ပြန်အင်္ကျီ နှစ်ထည်နှင့် နိုင်ငံတော်ဆန့်ကျင်ရေး စာသားများပါ ဆိုင်းဘုတ် ခုနစ်ခုနှင့် အခြား ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ ညနေ ၅ နာရီတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ တောင်မြို့ ရပ်ကွက်နေ စောနေဇာထူး (၂၃နှစ်) (ဘ)ဦးစောလွင်ထူး၏ နေအိမ်အတွင်းမှ ၎င်းနှင့်အတူ ဖြိုးကိုကို (၂၃)နှစ် (ဘ)ဦးငွေအောင်တို့ နှစ်ဦးကို နေအိမ်အတွင်းမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်လည်းကောင်း၊ ည ၈ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး (၇)နေ Chades Michael (ခ) မိုက်ကယ် (၂၇နှစ်) (ဘ)ဦးသန်းလင်း၏ နေအိမ်၌ ၎င်းအား ရေနံဆီထည့်ထားသော RUM တံဆိပ်ပါ ပုလင်းနှစ်လုံး၊ ဖိုက်ဘာဦးထုပ်နှစ်လုံး၊ ဟန်းစပီကာ တစ်လုံး၊ ဖန်ဂေါ် လီ အလုံး ၃၀၊ ကုန်းသီး ခုနစ်လုံး၊ ခက်ရင်းခွနှစ်ချောင်း၊ ဓားတစ်ချောင်းတို့နှင့် လည်းကောင်း၊ ည ၈ နာရီ မိနစ် ၄၀ တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြံ့မြို့ အနီး၌ လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များက တောင်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက်နေ အောင်ကိုကို (၃၇နှစ်) (ဘ)ဦးခင်လင်း မောင်းနှင်လာသော Toyota Dyna ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ယာဉ်မောင်း ဘေးထိုင်ခုံပေါ်မှ အလျား ၃၈ လက်မခန့်ရှိ ပွိုင့် ၂၂ သေနတ်တစ်လက်၊ ပွိုင့် ၂၂ ကျည်အတောင့် ၄၀၊ သေနတ်ချေးချွတ်ဆေးဘူး တစ်ဘူး၊ စစ်စိမ်းရောင် ပြောက်ကျား စွယ်တာအင်္ကျီတစ်ထည်၊ စွပ်ကျယ်တစ်ထည်၊ ခါးပတ်တစ်ချောင်း၊ လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ည ၉ နာရီခွဲတွင် အလုံမြို့နယ် ဆင်မင်းရပ်ကွက် ဆင်မင်းအိမ်ရာ တိုက်(၄) (၅)လွှာရှိ တိုက်ခန်းအတွင်းမှ ညီညီအောင် (၂၁နှစ်) (ဘ)ဦးမင်းဇော်ပါ အမျိုးသားခုနစ်ဦးနှင့်အတူ M 67 စာတန်းပါ အမျိုးအစား(စိစစ်ဆဲ) ဗုံးတစ်လုံး၊ ဖန်ဂေါ်လီ အလုံး ၂၀ ၊ သံဘောစေ့အလုံး ၅၀ ၊ မျက်နှာ ဖုံးတစ်ခု၊ ဖုန်းမျိုးစုံ ခုနစ်လုံး၊ ဒူးကာ/တံတောင်ကာ တစ်စုံ၊ စက်ဘီးသုံးစီး၊ လက်ပ်တော့တစ်လုံးတို့ကို လည်းကောင်း၊ မေ ၁၀ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကြာအင်းကျေးရွာအုပ်စု သရက်ချောင်းကျေးရွာနေ ရဲလေး(ခ)ဇော်ထိုက် (၄၈နှစ်) (ဘ)ဦးလွင်အောင်၏ ရော်ဘာခြံ အတွင်းမှ ရဲလေး(ခ) ဇော်ထိုက်ပါ အမျိုးသား နှစ်ဦးတို့အား ပွိုင့် ၂၂ သေနတ် တစ်လက်၊ ၎င်းကျည် ၁၁၈ တောင့်၊ လေသေနတ်တစ်လက်၊ အရှည် လေးလက်မခွဲ၊ အချင်း နှစ်လက်မခန့်ရှိ ကော်ပိုက်ဖြင့်ပြုလုပ်ထားသော လက်လုပ်မိုင်း ၃၅ လုံး၊ အရှည် နှစ်လက်မ၊ အချင်းနှစ်လက်မခန့်ရှိ သံပိုက်ဖြင့်ပြုလုပ်ထားသော လက်လုပ်မိုင်း ၅၅ လုံး၊ Win Wheel စာတန်းပါ တစ်ထုပ်လျှင် သံဘောစေ့ ၁၄၅ လုံးပါ အထုပ်လေးထုပ်၊ သံဘောစေ့အလုံး ၁၀၀ ပါ အထုပ်တစ်ထုပ်၊ ဖြောက်အိုး ၁၀ လုံးပါ အထုပ်တစ်ထုပ်၊ လေးခွနှစ်လက်၊ ဂျင်ကလိ ၂၄ ချောင်း၊ ကျောက်မီးသွေး နှစ်ပိဿာခန့်၊ ယမ်းမှုန့် ၄၀ ကျပ်သားခန့်၊ လက်လုပ်မိုင်းများပြုလုပ်ရန်အတွက် ပိုင်းဖြတ်ထားသော ကော်ပိုက် အပိုင်း အခု ၅၀၊ သံပိုက်အပိုင်း ၁၄ ခု၊ ပိုက်ခေါင်းမျိုးစုံ ၉၇ ခု၊ တစ်လက်မခန့်ရှိ သံချောင်းဖြတ်စ တစ်ပိဿာခွဲ၊ မူလီဆိုဒ်စုံ ၆၅ ခု၊ ခဲသီး နှစ်ပိဿာ ခန့်၊ ဆိုင်ကယ်ချိန်းကြိုး ဖြတ်တောက်ထားသည့် အဆစ် အခု ၇၀ ၊ ဓာတ်မြေဩဇာ ၂၀ ကျပ်သား၊ ဓာတ်ခဲ လေးလုံး၊ ယမ်းကြိုး အချောင်း ၃၀ ၊ အဝါရောင် Cutter တစ်ခု၊ သတ္တုဖျူ့စ် ၁၅ ခု၊ အနီရောင်နှင့်အနက်ရောင် နှစ်ပင်လိမ်မီးကြိုးခွေ နှစ်ခွေ၊ သံပိုက်နှင့် ကော်ပိုက်များအား ပြုပြင်ရန် ဖောက်စက်၊ ဖြတ်စက်များ၊ ကော်ဘူးများနှင့် အခြား ဆက်စပ်ပစ္စည်းများနှင့်လည်းကောင်း။

နံနက် ၁၁ နာရီတွင် အင်းစိန်မြို့နယ် ပိန္နဲကုန်း ရပ်ကွက် သရက်ခြံ(၂) လမ်းရှိ တိုက်အမှတ်(၃၄၄/A) (ပ)ထပ်နေအိမ်အခန်းအတွင်းမှ လက်ပစ်ဗုံးတစ်လုံး၊ PVC ပိုက်ဖြင့် ပြုလုပ်ထားသော စနက်တံပါ လက်လုပ်ဗုံး သုံးလုံး၊ ရွှေရောင် စတီးလက်လုပ်ဗုံး သုံးလုံး၊ ပိုတက်ဆီယမ်တစ်အိတ်၊ ကော်မျက်နှာဖုံး ၂၈ ခုနှင့် အခြားဆက်စပ်ပစ္စည်း များကိုလည်းကောင်း တွေ့ရှိသိမ်းဆည်း ဖမ်းဆီးရမိခဲ့သည်။

အထက်ပါဖြစ်စဉ်များမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ သို့ဝှက်သိမ်းဆည်းထားရှိသူများနှင့် လက်ဝယ်ထားရှိသူကို ဥပဒေနှင့်အညီ ဖော်ထုတ် အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား



တောင်ကြီးမြို့၌ လက်လုပ်မိုင်း ၁၆ လုံးနှင့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသူ စောရန်နိုင်(ခ) ကြက်ကလေး။

# KIA အဖွဲ့က မိုးညှင်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ အပြစ်မဲ့ပြည်သူများအား လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်သတ်ဖြတ်

**နေပြည်တော် မေ ၁၀**

KIA အဖွဲ့အနေဖြင့် ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ရောက်ရှိလာခြင်းမရှိသည့်အပြင် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ပျက်စီးစေခြင်း၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေခြင်း၊ အများပြည်သူသွားလာ အသုံးပြုလျက်ရှိသည့် ဆက်သွယ်ရေးလမ်းကြောင်းနှင့် တံတားများအား မိုင်းထောင်ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်း၊ အပြစ်မဲ့ပြည်သူများအား အကြောင်းမဲ့ သတ်ဖြတ်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ မေ ၉ ရက် ည ၇ နာရီခွဲခန့်တွင် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ရွာမရပ်ကွက်နေ ဦးမောင်တာ (ဘ)ဦးသီး၏ နေအိမ်သို့ KIA အဖွဲ့မှ အင်အားလေးဦးခန့်က ဆိုင်ကယ်နှစ်စီးဖြင့် ရောက်ရှိလာကာ နေအိမ်ခြံ စည်းရိုးကို လက်နက်ငယ်ဖြင့် ပစ်ခတ်ခဲ့ကြောင်းသိရှိရပြီး အဆိုပါပစ်ခတ်မှုကြောင့် လူနှင့် အဆောက်အအုံ ထိခိုက် ဒဏ်ရာရရှိမှုမရှိကြောင်း သိရှိရသည်။

အလားတူ ည ၇ နာရီ မိနစ် ၄၀ ခန့်တွင် ဘူတာစုရပ်ကွက်နေ ဦးတင်ဇော်ယု (ဘ)ဦးယုလွင်၏ နေအိမ်သို့ လည်းကောင်း၊ ည ၈ နာရီခန့်တွင် မော်ဟန်ကျေးရွာရှိ ဦးညွန့်မောင်၏ ဈေးဆိုင်အတွင်းသို့လည်းကောင်း KIA အဖွဲ့များ ရောက်ရှိလာပြီး လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သဖြင့် ဦးတင်ဇော်ယုနှင့် ဦးညွန့်မောင်တို့တွင် လက်နက်ငယ်ကျည်ထိမှန် ဒဏ်ရာများရရှိခဲ့ကာ သေဆုံးခဲ့ကြောင်း သိရှိရသည်။

တပ်မတော် အနေဖြင့် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နန့်မွန်းမြို့ လုံးတုံစစ်ဆေးရေးဂိတ်၌ မူးယစ်ဆေးဝါးသယ်ဆောင်လာသူတစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၀**

ကချင်ပြည်နယ် မိုးညှင်းခရိုင် နန့်မွန်းမြို့၏ အရှေ့တောင်ဘက် ၇ မိုင်ခန့်အကွာရှိ လုံးတုံ စစ်ဆေးရေးဂိတ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က မော်တော်ယာဉ်ဖြတ်သန်းသွားလာမှုများအား စစ်ဆေးဆောင်ရွက်စဉ် မေ ၉ ရက် နံနက် ၁၀ နာရီခွဲခန့်တွင် နန့်မွန်းမြို့ဘက်မှ ဟဲပန်ကျေးရွာဘက်သို့ စိုးအောင်(ဘ) ဦးတင်ဖေ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ ဂွမ်းစောင်ထည့်ထားသည့်အိတ်အတွင်းမှ ဘိန်းဖြူမှုန့် ၁၀ ဂရမ်ခန့်စီပါ ဆပ်ပြာခွက် ၁၁ ခွက် ၁၁၀ ဂရမ်ခန့်(ခန့်မှန်းတန်ဖိုးငွေကျပ်သိန်း ၇၀ ကျော်) နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူအား လုံးတုံနယ်မြေရဲစခန်း၌ လုပ်ထုံးလုပ်နည်းနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ ပြည်သူလူထုမှ လက်လုပ်သေနတ်များ လာရောက်အပ်နှံ

**နေပြည်တော် မေ ၁၀**

တိုင်းဒေသကြီး ပြည်နယ်များရှိ မြို့နယ်အချို့၌ အေးချမ်းစွာနေထိုင်လိုသည့်ပြည်သူလူထုများမှ ၎င်းတို့၏ သဘောဆန္ဒအလျောက် ၎င်းတို့ထံတွင်ရှိသော လက်လုပ်သေနတ်များအား အုပ်ချုပ်ရေးတာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံလျက်ရှိကြောင်း သိရှိရသည်။

ထိုသို့အပ်နှံရာ၌ မေ ၉ ရက်တွင် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် မိုးကောင်းကျေးရွာမှ လက်လုပ်သေနတ် နှစ်လက်ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဝါးမရမ်း ကျေးရွာနှင့် အလိုင်နီကျေးရွာများမှ လက်လုပ်သေနတ် သုံးလက်ကိုလည်းကောင်း၊ ဒိုက်ဦးမြို့နယ် သပြေတန်းကျေးရွာမှ လက်လုပ်သေနတ် တစ်လက်ကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် စည်ပင်သာကျေးရွာမှ လက်လုပ်သေနတ် တစ်လက်ကိုလည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ ကံကြီးရပ်ကွက်မှ တူမီးသေနတ် ခြောက်လက်နှင့် လေသေနတ် သုံးလက်တို့ကို လည်းကောင်း ကျေးရွာအုပ်ချုပ်ရေးတာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ လာရောက်အပ်နှံသော တူမီးသေနတ်နှင့် လက်လုပ်သေနတ်များအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်ခံရယူခဲ့ပြီး စနစ်တကျ သိမ်းဆည်းထားရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တာချီလိတ်လေဆိပ်ရှိ ထိန်းချုပ်ရေး စင်တာပျက်စီးပြီး လေကြောင်းဆင်းသက်မှု ရွှေ့ဆိုင်း

**တာချီလိတ် မေ ၁၀**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ လေဆိပ်တွင် ယနေ့ မွန်းလွဲ ၂ နာရီခွဲခန့်၌ လေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လေဆိပ်ရှိ ထိန်းချုပ်ရေးစင်တာ အမိုးများလန်ပြီး စင်တာရှိ မှန်များ ကွဲကာ လေဆိပ်ဝန်ထမ်း သုံးဦး ဒဏ်ရာရရှိသွားကြောင်း သိရသည်။

ယနေ့ တာချီလိတ်ခရီးစဉ်အတွက် ပျံသန်းပြေးဆွဲသည့် ကမ္ဘောဇလေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်ကို လည်း လေကြောင်းထိန်းသိမ်းရေးစင်တာတွင် စက်ပိုင်းဆိုင်ရာ ထိခိုက်ပျက်စီးမှုများရှိသဖြင့် ဆင်းသက်မှု အခက်အခဲကြောင့် လေယာဉ်ကိုနောက်ကြောင်း ပြန်လှည့်ခိုင်းရကြောင်း သိရသည်။

လေဆိပ်ထိန်းချုပ်ရေးစင်တာအတွင်းရှိ စက်များကို စက်ပိုင်းဆိုင်ရာ အင်ဂျင်နီယာများက စစ်ဆေးမှုများ ပြုလုပ်လျက်ရှိပြီး လတ်တလောတွင် လေယာဉ်ဆင်းသက်မှုများကို ရပ်နားထားခဲ့ရကြောင်း လေဆိပ်တာဝန်ရှိသူထံမှ သိရသည်။

**ယာဆေး(ပြန်/ဆက်)**



မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လေဆိပ်ထိန်းချုပ်ရေးစင်တာ အဆောက်အအုံပျက်စီးမှုကို တွေ့ရစဉ်။

# မော်လမြိုင်ကျွန်းမြို့တွင် မြို့မဈေးကြီး မီးလောင်မှုဖြစ်

**မော်လမြိုင်ကျွန်း မေ ၁၀**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့ အမှတ်(၅) ရပ်ကွက်ရှိ မြို့မဈေးကြီးတွင် မေ ၅ ရက် ည ၇ နာရီက မီးလောင်မှုဖြစ်ကြောင်း သိရသည်။

**စုပေါင်းငြိမ်းသတ်**

မြို့မဈေးကြီး၏ ညစောင့်ဖြစ်သူ သတင်းပေးပို့လာသဖြင့် မီးလောင်ရာသို့ မြို့နယ်မီးသတ်စခန်းမှ ဒုတိယမီးသတ် ဦးစီးမှူး ဦးမျိုးဇော် ဦးဆောင်၍ သန္နေတပ်ဖွဲ့ဝင် ၂၇ ဦး၊ အရန်တပ်ဖွဲ့ဝင် ၈၀၊ ကျိုက်ပိနယ်မြေမီးသတ် စခန်း၊ ဘိုကလေးမြို့နယ် မီးသတ်စခန်းနှင့် ရေလဲကလေး နယ်မြေမီးသတ်စခန်းတို့မှ စုစုပေါင်းမီးသတ်ယာဉ် ၁၁ စီးဖြင့် သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်း ငြိမ်းသတ်ခဲ့ရာ ည ၇ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းခဲ့သည်။

**ဆိုင်ခန်း ၁၆ ခန်း မီးလောင်ဆုံးရှုံး**

မီးလောင်မှုကြောင့် သွပ်မိုး၊ ပျဉ်ကာ၊ ကွန်ကရစ်ခင်း ဆိုင်ခန်း ၁၆ ခန်း မီးလောင်ဆုံးရှုံးခဲ့သည်။ မီးငြိမ်းသတ်ရာတွင် နယ်မြေခံတပ်ရင်းမှ တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အသီးသီးမှ ဝန်ထမ်းများ၊ မြို့ပေါ်ရှိပြည်သူများ၊ သံဃာတော်များမှ ကူညီဆောင်ရွက်ပေးကြပြီး မီးလောင်မှုနှင့် ပတ်သက်၍ မြို့နယ်ရဲစခန်းက အမှုဖွင့်ကာ မီးလောင်သည့်အကြောင်း အရင်းအား စုံစမ်းစစ်ဆေးလျက်ရှိကြောင်း မြို့နယ်မီးသတ် စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးမျိုးဇော်ထံက သိရ သည်။

**ထွန်းထွန်းနိုင် (မော်ကျွန်း)**

# မြန်အောင်မြို့တွင် မီးလောင်မှုဖြစ် နေအိမ်နှစ်လုံးဆုံးရှုံး

**မြန်အောင် မေ ၁၀**

မြန်အောင်မြို့ အမှတ်(၂)ရပ်ကွက် ဆေးရုံတဲကြီးကုန်းလမ်းတွင် ယနေ့ နံနက် ၀၀:၂၀ နာရီက ခြင်ဆေးခွေထွန်းရာမှ မီးလောင်မှုဖြစ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊မြို့နယ်ရဲတပ်ဖွဲ့ဝင်များဦးစီး၍ နယ်မြေခံမီးသတ်တပ်ဖွဲ့၊ ပါရမီလူမှုကူညီရေးအသင်းနှင့် ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် နံနက် ၀၀:၄၀ နာရီတွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် နေအိမ် နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့သဖြင့် မြန်အောင်မြို့မ ရဲစခန်းမှ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းမိုလ် (ပြန်/ဆက်)**

# မတ္တရာမြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်အချို့ ပျက်စီး

**မတ္တရာ မေ ၁၀**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် မေ ၉ ရက် ည ၁၁ နာရီက မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ကျေးရွာများမှ နေအိမ်အချို့ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်သစ်ကိုင်းများကျိုး၍ သဲကောကျေးရွာအုပ်စု သမန္တရကျေးရွာတွင် နေအိမ် တစ်လုံး၊ သရက်တောကျေးရွာအုပ်စု ဗောဓိကျေးရွာမှ နေအိမ်သုံးလုံးနှင့် ကွန်ကရစ်လျှပ်စစ်မီးတိုင် တစ်တိုင်၊ ရွာသစ်ကလေးကျေးရွာရှိ နေအိမ်နှစ်လုံး၊ နဘဲလက်ပံကျေးရွာမှ နေအိမ်တစ်လုံး စုစုပေါင်း နေအိမ် ခုနစ်လုံး ပျက်စီးဆုံးရှုံးမှုဖြစ်ပွားခဲ့ကြောင်း သိရ သည်။

**စိုးကျော်သူထွေး(မတ္တရာ)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## မင်းလှမြို့နယ်တရားရုံးတော်
## ၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် - ၅

ဒုတိယ ဗိုလ်မှူးကြီးသက်နိုင်ထွန်း နှင့် ဒေါက်တာ မြတ်သူဇာ
တရားလို တရားပြိုင်

ဒေါက်တာမြတ်သူဇာ(ဘ)ဦးအောင်စိန် ၊ စိတ်ကျန်းမာရေးအထူးကုဆေးရုံ(ထုံးဘို)၊ တောတွင်ကျေးရွာ၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဒုတိယဗိုလ်မှူးကြီး သက်နိုင်ထွန်းက အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၁ ခုနှစ် မေ ၂၆ ရက် (၁၃၈၃ ခုနှစ် ကဆုန်လပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြု လိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင် သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် မေ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နန်းဝင်း)
မြို့နယ်တရားသူကြီး
မင်းလှမြို့နယ်တရားရုံး


**MAEX**
MYANMAR AGRO EXCHANGE PUBLIC CO., LTD.
မြန်မာ အက်ဂရိုအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီ လီမိတက်

**ပဥ္စမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး**

**(5th Annual General Meeting) အား**

**Online စနစ်ဖြင့် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းအစုရှယ်ယာရှင်များအားအသိပေးကြေညာခြင်း**

၁။ မြန်မာအက်ဂရိုအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ပဥ္စမအကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို COVID 19 ဗိုင်းရပ်စ် ပျံ့နှံ့မှုအား ကာကွယ်နိုင်ရန်အတွက် Online အသုံးပြုပြီး ၈-၆-၂၀၂၁ ရက်နေ့( အင်္ဂါနေ့) နံနက်(၁၀:၀၀)နာရီတိတိအချိန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ သိရှိနိုင်ပါရန် လေးစားစွာဖြင့် အသိပေးအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂၀၂၁ခုနှစ် ဇွန်လ(၈ )ရက်(အင်္ဂါနေ့)
ကျင်းပမည့်အချိန် - နံနက်(၁၀:၀၀)နာရီတိတိ
ကျင်းပမည့်ပုံစံ - ZOOM WEBINAR

၂။ ပဥ္စမအကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် အောက်ဖော်ပြပါ အခမ်းအနားအစီအစဉ်အတိုင်း ကျင်းပဆောင်ရွက် မည်ဖြစ်ပါသည်။

(က) ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ(၃၀)ရက်နေ့ ကုန်ဆုံးသော ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာအဖွဲ့၏ နှစ်ပတ်လည် အစီရင်ခံစာ နှင့် ဘဏ္ဍာရေးရှင်းတမ်းအား အတည်ပြုခြင်း။

( ခ ) အစုရှယ်ယာရှင်များ၏ အမြတ်ဝေစုခွဲဝေခြင်းအား ကြေညာခြင်း။

( ဂ ) ဒါရိုက်တာအဖွဲ့၏ ၃ ပုံ ၁ ပုံရှိသော ဒါရိုက်တာများအလှည့်ကျနုတ်ထွက်ခြင်းနှင့် ၂၀၂၀-၂၀၂၁ ခုနှစ်အတွက် ဒါရိုက်တာအဖွဲ့ဝင်သစ်များ ခန့်အပ်ခြင်းနှင့် အတည်ပြုခြင်း။

(ဃ) ၂၀၂၀-၂၀၂၁ ခုနှစ်အတွက် ပြင်ပစာရင်းစစ် Win Thin & Associate Audit Firm ကိုခန့်အပ်ခြင်းနှင့် အတည်ပြုခြင်း။

၃။ အစုရှယ်ယာရှင်များအနေဖြင့် MAEX Website ဖြစ်သော www.maex.com.mm သို့ ဝင်ရောက်၍ MAEX မှ အသိပေးထားသည့် AGM ကျင်းပခြင်းနှင့် သက်ဆိုင်သော အချက်အလက်များအား ဝင်ရောက်ကြည့်ရှု ဖြည့်သွင်းနိုင်ပါသည်။

(က) ဒါရိုက်တာအရည်အချင်းပြည့်မီသူများအနေဖြင့် **ဒါရိုက်တာအဖြစ် ရွေးချယ်ခံခွင့် အဆိုပြုလိုပါက အဆိုပြုလွှာနှင့် ကိုယ်ရေးမှတ်တမ်း တို့ကို** Download ပြုလုပ်ဖြည့်စွက်၍ ho@maex.com.mm သို့လည်းကောင်း၊ MAEX ရုံးသို့ လူကိုယ်တိုင် လာရောက်၍လည်းကောင်း **၂၈-၅-၂၀၂၁ ရက်နေ့ (သောကြာနေ့)ညနေ (၄:၃၀)နာရီထက် နောက်မကျဘဲ နောက်ဆုံးထားပေးပို့ရန်၊**

(ခ) အဆိုပြုသည့် ဒါရိုက်တာအဖွဲ့ဝင်သစ်များအား ဆန္ဒမဲဖြင့် ပြန်လည်ရွေးချယ်ခန့်အပ်ရန် လိုအပ်ခဲ့ပါက အစုရှယ်ယာရှင်များ၏ ဆန္ဒမဲဖြင့် ဆုံးဖြတ်နိုင်ရန်အတွက် **Online Registration Form ဖြင့် မှတ်ပုံတင်ခြင်းအား ၂၈-၅-၂၀၂၁ ရက်နေ့ (သောကြာနေ့)ညနေ (၄:၃၀)နာရီထက် နောက်မကျဘဲ နောက်ဆုံးထားမှတ်ပုံတင်ရန်။**

၄။ အစုရှယ်ယာရှင်များအနေဖြင့် အကြံပြုချက် နှင့် မေးမြန်းလိုသည့်အချက်များရှိပါက **၃၁-၅-၂၀၂၁ ရက်နေ့ (တနင်္လာနေ့)ညနေ (၄:၃၀)နာရီ နောက်ဆုံးထားပြီး** ဒါရိုက်တာအဖွဲ့ထံသို့ လိပ်မူ၍ ho@maex.com.mm သို့ email သို့မဟုတ် မှတ်ပုံတင်စာဖြင့် အရောက်ပေးပို့နိုင်ပါသည်။

၅။ ဒါရိုက်တာအဖွဲ့၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နှစ်ပတ်လည်အစီရင်ခံစာအပြည့်အစုံအား အစုရှယ်ယာရှင်များသိရှိနိုင်ရန်အတွက် **၂၁-၅-၂၀၂၁ ရက်နေ့တွင်** www.maex.com.mm ၌ တင်ထားပေးမည်ဖြစ်ကြောင်းအသိပေးအပ်ပါသည်။

၆။ အစုရှင်များမှတ်ပုံတင်ရန်နှင့် မဲပေးဆန္ဒပြုနိုင်ရန်အတွက် အစုရှင်များမှ လုပ်ထုံးလုပ်နည်းနှင့်အညီ မှတ်ပုံတင်ထားသော တယ်လီဖုန်း နံပါတ်များသို့ Website Link ကိုပေးပို့သွားမည်ဖြစ်ပါသည်၊ အကြောင်းအမျိုးမျိုးကြောင့် Online Registration ပြုလုပ်ရန် အခက်အခဲရှိသည့် အစုရှယ်ယာရှင်များအနေဖြင့် MAEX ၏ Viber Phone Number; 09 889955485,09 889955486 များသို့ အစုရှယ်ယာရှင်၏ မှတ်ပုံတင်မူရင်းကို ရှေ့နောက်ဓါတ်ပုံရိုက်၍ အမည်၊ မှတ်ပုံတင်အမှတ်နှင့် မိုဘိုင်းဖုန်းနံပါတ်တစ်ခုဖြင့် အစုရှယ်ယာရှင်ကိုယ်တိုင် မှတ်ပုံတင်စာရင်းပေးသွင်းနိုင်ပါသည်။


၇။ ပဥ္စမအကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေး(AGM) နှင့်ပါတ်သက်၍ အသေးစိတ်သိရှိလိုသည်များရှိပါက MAEX ၏ ရှယ်ယာဌာနမှ တာဝန်ခံမန်နေဂျာ၏ Phone Number; 09 250365664 နှင့် ရုံး Phone Number; 01 503928,01 503929 များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

ဒါရိုက်တာအဖွဲ့
မြန်မာအက်ဂရိုအိတ်(စ်)ချိန်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်(MAEX)




# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနိုးဆော်ခြင်း







မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-၈၈၄ သိန်း


ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း


ပုတ်တလုတ်ကန်(၁၉၆×၁၁၆)ပေ ၁ ကန်-၈၂၄၀ သိန်း


မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက် (၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း


ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း


သုခမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည် ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၀ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄. ၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၁ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄. ၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃. ၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုခမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကိုထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** သို့ အလှူငွေများအား ငွေသားဖြင့်လည်းကောင်း၊ Account Transfer ဖြင့်လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅
**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန ရုံးအမှတ် (၃၁)၊ နေပြည်တော် လျှောက်လွှာခေါ်ယူခြင်း

၁။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူးနှင့်အဆင့်တူ (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူး ၃ နေရာအတွက် အောက်ဖော်ပြပါသတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံသူများ ထပ်မံလျှောက်ထားနိုင်ပါသည်-

(က) **စာရင်းကိုင်-၂ ရာထူးအတွက် (အမျိုးသား/အမျိုးသမီး)၃ နေရာ**
(၁)ဝါဏိဇ္ဇဗေဒဘွဲ့ (B.Com)
(၂) စီးပွားရေးပညာဘွဲ့ (စာရင်းအင်း) B.Econ (Statistics)
(၃) စီးပွားရေးပညာဘွဲ့ (ဘောဂဗေဒ) B.Econ (Economics)
(၄) စာရင်းကိုင်ပညာဘွဲ့ (B.Act)
(၅)စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုဘွဲ့ (B.B.A)
(၆) အင်္ဂလိပ်စာအသင့်အတင့်တတ်ကျွမ်းပြီး ကွန်ပျူတာအသင့်အတင့် အသုံးပြု နိုင်သူဖြစ်ရမည်၊
(၇)၃၀-၄-၂၀၂၁ ရက်နေ့တွင် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက် (၂၅) နှစ်နှင့် ဌာနဆိုင်ရာ ဝန်ထမ်းဖြစ်ပါက အသက် (၃၀) နှစ်ထက်မကြီးသူဖြစ်ရမည်။

၂။ လျှောက်ထားသူများသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်၊
(ခ) ကျန်းမာရေးကောင်းမွန်ပြီး ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်ရမည်၊
(ဂ) ဘာသာရေး၊ သာသနာရေးဆိုင်ရာလုပ်ငန်းများ စိတ်ပါဝင်စားသူဖြစ်ရမည်၊
(ဃ) ဝင်ခွင့်လျှောက်လွှာပုံစံများကို ဌာန၏ Website ဖြစ်သော www.dra.gov.mm တွင် download ရယူနိုင်ပြီး စာရွက်စာတမ်းအထောက်အထားများ ပူးတွဲလျက် စာတိုက်မှဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ၂၈-၅-၂၀၂၁ ရက်နေ့(သောကြာနေ့) ရုံးချိန်အရောက် နောက်ဆုံးထား၍ ရုံးအမှတ် (၃၁)၊ နေပြည်တော်သို့ လိပ်မူ၍ ပေးပို့လျှောက်ထားရမည်။

(င) လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-
(၁) စာမေးပွဲဝင်ကြေးငွေပေးသွင်းသည့် ချလန်မူရင်း၊
(၂) တစ်လအတွင်း ရိုက်ကူးထားသော ၁" ပတ်လည် ဓာတ်ပုံ ၃ ပုံ၊ (နောက်ကျောတွင် အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးရန်)
(၃) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူနှင့် ဘွဲ့လက်မှတ်မိတ္တူ(သို့မဟုတ်) ယာယီဘွဲ့ထောက်ခံစာမိတ္တူ၊ (မိတ္တူမှန်ကန်ကြောင်း လက်မှတ်ရေးထိုးရန်)
(မူရင်းအား လူတွေ့လာရောက်ဖြေဆိုသည့်အခါ ပြသနိုင်ရမည်)
(၄) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊
(၅) နိုင်ငံ့ဝန်ထမ်းမဟုတ်ပါက အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ၊
(၆) ကျန်းမာကြောင်း ဆေးထောက်ခံချက်မူရင်း၊
(၇) ခန့်အပ်ခြင်းခံရပါက အနည်းဆုံး ၃ နှစ်တာဝန်ထမ်းဆောင်ရန် ဝန်ခံကတိပြုလက်မှတ်၊
(၈) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) မိတ္တူ၊
(၉) ပြင်ပပုဂ္ဂိုလ်များသည် ၃၀-၄-၂၀၂၁ ရက်နေ့နောက်ပိုင်း အကျင့်စာရိတ္တကောင်းမွန်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ ထောက်ခံစာမူရင်း၊
(၁၀) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုစာမူရင်း။

၃။ စာမေးပွဲဝင်ကြေး ကျပ် (၁၀၀၀/-) ကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်၊ ငွေစာရင်းအမှတ်၊ MD- 010549၊ သာသနာရေးဦးစီးဌာနသို့ ပေးသွင်းရမည်။

၄။ သတ်မှတ်ရက်ထက်ကျော်လွန်ရောက်ရှိလာသော လျှောက်လွှာများ၊ အရည်အချင်း သတ်မှတ်ချက်များနှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အထောက်အထား မပြည့်စုံသူများကို (လုံးဝ) လုံးဝ ထည့်သွင်းလက်ခံစဉ်းစားပေးမည်မဟုတ်ပါ။

၅။ ရေးဖြေစာမေးပွဲကို မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတဘာသာရပ်များဖြင့် ကျင်းပပြု လုပ်သွားမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲ ကျင်းပပြုလုပ်မည့် ရက်စွဲ၊ အချိန်၊ နေရာနှင့် စာမေးပွဲဖြေဆိုရန်အတွက် ဖြေဆိုခွင့်ရရှိသူအမည်စာရင်းနှင့် ခုံအမှတ်တို့ကို သာသနာရေးဦးစီးဌာန၊ ရုံးအမှတ်(၃၁)၊ နေပြည်တော် (ကြော်ငြာသင်ပုန်း)နှင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန(သာသနာရေး) Website (www.mora.gov.mm)နှင့် (www.dra.gov.mm)တို့တွင် ကြေညာပေးသွားမည်ဖြစ်ပါသည်။

၆။ အသေးစိတ်သိလိုပါက ရုံးအမှတ် (၃၁)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၀၆၂၃၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**သာသနာရေးဦးစီးဌာန**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀) ချမ်းမြသာစည်မြို့နယ်တရားရုံး ၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် -၁

| | | |
|---|---|---|
| ဒေါ်ယုယုဆွေ | **နှင့်** | ဦးထွန်းစိန် |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၆၂ x ၆၃ လမ်းကြား၊ ၄၁လမ်း၊ န-၄/၃နေ ဦးထွန်းစိန် (ယခုနေလိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်ယုယုဆွေက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အမှတ်(၁) ရပ်ကွက်၊ (ဏ-၂)၊ ဦးပိုင် အမှတ်(၇၆)၊ပေ (၄၀ x ၆၀) အကျယ်အဝန်းရှိ မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူသင်၏ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၁ ခုနှစ် မေ ၂၁ရက် (၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြု လိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင် သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၁ ခုနှစ် မေ ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ထွန်းကျော်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန သောင်ပြင် GMDSS စခန်းဆောင်ရွက်ခြင်းလုပ်ငန်းအတွက် (Turnkey)ဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း၊ တင်ဒါအမှတ်စဉ်(ITCSD-၂၆/၂၀၂၁)

၁။ (၂၀၂၀-၂၀၂၁)ခု ဘဏ္ဍာရေးနှစ်အတွင်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ ဥပဒေ/နိုင်ငံတကာ/ပြန်ကြားရေးဌာန(ပင်လယ်ရေကြောင်းဆက်သွယ်ရေး)တွင် "GMDSS စက်ပစ္စည်းများကို အဆင့်မြှင့်တင်၍ ကမ်းရိုးတန်းတစ်လျှောက်ရေဒီယိုစခန်း(၁၉)ခုအားအသစ်တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းစီမံကိန်း"မှ အောက်ဖော်ပြပါ လုပ်ငန်းများကို (Turnkey)ဖြင့်မြန်မာကျပ်ငွေနှင့်လုပ်ငန်းအပ်နှံဆောင်ရွက်သွားမည်ဖြစ်ပါ၍ စိတ်ဝင်စားသည့်လုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ပါကြောင်းဖိတ်ခေါ်အပ်ပါသည်။

| စဉ် | အကြောင်းအရာ | အရေအတွက် | နေရာ |
|---|---|---|---|
| ၁ | GMDS စက်ခန်းနှင့်ဆက်စပ်တည်ဆောက်ရေးလုပ်ငန်းများLot(1) | ၁ | |
| ၂ | (က) 50 KVA Transformer အသစ်တစ်လုံးတပ်ဆင်ခြင်းနှင့်မီးလိုင်းများ ဆောင်ရွက်ခြင်းလုပ်ငန်း Lot(2-a)<br>(ခ) အရန်ဓာတ်အားပေးစက်ဝယ်ယူတပ်ဆင်ခြင်း၊ မီးလိုင်း နှင့် Earthing ဆောင်ရွက်ခြင်းလုပ်ငန်း Lot(2-b) | ၁ | |
| ၃ | VHF နှင့် AIS Antenna တို့တပ်ဆင်ရန်အတွက် ၃၂-မီတာအမြင့် Tower တည်ဆောက်ခြင်းလုပ်ငန်းLot(3) | ၁ | သောင်ပြင်ကျေးရွာ၊ လမိုင်းမြို့၊ ရေးမြို့နယ်၊ မွန်ပြည်နယ် |
| ၄ | Myanmar Sat-2 ကို အသုံးပြု၍ Internet Line ဝန်ဆောင်မှုနှင့် Control Center တွင် Monitoring and Control Service ဝန်ဆောင်မှုရရှိစေရန်တို့အတွက် ဆောင်ရွက်ခြင်းလုပ်ငန်း Lot(4) | ၁ | |
| ၅ | (က) VHF CRS အတွက် GMDSS စက်ပစ္စည်းများကို တင်သွင်းခြင်း၊ တပ်ဆင်ခြင်း နှင့်စမ်းသပ်ခြင်းလုပ်ငန်း Lot(5-a)<br>(ခ)VHF CRS အတွက် GMDSS စက်ပစ္စည်း(Spare)Lot(5-b) | ၁ | |

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၁-၅-၂၀၂၁ရက်
၃။ တင်ဒါပုံစံအရောင်းပိတ်မည့်ရက် - ၂၈-၅-၂၀၂၁ရက်
၄။ တင်ဒါပုံစံရောင်းချမည့်နေရာ - ထောက်ပံ့ဌာန၊ သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ ရုံးအမှတ်(၂)၊ နေပြည်တော်
၅။ တင်ဒါတင်သွင်းရမည့်နေရာ - ထောက်ပံ့ဌာန၊ သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ ရုံးအမှတ်(၂)၊ နေပြည်တော်
၆။ တင်ဒါနောက်ဆုံးထားတင်သွင်းရမည့်နေ့ရက်နှင့်အချိန် - ၄-၆-၂၀၂၁ရက် (သောကြာနေ့) ညနေ ၄နာရီအထိ
၇။ တင်ဒါပုံစံကြေး - Lot(1),(3),(4),(5-a),(5-b)-Lot တစ်ခုစီလျှင်- ၁၀၀၀၀/(တစ်သောင်းကျပ်တိတိ)
Lot(2-a)-၅၀၀၀/-(ငါးထောင်ကျပ်တိတိ)
Lot(2-b)-၂၀၀၀/-(နှစ်ထောင်ကျပ်တိတိ)

၈။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာနသို့ ကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၇-၃၄၀၇၇၅၃သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ **တင်ဒါကော်မတီ**

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၂)၊ နေပြည်တော်**

## ကန့်ကွက်နိုင်ပါကြောင်း

ကျွန်ုပ်၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆၊ မြေကွက်အမှတ် ၁၇၆၊ မြေရီယာ ၀ဒသမ ၀၅၅ ဧက၊ (ပေ ၄၀ x ပေ ၆၀) အကျယ်အဝန်းရှိ နှစ် (၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၁၇၆၊ ရဲကျော်အောင်လမ်း၊ (၃၆) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟု ခေါ်တွင်သော (BN)အမျိုးအစား (၁½ ထပ်တိုက် အဆောက်အအုံ တစ်လုံး၊ လျှပ်စစ်မီတာတစ်လုံး၊ ရေမီး အပါအဝင် ယင်းတို့နှင့် ဆက်စပ်ပတ်သက် လျက်ရှိသော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက် ပိုင်ဆိုင်သူ ဦးသန်းနိုင်(ဘ)ဦးစံမြင့် ၁၂/သဃက(နိုင်)၀၁၃၃၅၉ ၊ အမှတ် ၁၇၆၊ ရဲကျော်အောင်လမ်း၊ (၃၆) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေသူထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါမြေကွက်နှင့် အဆောက်အအုံ အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်အတွင်း ကန့်ကွက်သူမရှိပါကအဆိုပါ အရောင်းအဝယ် ကိစ္စကို ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့်(B.Sc, PGDL)** | **ဒေါ်ခင်မြတ်သူ(H.G.P, LL.B, D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၁၉၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်- ၇၅၁၅)** |
| **ဖုန်း-၀၉-၅၁၇၁၄၃၃** | **ဖုန်း- ၀၉- ၈၆၃၅၁၂၂** |

**အမှတ် (၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4F/2933 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## အမည်ပြောင်း

မော်လမြိုင်မြို့၊ အောင်တော်မူ (မူလွန်) တတိယတန်းမှ ဦးရဲထွဋ်လွင်၏သား ခွန်အံ့ဘုန်းမောင်အား ခွန်အံ့ဘုန်းဟု ပြောင်းလဲခေါ်ပါရန်။

**ခွန်အံ့ဘုန်း**

## ပျောက်ဆုံးကြောင်း

ကျွန်တော် တင်မောင်နိုင် (CDC-36507, Passport -MD518344)၏ ALL in One Certificate မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် ပန်ကြားအပ်ပါသည်။

**တင်မောင်နိုင်(ဖုန်း-၀၉-၉၆၈၈၂၈၇၆၂)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ နဝဒေးဥယျာဉ်အိမ်ရာ၊ မြေတိုင်းရပ်ကွက်(၃/၄)၊ ဘလောက်(၁-အေ)၊ အိမ်အမှတ်(၁-က)၊ မြေကွက်အမှတ်(၆၆၉/အေ) ဟုခေါ်တွင်သော (၄၄', ၄၂') x (၈၁', ၆၅')ပေ အကျယ်အဝန်းရှိ မြေနှင့်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ပိုင်ဆိုင်၍ ရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းသူ ဒေါ်နန်းနွယ် ၁၄/ဝခမ(နိုင်) ၁၃၂၈၈၀ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်လဲ့ဝတ်ရည်ဦး ၁၂/လသယ(နိုင်) ၀၄၈၇၀၃မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထောက်အထားမူရင်းများခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လဲ့ဝတ်ရည်ဦး၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စိုးစိုးမော်** | **ဒေါ်နှင်းဝေအောင်** |
| **(စဉ်-၁၀၇၂၄)** | **(စဉ်-၁၀၇၄၅)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၉၅)၊ နတ်သျှင်နောင်လမ်း၊ (၃)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၄၀၇၈၃၀၊၀၉-၄၂၅၂၉၂၉၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊ မြေကွက်အမှတ်(၁၀၅၅/ခ)၊ မြေကွက်တည်နေရာအမှတ်(၁၀၅၅/ခ)၊ ကေရီ(၅)လမ်း၊ (၁၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဒေါ်မြရင်အမည်ပေါက်ပါမစ်မြေအား အမည်ပေါက်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားသူ ဦးရဲမင်းနိုင် ၉/ညဥန(နိုင်)၁၆၂၈၁၄မှ ပါမစ်မူရင်းတွင် မိသားစုဓာတ်ပုံနှင့်ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်တို့သာ တင်ပြနိုင်ပြီး အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများစာရင်းတို့ တင်ပြနိုင်ခြင်းမရှိဘဲ ပါမစ်အမည်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-စက်မှုဇုန်-၃၊ မြေကွက်အမှတ်(၈၀)၊ ဧရိယာ(၂ဒသမ၀၁၁)ဧက၊ မြေကွက်တည်နေရာ အမှတ်(၈၀)၊ ဒီပဲယင်းဝန်ထောက်ဦးမြလမ်းနှင့် မင်းသိင်္ခကျော်စွာလမ်းထောင့်၊ စက်မှုဇုန်(၃)၊ လှိုင်သာယာမြို့နယ်၊ ဒေါ်နုနုခင် (MGE-၀၀၃၇၀၈)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်နုနုခင်(ဇနီး) ကွယ်လွန်သဖြင့် ခင်ပွန်းဖြစ်သူ ဦးအေးကို ၁၂/ကမတ(နိုင်) ၀၁၉၇၈၈မှ တရားဝင်ခင်ပွန်းဖြစ်ကြောင်းနှင့် အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူဖြစ်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာနှင့် နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)မူရင်း၊ သေဆုံးမှုလက်မှတ်တို့ကို တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အပိုင်ပေးစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ကချင်ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာရုံး မြစ်ကြီးနားမြို့ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကချင်ပြည်နယ်၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ ၂၀၂၀-၂၀၂၁ ပြည်နယ်အစိုးရ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ပစ္စည်းဝယ်ယူရေးလုပ်ငန်းများအား ဆောင်ရွက်ရန်ရှိပါသဖြင့် ဆောင်ရွက်လိုသော လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ကချင်ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာရုံးတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-
(က) တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် - ၁၁-၅-၂၀၂၁ရက်
(ခ) တင်ဒါပုံစံ အရောင်းပိတ်ရက် - ၈-၆-၂၀၂၁ရက် ညနေ ၄နာရီ
(ဂ) တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက် - ၉-၆-၂၀၂၁ရက် ညနေ ၃နာရီ
(ဃ) တင်ဒါတင်သွင်းရမည့်နေရာ - ကချင်ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၊ မြစ်ကြီးနားမြို့

၃။ အိတ်ဖွင့်တင်ဒါဖောင်ပုံစံများအား Online မှလည်း ရောင်းချပေးမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို ကချင်ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်အား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဆက်သွယ်ရန် ဖုန်း- ၀၉- ၆၆၂၆၉၇၃၄၆(အင်ဂျင်နီယာဌာန)**

## အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့နယ်၊ မြေကွက်အမှတ်(ပ-၂၁၃၈၁)နှင့် ပတ်သက်၍ ဦးကြည်လွင် ၁၂/မရက(နိုင်)၀၇၈၂၅၄ မှ ကျွန်တော် ဦးထွန်းထွန်းဝင်းသို့ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၁၄-၂-၂၀၁၉ ရက်စွဲဖြင့် လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာ မှတ်ပုံတင်အမှတ် (၁၉၂၅/၂၀၁၉)ကို(၁၁-၅-၂၀၂၁) ရက်မှစ၍ အပြီးအပိုင် ရုပ်သိမ်းပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးထွန်းထွန်းဝင်း**
**၉/မထလ(နိုင်)၁၉၆၁၀၂**
**ဖုန်း-၀၉- ၂၆၅၂၈၅၄၈၀**

## အများသိစေရန်ကြေညာခြင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃/ဗိုလ်ထွန်းဇံ)၊ မြေကွက်အမှတ်(၄၂)၊ ဧရိယာ (၂၅' X၅၀')= ၁၂၅၀ စတုရန်းပေ= ၀ဒသမ ၀၂၈ ဧက၊ မြေကွက်တည်နေရာ အမှတ် (၁)ဗိုလ်တေဇ လမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးကျော်ဝင်း ၁၂/ဒပန(နိုင်) ၀၂၅ ၉၆၁၊ ဦးငွေအောင် ၁၂/ဒပန(နိုင်)၀၂၇၄၈၅ အမည်ပေါက် မြေကွက်အား အမည်ပေါက်များထံမှ SP ၂၀၉၆၆/၂၀၁၉(၃၀-၅-၂၀၁၉) ဖြင့် ရရှိသူ ဦးလေးမြင့် ၁၂/ သကတ(နိုင်)၀၄၅၉၀၀ မှ နှစ်(၆၀)ဂရန်မူရင်း ခြကိုက်ပျက်စီးသွားကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားခြင်းအားဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူမှန်ထုတ်ပေးမည်ဖြစ်၍ မူလထုတ်ပေးထားသည့်မြေငှားစာချုပ်အမှတ် ဒပ/၃/၀၂၂၂/၉၃(၂၄-၉-၁၉၉၃)ဖြင့် ဦးကျော်ဝင်း၊ ဦးငွေအောင် အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မူရင်းအား ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅၅၊ မြေကွက်အမှတ်(၃၀၃)၊ မြေ အမျိုးအစား (ပါမစ်မြေ)၊ အကျယ်အဝန်း (၄၀ x ၆၀)ပေရှိ အရာခံဗိုလ်ထွန်းသိန်းအောင် ၇/ကတခ(နိုင်)၀၀၇၉၇၆ အမည်ပေါက် ပါမစ် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်အစပ်အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်နီလာမြင့် ၁၀/သထန(နိုင်) ၁၂၉၂၁၉မှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ် အားကန့်ကွက်လိုပါက ကျွန်ုပ်ထံစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းလင်းအောင်(LL.B,D.B.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၀၆)**
**THAPYAY THAR HTAY MYINT LAW FIRM LIMITED**
**အမှတ်(၅၈)၊ မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၂၀၁၈၃၄**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ်(၉၀၁/ခ)၊မြေကွက်တည်နေရာအမှတ် (၉၀၁/ခ)၊ မိဂသီ ၁၈လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ဦးခင်မောင်မြင့် ၁၂/ဥကတ(နိုင်)၁၁၆၈၆၈ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးခင်မောင်မြင့် ၁၂/ဥကတ(နိုင်)၁၁၆၈၆၈ ကွယ်လွန်သဖြင့် ပိုင်ဆိုင်စာချုပ်အမှတ် ၆၃၇၈(၂၃-၁၁-၂၀၁၂)ဖြင့်ရရှိသူ ဒေါ်ခင်အေး၏ GP ဒေါ်စီစီမော် ၁၂/ဥကတ(နိုင်)၁၁၉၀၉၀ မှ ဂရန်မူရင်း၊ ပိုင်ဆိုင်ကြောင်းစာချုပ်၊ ကိုယ်စားလှယ်လွှဲစာ၊ ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာအမှတ် ၉/၁၂၀၇/၂၀၂၀ (၉-၉-၂၀၂၀)တင်ပြ၍အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တင်ပြပိုင် ဆိုင်ကြောင်း စာချုပ်အမှတ်(၆၃၇၈/၂၀၁၂)နှင့် GPအမှတ် (၁၂၈၀၄/၂၀၁၂) တို့သည် စာချုပ်စာတမ်းရုံးမှ မိတ္တူမှန်ထပ်မံထုတ်ပေးထားသည့် စာချုပ်များဖြစ်နေသဖြင့် ယခုအရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ဖြူးမြို့နယ်၊ ရွာတန်းရှည်ကျေးရွာအုပ်စု၊ ရမ်ပူကျေးရွာနေ ကျွန်ုပ်၏မိတ်ဆွေ မလာလ်မိုသီ၏ ခင်ပွန်း ဦးဘာဘူဝါးနန်းသည် လွန်ခဲ့သည့် ၂၀၁၆ခုနှစ်ကတည်းက နေအိမ်မှဆင်းသွားခဲ့ပြီး ယနေ့အချိန်အထိ ဇနီးဖြစ်သူအား စွန့်ပစ်ထား၍ အဆက်အသွယ်တစ်စုံတစ်ရာပြုလုပ်ခြင်းလုံးဝမရှိသောကြောင့် ယနေ့မှစ၍ ခင်ပွန်းအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့်လင်ခန်း၊ မယားခန်းအပြီးအပြတ်ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မလာလ်မိုသီ၏ညွှန်ကြားချက်အရ-**
**ဦးရှိဆန်းကူမာ(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ**
**အနောက်ပိုင်းလမ်း၊ ဇေယျာဝတီမြို့၊ ဖုန်း-၀၉-၅၀၈၆၆၇၃**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၌

၂၀၂၁ခုနှစ် တရားမကြီးမှုအမှတ်-၂

ဦးလောဆိုင် နှင့် မမြမြသင်း

တရားလို တရားပြိုင်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်(ယ-၃)၊ ၇၁ အေလမ်း။ ၁၁၃လမ်းနှင့် မြဝတီမင်းကြီးလမ်းကြားနေ ဒေါ်မြမြသင်း (ဘ) ဦးတင်စိန် သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ် တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၁ခုနှစ် မေ ၂၆ရက် (၁၃၈၃ခုနှစ် ကဆုန်လပြည့်ကျော်၁ရက်)၊ မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ် လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် မေ၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ကြည်ပြာဆင့်)

တွဲဖက်မြို့နယ်တရားသူကြီး(၂)

ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City ကြယ်စင်အိမ်ရာစီမံကိန်း၊ သံလွင်ရိပ်မွန်အိမ်ရာအတွင်းရှိ ဇုန်(A)၊ တိုက်အမှတ်(အေ-၄)၊ (၄)လွှာ၊ အခန်း(၄၁၇)၊ အခန်းအမျိုးအစား Type(B) အကျယ်အဝန်း ၉၀၅ စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်နန်းမွေလိုင်း ၁၃/သနန(နိုင်)၀၂၁၆၉၆ ထံမှ ကျွန်တော် ဦးဝဏ္ဏထွန်း ၁၂/ကမတ(နိုင်)၀၄၉၈၉၇ နှင့် ကျွန်မ ဒေါ်ဝင်းယုဟန် ၁၂/ဥကတ (နိုင်)၁၄၃၃၄၇သည် အပြီးအပြတ်ဝယ်ရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့် တကွ ကျွန်တော်ဦးဝဏ္ဏထွန်းနှင့် ကျွန်မ ဒေါ်ဝင်းယုဟန်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဝဏ္ဏထွန်း

၁၂/ကမတ(နိုင်)၀၄၉၈၉၇

ဒေါ်ဝင်းယုဟန်

၁၂/ဥကတ(နိုင်)၁၄၃၃၄၇

ဖုန်း-၀၉-၅၀၄၃၈၃၀၊ ၀၉-၅၁၈၉၆၀၈

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြို့မ(၁)ရပ်ကွက်၊ ဦးပိုင်အမှတ်-၃၄/၃၊ ကွင်းအမှတ်-၅၉၀(B)က၊ ဧရိယာ ၀ဒသမ၇၅အတွင်းမှ အလျား(၂၈)ပေxအနံ(၇၀) ပေရှိ ဦးအောင်သန်းနိုင် အမည်ပေါက်ခြံမြေကွက်အား ပိုင်ဆိုင်၍ လွဲပြောင်းရောင်းချခွင့်ရှိကြောင်း ဒေါ်အေးသီတာ ၁၂/မဘန(နိုင်)၀၀၀၉၁၈၊ ဦးအောင်သန်းနိုင် ၁၀/မဒန(နိုင်)၀၁၉၃၉၉တို့က ရောင်းချရန် အဆိုပြုကမ်းလှမ်းလာရာ ကျွန်ုပ်မိတ်ဆွေ ဒေါ်ငြိမ်းငြိမ်းမေ ၉/မရက(နိုင်)၀၆၅၈၆နှင့် ဒေါ်မေမိုးသက် ၆/ထဝန (နိုင်)၁၂၆၁၂၉တို့က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုပါက သတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ရေးဆိုင်ခွင့် အထောက်အထားစာရွက်စာတမ်း စာချုပ်(မူရင်း)များဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးဇော်မင်းဦး (LL.B,D.B.L,D.M.L) | ဦးကောင်းမြတ်သူ (LL.B) |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| စဉ်-၁၃၄၁၃ (၂၉-၇-၂၀၁၇) | (စဉ်-၅၀၁၈၄ (၃၁-၈-၂၀၁၈) |
| ဖုန်း-၀၉-၇၆၂၉၉၂၄၄၃၊ ၀၉-၄၄၄၉၁၅၂၃၄ | ဖုန်း-၀၉-၄၂၀၂၁၂၈၁၁ |

ရှေ့နေများရုံးခန်း၊ မှော်ဘီတရားရုံးဝင်း၊ မှော်ဘီမြို့

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၄ယ/၉၃၇၇၂ Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငြိမ်းငြိမ်းခိုင် ၉/ပမန(နိုင်)၁၅၂၄၆၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန (နေပြည်တော်ရုံး)

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂၃H၊ မြေကွက်အမှတ် Class ၁၀၄၊ မြေကွက်တည်နေရာ အမှတ်(၆၂)၊ နံ့သာလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်၊ ဦးအုန်း (အေဒီ-၀၄၈၇၃၅)၊ ဒေါ်ရှုလျှံ (အေဒီ-၀၁၄၇၅၆) အမည်ပေါက် နှစ်(၉၀) မြေငှားဂရန်မြေအား အမည်ပေါက် (ဖခင်) ဦးအုန်းသည် ၁၇-၂-၂၀၁၈ရက်တွင် လည်းကောင်း၊ (မိခင်) ဒေါ်ရှုလျှံ ၁၆-၉-၂၀၀၈ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် ဦးသိန်းဝင်း ၁၂/အလန(နိုင်)၀၂၉၄၄၂၊ ဒေါ်လှလှသိန်း ၁၂/အလန(နိုင်)၀၂၈၅၄၉၊ ဦးစောသိန်း ၁၂/အလန(နိုင်)၀၃၂၆၄၃တို့မှ သား၊ သမီးအရင်းတော်စပ်၍ အမွေဆက်ခံခွင့်ရှိကြောင်း သေစာရင်း၊ ကိုယ်တိုင်ကျမ်းကျိန်လွှာ၊ ထောက်ခံ ကျမ်းကျိန်လွှာများ၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)

မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## သာသနာပိုင် မရွှေ့မပြောင်းနိုင်သော လှူဒါန်းပြီးပစ္စည်းဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ မင်းကုန်းမဟာစာသင်တိုက်ကြီး၏ နာယကဆရာတော် ဦးဇနိတာဘိဝံသ သာသနာဝင်မှတ်တမ်း ၉/မနတ(သ)၀၀၂၆၃၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၇၅)၊ ဦးပိုင်အမှတ်(၁၄)၊ ဧရိယာ ၀ဒသမ ၀၁၇၆ ဧကကျယ်ဝန်းပြီး မကျယ်(သမီး) မဇင်အမည်ပေါက် ဘိုးဘပိုင်မြေကွက်ကြီးနှင့် မြေကွက်ပေါ်ရှိ သွပ်မိုးနံကပ်နှစ်ထပ်တိုက် အဆောက်အအုံတို့ကို အမွေဆက်ခံပိုင်ခွင့်ရှိသူ ဒေါ်မမလေး(ဘ)ဦးသင် ၉/မရမ(နိုင်)၀၁၁၁၉၂ က ကျောက်ဆည်မြို့ မင်းကုန်းမဟာစာသင်တိုက်ကြီး၏ နာယကဆရာတော် ဦးဇနိတာဘိဝံသအား ၁၉၉၅ခုနှစ်၊ နိုဝင်ဘာ ၂၇ ရက်စွဲဖြင့် မှတ်ပုံတင်စာချုပ်အမှတ် (၄၂၈၇/၁၉၉၅)ဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာခဲ့ပြီး အဆိုပါပစ္စည်းများကို မှတ်ပုံတင်စာချုပ်အမှတ် (၄၂၇၉/၁၉၉၅)ဖြင့် အမွေဆက်ခံပိုင်ခွင့် ရရှိခဲ့သူ ဒေါ်မမလေးမှ ဦးဇနိတာဘိဝံသထံသို့ ရေစက်ချလှူဒါန်းခဲ့ပြီးဖြစ်ပါ၍ သာသနာပိုင် မရွှေ့မပြောင်းနိုင်သော လှူဒါန်းပြီး ပစ္စည်းဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-

ဦးထိန်လင်းဦး(ခ)ထိန်လင်း (B.Sc.; H.G.P;RL)

တရားလွှတ်တော်ရှေ့နေ (စဉ်-၄၀၂၆/၈၇)

အောက်ချိုင်းရပ်၊ ကျောက်ဆည်မြို့၊

ဖုန်း-၀၉-၂၁၅၁၃၉၄

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်

၂၀၂၁ခုနှစ် တရားမကြီးမှုအမှတ်-၁

ဦးလောဆိုင် နှင့် ဦးလူထွန်းအေး(ခ) ဦးလူအေးထွန်း

တရားလို တရားပြိုင်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်(ယ-၄)၊ ဦးပိုင်(၁၅)၊ ၇၁လမ်း၊ ၁၁၃လမ်းနှင့် မြဝတီမင်းကြီးလမ်းကြားနေ ဦးလူထွန်းအေး(ခ) ဦးလူအေးထွန်း(ဘ)ဦးချစ်ထွန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးလောဆိုင်က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်(ယ-၄)၊ ဦးပိုင်(၁၅)၊ ဧရိယာ (၀ဒသမ၀၅၅၁)ဧကရှိ ဂရန်မြေကွက်နှင့်ပတ်သက်၍ ရောင်းချရန်သဘောတူထားသော ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၁ခုနှစ် မေ ၂၆ရက် (၁၃၈၃ခုနှစ် ကဆုန်လပြည့်ကျော်၁ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်း အပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် မေ၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဖြူသွယ်အောင်)

တွဲဖက်မြို့နယ်တရားသူကြီး(၃)

ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

## ဦးကျော်ကျော်စံ(ဘ)ဦးသိဒ္ဓိဆွေ ၉/နထက(နိုင်)၁၄၁၆၆၁နှင့် အများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဓနသိဒ္ဓိရပ်ကွက်၊ တိုက် (၁၃၉၅)၊ အခန်း(၃)နေ ဒေါ်စန္ဒာငွေး (ဘ)ဦးသိန်းငွေး ၁၀/ခဆန(နိုင်)၀၉၉၁၉၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်ကျော်စံနှင့် ဒေါ်စန္ဒာငွေးတို့သည် ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြပြီး၊ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ပေါင်းသင်းနေထိုင်ခဲ့ကြစဉ် သားတစ်ဦး ထွန်းကားခဲ့ပါသည်။

ခင်ပွန်းဖြစ်သူ ဦးကျော်ကျော်စံသည် ဒေါ်စန္ဒာငွေးနှင့် ပေါင်းသင်းနေထိုင်စဉ်အတွင်း ခင်ပွန်းတစ်ဦး၏ တာဝန်ဝတ္တရားများအား ကျေပွန်ခဲ့ခြင်းမရှိသည့်အပြင် ဆွေမျိုးအသိုင်းအဝိုင်းကြားတွင် လည်းကောင်း၊ ပတ်ဝန်းကျင်တွင်လည်းကောင်း၊ ဇနီးဖြစ်သူနှင့် မိသားစု၏ အရှက်ဂုဏ်သိက္ခာကျဆင်းစေသည့် ပြုလုပ်မှုများအား အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသည်။ ဦးကျော်ကျော်စံ၏ ထိုသို့အကြိမ်ကြိမ် ပြုလုပ်ခဲ့မှုအပေါ်တွင် ဇနီးဖြစ်သူမှ သဘောထားပြည့်စွာဖြင့် အကြိမ်ကြိမ်သည်းခံ ခွင့်လွှတ်ပေးခဲ့သော်လည်း ဦးကျော်ကျော်စံမှ မိမိကိုယ်မိမိ ပြန်လည်၍ ပြင်ဆင်ပြုပြင် နေထိုင်ခြင်းမရှိဘဲ ဇနီးဖြစ်သူ ဒေါ်စန္ဒာငွေး စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်စေသည့် ပြုမူပြောဆိုပြီး အရှက်ဂုဏ်သိက္ခာကျဆင်းစေသည့် ပြုလုပ်မှုများ ထပ်မံပြုလုပ်ခဲ့သည့် အတွက် ၁၇-၇-၂၀၂၀ ရက်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခြင်းမရှိတော့ပါ။ ၁၇-၇-၂၀၂၀ ရက်မှစ၍ ယနေ့အချိန်အထိ ဦးကျော်ကျော်စံနှင့် ဒေါ်စန္ဒာငွေးတို့သည် အကြင်လင်မယားအဖြစ် နေထိုင်ပေါင်းသင်း ပတ်သက်တော့ခြင်း လုံးဝမရှိတော့ပါကြောင်းနှင့် ဦးကျော်ကျော်စံနှင့်ပတ်သက်သည့် ငွေကြေး၊ လူမှုရေးကိစ္စအဝဝသည်လည်း ဒေါ်စန္ဒာငွေးနှင့် လုံးဝသက်ဆိုင်ခြင်းမရှိပါကြောင်းနှင့် ထိုကဲ့သို့ ကိစ္စရပ်များဖြစ်လာပါကလည်း တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ဦးကျော်ကျော်စံနှင့် အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

| | |
|---|---|
| ဒေါ်စန္ဒာငွေး(ဘ)ဦးသိန်းငွေး | လွှဲအပ်ညွှန်ကြားချက်အရ- |
| ၁၀/ခဆန(နိုင်)၀၉၉၁၉၅ | ဒေါ်သူဇာအောင် (LL.B) |
| လွှဲအပ်ညွှန်ကြားသူ | တရားလွှတ်တော်ရှေ့နေ |
| | (စဉ်-၁၁၈၈၀) |
| | တတ-၈/၁၉၊ လမ်းသွယ် ၆၀ (F) |
| | ၁၂၄x၁၂၅ လမ်းကြား၊ (စ)ရပ်ကွက် |
| | ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ |
| | ဖုန်း-၀၉-၂၅၀၈၈၀၉၀၆၄ |

## အမည်ပြောင်း

မြစ်ကြီးနားမြို့၊ မြေမြင့်ရပ်ကွက်၊ နယ်မြေ(၁၂)၊ အမှတ်(၆၀၄)နေ (ဘ) ဦးမျိုးမင်းထွန်း ၉/ကပတ(နိုင်) ၁၉၆၄၄၅ ၏သမီး မနှင်းရတီမျိုးအား မထက်ရတီလှိုင်ဟု ပြောင်းလဲခေါ်ပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BGO/1627 Kenbo 125 M/C အမည်ပေါက် နော်အေးမြ ၇/ပခန(နိုင်)၁၇၅၉၉၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညနတိုင်းရုံး(ပဲခူး)

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက်အမှတ်၁၃၊ မြေကွက်အမှတ် ၃၆၈ မြေကွက်တည်နေရာ အမှတ်(၁၈)၊ ဇေယျမင်္ဂလာ(၁)လမ်း၊ (၁)ရပ်ကွက် လှိုင်မြို့နယ် ငယ်စာရင်း၊ အမည်ပေါက် ဒေါ်စိန်လှိုင် ၁၂/လမန (နိုင်)၀၉၆၇၄၆ ကိုယ်တိုင်မှ မြေပိုင်ဆိုင်မှုအရပ်ကတိစာချုပ် အထောက်အထား၊ အမှတ်(၁) ရပ်ကွက် ဂရန်ရရှိရေး အထောက်အကူပြုအဖွဲ့၊ (၁)ရပ်ကွက်အုပ်ချုပ်ရေးမှူး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကို တင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)

မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၇/သာဒီအရှေ့၊ ဦးပိုင်အမှတ် (၄၉ᵏ) ဧရိယာ ၀ဒသမ၀၅၅ ဧကရှိ ဒေါ်ညွန့်ကြည် အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား အမည်ပေါက်သူ ဒေါ်ညွန့်ကြည် ၉/ပမန (နိုင်)၀၂၆၂၄၂ မှ ဘိုးဘ အမည်ပြောင်း အမိန့်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စု လူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်သန်းသန်းမြင့် ၉/ပမန(နိုင်) ၁၂၆၅၁၈ နှင့် မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ဘဒ္ဒန္တနေမိန္ဒ (တန့်ဆည်) သက်တော်(၇၀)၊ သိက္ခာတော်(၅၀)

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်, ဗားကရာတိုက်၊ အောင်မြေကျောင်းပဓာနနာယက မဟာစည်နယ်လှည့်ဓမ္မကထိကအဖွဲ့ အကျိုးတော်ဆောင်ချုပ် ဆရာတော် ဘဒ္ဒန္တသုစိတ္တသာရ၏ ညီအရင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ ဗားကရာတိုက်၊ အောင်မြေကျောင်း၏ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တနေမိန္ဒသည် ၁၃၈၃ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် (၁၂)ရက်၊ ၈-၅-၂၀၂၁ ရက် (စနေနေ့) ညနေ ၃:၀၅ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၈၃ခုနှစ်၊ ကဆုန်လဆန်း (၂)ရက်၊ ၁၂-၅-၂၀၂၁ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ အန္တိမအဂ္ဂိစျာပန ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(ကျောင်းတိုက်မှ ကားများ မွန်းလွဲ ၁၂:၃၀နာရီတွင်ထွက်ခွာပါမည်။)

ဆရာတော်နှင့်ဒါယကာ-ဒါယိကာမများ

## ဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်ချုပ် သီရိပျံချီ ကြည်အောင် (ငြိမ်း)

## ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး(ငြိမ်း)

## အသက်(၈၁)နှစ်

ရန်ကုန်မြို့နေ ဒေါ်ခင်ခင်လေး(မခင်ခင်)၏ ချစ်လှစွာသော ခင်ပွန်း ဗိုလ်မှူးကြီးခိုင်ဦး၏ဖခင် ဗိုလ်ချုပ်ကြည်အောင် (ငြိမ်း) သည် ၉-၅-၂၀၂၁ရက် (တနင်္ဂနွေနေ့) ညနေ (၄)နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သံအမတ်ကြီး ဦးအောင်ကျော်မိုး

ဒက္ကာမြို့၊ ဘင်္ဂလားဒေ့ချ်နိုင်ငံ

## အလွှာအရှင်မြတ် အမိန့်တော်ခံယူခြင်း

## ဦးမြဝင်းမောင်(ခ)ဦးညီပု(ခ)မိုဟာမုဒ်ရဟိမ်း

## တစည်ပါတီရုံး

## အသက်(၇၃)နှစ်

ရေနံချောင်းမြို့၊ ရွှေဘုံသာရပ်နေ (ဦးတင်ဦး)(အရေးပိုင်မင်း)-(ဒေါ်ခင်အုံးမြင့်)တို့၏သားထွေး၊ (ဒေါ်ခင်လှမြင့်)၊ (ဦးစိန်ညွန့်)-ဒေါ်တင်ဆွေဆွေကြူ၊ (ဦးခင်မောင်ချို)-ဒေါ်ဝင်းဝင်းဦး၊ (ဦးစိန်ဝင်းမောင်)-ဒေါ်ခင်ညိုညို၊ ဦးခင်မောင်ဇော်-ဒေါ်သောင်းသောင်းကြည်၊ (ဦးခင်မောင်ဌေး)-ဒေါ်တင်ရွှေတို့၏ ညီမောင်၊ တူ၊ တူမ (၂၀)ယောက်တို့၏ ဦးလေး၊ မြေး(၁၆)ယောက်တို့၏ အဘိုး ဦးမြဝင်းမောင်သည် ၉-၅-၂၀၂၁ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁:၅၃နာရီတွင် အလ္လာအရှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ၁၀-၅-၂၀၂၁ရက်(တနင်္လာနေ့) တွင် ရေနံချောင်း အိုးဘိုကဗရ်သုသာန်၌ ဒါဖနာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူ မိသားစု

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက် သုမိတ္တာ(၁၀)လမ်း၊ တိုက်အမှတ် (B)၊ မြေညီထပ်၊ အမှတ်(၃၉၆)တိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးမောင်လှ (၁၂/လမတ(ဧည့်)၀၀၀၅၈၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခရေမွှန်ဖူး (၁၂/ဥကမ(နိုင်)၂၃၀၀၅၉) သည် အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးအောင်မျိုးထွန်း(LL.B)

အထက်တန်းရှေ့နေ (စဉ်-၃၆၄၈၄)

အမှတ်(၇၃၆) တိုက်(B)၊ ပထမထပ်၊ သုမိတ္တာလမ်း(၂၀)၊

(၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## အများသိစေရန် အသိပေးကြေညာခြင်း

ဒေါ်မျိုးကေခိုင် ၁၂/မဂတ(နိုင်)၀၈၄၅၆၀နှင့် ဦးဇင်လင်းလှိုင် ၁၂/မဂတ(နိုင်)၀၉၂၆၄၈ တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် တရားရုံး၌ ၁၄-၁-၂၀၂၁ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်မျိုးကေခိုင် ၁၂/မဂတ(နိုင်)၀၈၄၅၆၀

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ် (၇၁၃/က)၊ မြေကွက်တည်နေရာ အမှတ် (၇၁၃/က)၊ မာဃ(၄)လမ်း၊ (၁၂)ရပ်ကွက် တောင်ဥက္ကလာပ ဒေါ်တင်တင်ရွှေ ၁၂/ဥကတ(နိုင်)၀၂၉၆၇၅၊ ဦးဌွေးဝေ ၁၂/ဥကတ (နိုင်)၀၂၇၀၆၈ အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား ပူးတွဲအမည်ပေါက် ဦးဌွေးဝေ ၁၂/ဥကတ(နိုင်)၀၂၇၀၆၈ (ခင်ပွန်း)ဖြစ်သူသည် ၁၃-၈-၂၀၂၀ရက်တွင် ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်တင်တင်ရွှေ ၁၂/ဥကတ(နိုင်)၀၂၉၆၇၅မှ အမွေဆက်ခံခွင့်ရှိကြောင်း ဒဂုံမြို့နယ်တရားရုံး ကျမ်းကျိန်လွှာအမှတ် ၈/၃၄၄၉/၂၀၂၀ (၁၉-၈-၂၀၂၀) သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး

မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဗိုလ်ချုပ် သီရိပျံချီ ကြည်အောင်(ငြိမ်း)
### ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ကျွန်းရွှေမြိုင်လမ်း၊ အိမ်အမှတ်(၃၃၅)နေ ဒေါ်ခင်ခင်လေး(မန်းခင်ခင်)၏ ချစ်လှစွာသော ခင်ပွန်း ဗိုလ်ချုပ် သီရိပျံချီ ကြည်အောင်(ငြိမ်း)သည် ၈-၅-၂၀၂၂ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ**

## ဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်ချုပ် သီရိပျံချီ ကြည်အောင်(ငြိမ်း)
### ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)
### အသက်(၈၁)နှစ်

ရန်ကုန်မြို့နေ ဒေါ်ခင်ခင်လေး(မန်းခင်ခင်)၏ ချစ်လှစွာသော ခင်ပွန်း ဗိုလ်ချုပ်ကြည်အောင်(ငြိမ်း)သည် ၈-၅-၂၀၂၂ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သူရဦးမြင့်မောင် (ပြည်ထောင်စုဝန်ကြီး-ငြိမ်း)နှင့် ဇနီး ဒေါ်အေးအေးထွန်း**

## ဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်ချုပ် သီရိပျံချီ ကြည်အောင်(ငြိမ်း)
### ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ကျွန်းရွှေမြိုင်လမ်း၊ အမှတ် ၃၃၅နေ ဒေါ်ခင်ခင်လေး(မန်းခင်ခင်)၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်ချုပ်ကြည်အောင်(ငြိမ်း)သည် ၈-၅-၂၀၂၂ရက်(တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မြဝင်း(ငြိမ်း)-ဇနီး ဒေါ်သန်းဝင်း**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဦးအောင်ဒင် (နွားထိုးကြီး)
### အသက်(၈၁)နှစ်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ 3-၁/(၄၁+၄၂)နေ ဒေါက်တာကျော်စိုးဝင်း- ဒေါ်အေးအေးမြင့်၊ ဦးသက်နိုင်ထွန်း-ဒေါက်တာ စန်းစန်းအေး၊ ဦးသိန်းနိုင်-ဒေါ်ခင်သီတာမြတို့၏ ဖခင်၊ ကိုညီညီဖြိုး၊ မငြိမ်းအေးစိုး၊ မအိမ့်ဝတီထွန်း၊ မယွန်းဝတီထွန်း၊ မသိမ့်ဝတီထွန်း၊ မနှင်းအိရွှေရည်၊ မောင်ကြည်စိုးဟန် တို့၏အဘိုး၊ (ဒေါ်လှတုတ်)၏ချစ်လှစွာသောခင်ပွန်းသည် ၈-၅-၂၀၂၂ရက် (တနင်္ဂနွေနေ့) ညနေ ၅:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၅-၂၀၂၂ ရက်(တနင်္လာနေ့) ညနေ ၃နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးမြတ်ကျော်
### တရားရုံးချုပ်ရှေ့နေ
### သတ္တုတွင်းဝန်ကြီးဌာန(ငြိမ်း)
### အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ်(၂၂၃၊ ပထမထပ်)နေ (ဦးကျော်ရှိန်-ဒေါ်ခင်မြ)တို့၏သား၊ (ဦးထွန်းထွန်းဦး)-ဒေါ်စုနှင်းထွေး၊ ဦးဇော်ဇော်ဦး-ဒေါ်နန်းရောသိန်း၊ (ဦးသူရမောင်)တို့၏ဖခင် သည် ၁၀-၅-၂၀၂၂ရက် နံနက် ၃:၁၅နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၂၂ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## လွမ်းဆွတ်သတိရခြင်း
### ဒေါက်တာ ခင်ရီရီဝေ
M.B,B.S, M.Med.Sc (Paed)
MRCPCH(UK)
Fellowship In Paediatric Cardiology (South Korea)
ကလေးအထူးကုဆရာဝန်(ကလေးနှလုံး)
### အသက်(၄၄)နှစ်

ကွယ်လွန်သွားသည်မှာ ၁၁-၅-၂၀၂၂ရက်တွင် တစ်နှစ်ပြည့်ပြီဖြစ်၍ တစ်သက်တာ ခရီးဆီသို့ လွမ်းနေရင်း ကုသိုလ်ကောင်းမှုအကြောင်းပြု၍ ချစ်သမီးကောင်းရာဘုံဘဝသို့ ရောက်ပါစေ၊ ဖြစ်ခြင်းအမွေ မွေးသန္ဓေတွင် ပျက်ကြွေမျိုးစေ့ပါမြဲတည်း။

**အဖေ**

## ဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်ချုပ် သီရိပျံချီ ကြည်အောင်(ငြိမ်း)
### ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)
### အသက်(၈၁)နှစ်

ရန်ကုန်မြို့နေ ဒေါ်ခင်ခင်လေး(မန်းခင်ခင်)၏ချစ်လှစွာသောခင်ပွန်း ဗိုလ်ချုပ်ကြည်အောင်(ငြိမ်း)သည် ၈-၅-၂၀၂၂ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့်ဇနီး**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်ချုပ် သီရိပျံချီ ကြည်အောင်(ငြိမ်း)
### ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)
### အသက်(၈၁)နှစ်

ရန်ကုန်မြို့နေ ဒေါ်ခင်ခင်လေး(မန်းခင်ခင်)၏ချစ်လှစွာသောခင်ပွန်း ဗိုလ်ချုပ်ကြည်အောင်(ငြိမ်း)သည် ၈-၅-၂၀၂၂ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီး ဦးထွန်းအုံနှင့်ဇနီး**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်ချုပ် သီရိပျံချီ ကြည်အောင်(ငြိမ်း)
### ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)
### အသက်(၈၁)နှစ်

ရန်ကုန်မြို့နေ ဒေါ်ခင်ခင်လေး(မန်းခင်ခင်)၏ချစ်လှစွာသောခင်ပွန်း ဗိုလ်ချုပ်ကြည်အောင်(ငြိမ်း)သည် ၈-၅-၂၀၂၂ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**အနုပညာဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်ချုပ် သီရိပျံချီ ကြည်အောင်(ငြိမ်း)
### ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)
### အသက်(၈၁)နှစ်

ရန်ကုန်မြို့နေ ဒေါ်ခင်ခင်လေး(မန်းခင်ခင်)၏ချစ်လှစွာသောခင်ပွန်း ဗိုလ်ချုပ်ကြည်အောင်(ငြိမ်း)သည် ၈-၅-၂၀၂၂ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်ချုပ် သီရိပျံချီ ကြည်အောင်(ငြိမ်း)
### ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)
### အသက်(၈၁)နှစ်

ရန်ကုန်မြို့နေ ဒေါ်ခင်ခင်လေး(မန်းခင်ခင်)၏ချစ်လှစွာသောခင်ပွန်း ဗိုလ်ချုပ်ကြည်အောင်(ငြိမ်း)သည် ၈-၅-၂၀၂၂ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့်ဝန်ထမ်းများ**
**အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)**

## ဘုရား၊ ရဟန်း၊ ဓမ္မာရုံ ဒါယိကာမကြီး
### ဒေါ်မြသက်မော်(ခ)မိုးနတ်သူဇာ သီတာဝင်း
### အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မိကျောင်းကန် အပိုင်း(၂)၊ မေတ္တာလမ်း၊ အမှတ်(၃/၄)နှင့် လှိုင်သာယာမြို့နယ်၊ FMI City ၊ အေးသာယာလမ်း၊ အမှတ်(G-13)နေ(ဦးခင်မောင်-ဒေါ်သန်းစိန်)တို့၏မြေး၊ (ဦးမြသွင်-ဒေါ်စောစော)တို့၏သမီး၊ (Capt:ဦးကွန်းဇော်)-ဒေါ်သန်းသစ်(ခ)Su Sanတို့၏ညီမ၊ ဦးနိုင်နိုင်ဦး-ဒေါ်သန်းသန်းအိတို့၏ အစ်မ၊ ကိုဇော်မျိုးလွင်-မဝါဝါမျိုးဇော်၊ ကိုစိုးရာဇာလင်း- မဆုမွန်မျိုးဇော်၊ မစန္ဒာမျိုးဇော်၊ မဖြိုးအိနိုင်၊ မဆုအိနိုင်တို့၏ ကြီးတော် မောင်မင်းမြတ်သစ်ဇော်၊ မဟေသာသစ်ဇော်၊ မယွန်းမေလင်းဇော်၊ မသွန်းနေလင်းဇော်တို့၏ ဘွားလေးသည် ၈-၅-၂၀၂၂ရက် ည ၁၁:၃၀နာရီတွင် ပန်းလှိုင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၅-၂၀၂၂ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့နယ်၊ မြေကွက်အမှတ်(ပ-၂၂၀၇၄)နှင့် ပတ်သက်၍ ကျွန်တော် ဦးအေးချိုတူး ၁၂/ရကန(နိုင်)၀၂၅၆၈၈ မှ ဒေါ်စုစုမွန်သို့ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၁၄-၁၁-၂၀၁၉ ရက်စွဲဖြင့် လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာ မှတ်ပုံတင် အမှတ် (၃၅၃၃/၂၀၁၉)ကို(၁၁-၅-၂၀၂၁) ရက်မှစ၍ အပြီးအပိုင် ရုပ်သိမ်းပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးအေးချိုတူး**
**၁၂/ရကန(နိုင်)၀၂၅၆၈၈**
**ဖုန်း-၀၉- ၄၀၀၈၁၅၉၀၀**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
### ဗိုလ်ချုပ် သီရိပျံချီ ကြည်အောင်(ငြိမ်း)
### ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)
### အသက်(၈၁)နှစ်

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၊ အဖွဲ့ဝင် ဒေါက်တာ ထွန်းထွန်းဦး-ဒေါ်နီနီဝင်းတို့၏ဖခင် ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး ဗိုလ်ချုပ် သီရိပျံချီ ကြည်အောင်(ငြိမ်း)၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း) အသက် (၈၁)နှစ်သည် ၈-၅-၂၀၂၂ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင်-၅၀၀)၌ (၉၆)ပါးသော ရောဂါဝေဒနာဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ၊**
**အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးဝန်ထမ်းများ**

## ဒေါ်ကြူငွေး(ခ)အားငွေး
### ထားဝယ်မြို့
### အသက်(၈၇)နှစ်

ထားဝယ်မြို့၊ ဒေါင်းငူရပ်၊ မင်္ဂလာလမ်း၊ အမှတ်(၂၈)နေ (ဦးအရောင်-ဒေါ်ကင်းချွန်း)တို့၏သမီး၊ မော်လမြိုင်မြို့နေ (ဦးလှိုင်ဝမ်-ဒေါ်ကျင်မြိုင်)တို့၏သမီးချွေးမ၊ ဦးခင်မောင်တင်၏ချစ်လှစွာသောဇနီး၊ ဒေါ်စိန်စိန်တင်၊ ဦးဇော်လင်း-ဒေါ်ရီရီတင်(ဆန်းသစ် မုန့်တိုက်)၊ ဦးရဲမြင့်-ဒေါ်သွယ်သွယ်အောင်၊ ဦးမျိုးမြင့်-ဒေါ်ဝင်းဝင်းသန့်၊ ဦးကျော်မြင့်ဦး-(ဒေါ်ထွေးထွေးတင်)(Rengenzy Materials Trading Co.,Ltd)တို့၏ ချစ်လှစွာသောမိခင်၊ ဒေါက်တာထားအဥ္စလီ၊ မောင်အောင်ကောင်းမြတ်၊ မောင်လင်းထက်အောင်၊ မဖြိုးသီဂီကြွယ်၊ မောင်အောင်ခန့်မော်၊ မောင်ဇော်ရဲထက်တို့၏အဘွားသည် ၇-၅-၂၀၂၂ရက် (စနေနေ့) ညနေ ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထားဝယ်မြို့၊ ကူးတို့တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်ချုပ် သီရိပျံချီ ကြည်အောင်(ငြိမ်း)
### ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)
### အသက်(၈၁)နှစ်

ရန်ကုန်မြို့နေ ဒေါ်ခင်ခင်လေး(မန်းခင်ခင်)၏ချစ်လှစွာသောခင်ပွန်း ဗိုလ်ချုပ်ကြည်အောင်(ငြိမ်း)သည် ၈-၅-၂၀၂၂ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်ချုပ် သီရိပျံချီ ကြည်အောင်(ငြိမ်း)
### ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)
### အသက်(၈၁)နှစ်

ရန်ကုန်မြို့နေ ဒေါ်ခင်ခင်လေး(မန်းခင်ခင်)၏ချစ်လှစွာသောခင်ပွန်း ဗိုလ်ချုပ်ကြည်အောင်(ငြိမ်း)သည် ၈-၅-၂၀၂၂ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါ သည်။

**ခေတ္တပါမောက္ခချုပ်နှင့်ဝန်ထမ်းများ**
**အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်ချုပ် သီရိပျံချီ ကြည်အောင်(ငြိမ်း)
### ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)
### အသက်(၈၁)နှစ်

ရန်ကုန်မြို့နေ ဒေါ်ခင်ခင်လေး(မန်းခင်ခင်)၏ချစ်လှစွာသော ခင်ပွန်း ဗိုလ်ချုပ်သီရိပျံချီ ကြည်အောင်(ငြိမ်း)သည် ၈-၅-၂၀၂၂ရက် (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါ သည်။

**ဦးဇော်သန်းသင်း-ဒေါ်ခင်မြတ်မြတ်ထွန်း**

## ကုမ္ပဏီ အမည်ပြောင်းလဲကြောင်း ကြေညာခြင်း

ကျွန်ုပ်တို့ Good Brothers MicroFinancing ကုမ္ပဏီလီမိတက်(ကောင်းသောညီအစ်ကိုများ အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကုမ္ပဏီလီမိတက်)သည် ကုမ္ပဏီမှတ်ပုံတင်အမှတ်(၁၀၁၁၈၄၀၀၅)ဖြင့် လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ယခုအခါ Good Brothers' Microfinance ကုမ္ပဏီလီမိတက်(ဂွတ်ဒ်)ဘရားသား(စ်)အသေးစား ငွေရေးကြေးရေး ကုမ္ပဏီလီမိတက်) မှတ်ပုံတင်အမှတ်(၁၀၁၁၈၄၀၀၅)သို့အမည်ပြောင်းလဲအသုံးပြုသွားမည်ဖြစ်ပါကြောင်း အများပြည်သူများ သိရှိနိုင်ရန် လေးစားစွာ အသိပေးကြေငြာအပ်ပါသည်။

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8C/6074 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံ ပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 22W/98964 Luojia ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်အောင် ၉/မထလ(နိုင်)၀၆၅၉၀၇က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4J/3022 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

**ဇီဝမျိုးစုံ**

**မျိုးကွဲတွေ**

**ကြွယ်စေဖို့**

**သဘာဝ**

**တောတွေ**

**ထိန်းသိမ်းစို့**

# COVID- 19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၉ ဦး တွေ့ရှိ

## ယနေ့အထိ စုစုပေါင်း ၁၃၂၀၄၅ ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်

### (၁၀-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၉-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၀-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၅၇၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၉) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၉၁,၉၀၅) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၉၆၃) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂၂) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၂,၀၄၅) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# အလွတ်တန်းပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**သရက်ချောင်း မေ ၁၀**

၂၀၂၁ ခုနှစ်၊ မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ ကျင်းပပြုလုပ်သော သရက်ချောင်းမြို့နယ် အားကစားနှင့်ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား အလွတ်တန်းပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို မေ ၁၀ ရက် ညနေ ၄ နာရီက မြို့နယ်မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဗိုလ်လုပွဲကို ပြိုင်ပွဲဝင်အသင်းများမှ ယှဉ်ပြိုင်ကစားကြပြီး ဆုရရှိသော အသင်းများထဲမှ အကောင်းဆုံး အားကစားသမားဆုကို ရရှိသူ ဦးဝေလင်းထွန်း (ရင်ဲ) အသင်းအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးစန်းမောင် ကလည်းကောင်း၊ တတိယဆုရရှိသော ကညင်ချောင်းကျေးရွာအသင်းအား တစ်ဦးချင်း ဆုနှင့် ငွေသားဆုကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးမောင်မောင်လွင် ကလည်းကောင်း၊ ဒုတိယဆုရရှိသော မြို့မရပ်ကွက်အသင်းအား တစ်ဦးချင်းဆုနှင့် ငွေသားဆုကို

*စာမျက်နှာ ၂၄ ကော်လံ ၁* ✳



သရက်ချောင်းမြို့နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား အလွတ်တန်းပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်ကြစဉ်။

# ပရီမီယာလိဂ်ပွဲစဉ် (၃၆) အဖြစ် မန်ယူနှင့် လက်စတာအသင်းတို့ ယှဉ်ပြိုင်ကစားမည်

ပရီမီယာလိဂ်ပွဲစဉ် (၃၆) အဖြစ် မန်ယူအသင်းနှင့် လက်စတာအသင်းတို့ပွဲစဉ်ကို မေ ၁၁ ရက် **(ယနေ့)** ည ၁၁ နာရီခွဲတွင် မန်ယူ အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မန်ယူအသင်းသည် မေ ၉ ရက်က ပွဲစဉ် (၃၅) အဖြစ် အက်စ်တွန်ဗီလာ အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိထားသည်။ ပြိုင်ဘက် လက်စတာအသင်းက (၃၅) တွင် နယူးကာဆယ် အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး လေးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ထားသည်။



လက်ရှိအမှတ်ပေးဇယားတွင် မန်ယူအသင်းက ၃၄ ပွဲကစားပြီး ရမှတ် ၇၀ ဖြင့် အဆင့် (၂) နေရာတွင် ရပ်တည်နေသည်။ လက်စတာအသင်းက ၃၅ ပွဲကစားပြီး ၆၃ မှတ်ဖြင့် အဆင့် (၄) နေရာတွင် ရပ်တည်နေသည့် အသင်းဖြစ်သည်။ ထို့အပြင် လက်စတာအသင်းသည် အဆင့် (၅) နေရာမှ ဝက်စ်ဟမ်းအသင်းနှင့် ရမှတ်ကွာဟမှု ကျဉ်းမြောင်းနေသောကြောင့် လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန် ရမှတ်လိုအပ်ချက် ရှိနေသည့် အတွက် ယနေ့ပွဲစဉ်သည် အကြိတ်အနယ်ရှိသည့် ပွဲကောင်းတစ်ပွဲဖြစ်လာမည်ဖြစ်သည်။

မန်ယူအသင်းသည် ယခုပွဲစဉ်ပြီးလျှင် မေ ၁၄ ရက်တွင်

*စာမျက်နှာ ၂၄ ကော်လံ ၁* ◆

## မြို့နယ်အချို့၌ အုပ်ချုပ်ရေးယန္တရား ထိခိုက်ပျက်ပြားစေရန် ရည်ရွယ်ကာ အကြမ်းဖက်အုပ်စုများက အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအား ရည်ရွယ်ချက်ရှိရှိ လုပ်ကြံသတ်ဖြတ်

စာ » ၂၅

## မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား ဆက်လက်ဖော်ထုတ်သိမ်းဆည်းရမိ

စာ » ၂၆